မြတ်ဗုဒ္ဓ၏အဆုံးအမတရား

သဒ္ဓါတရားလည်းရှိ၊ သီလနှင့်လည်းပြည့်စုံ၊ အခြံအရံလည်းများ၊ စည်းစိမ်ဥစ္စာလည်းရှိသော သူသည် သွားလေရာရာအရပ်ရပ်၌ အပူဇော်ခံရ၏။

ဓမ္မပဒ

# မြဝတီ နေ့စဉ်

အချိန်မီဖြန့်ချိ သတင်းစုံသည် မြဝတီ

ဒို့တာဝန်အရေးသုံးပါး

- ♦ ပြည်ထောင်စုမပြိုကွဲရေး။
- ♦ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ♦ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၅)၊ အမှတ်(၁၂၆)

၁၃၈၇ ခုနှစ်၊ ဝါခေါင်လကွယ်နေ့
၂၀၂၅ ခုနှစ်၊ ဩဂုတ် ၂၂ ရက်၊ သောကြာနေ့


## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကိုအလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့်အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

## ပြည်ပရောက်မဲဆန္ဒရှင်များမှ ပုံစံ (၁၅) များကို သက်ဆိုင်ရာသံရုံးများတွင် စတင်ထုတ်ယူနိုင်မည့်နေ့ရက်၊ အချက်အလက်ဖြည့်သွင်းပြီးသည့် ပုံစံ (၁၅) များကို သက်ဆိုင်ရာသံရုံးများသို့ ပေးပို့နိုင်မည့်နေ့ရက်များထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ် ( ၆၂ / ၂၀၂၅ )**
၁၃၈၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၃ ရက်
(၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၁ ရက်)

**ပြည်ပရောက်မဲဆန္ဒရှင်များမှ ပုံစံ (၁၅) များကို သက်ဆိုင်ရာသံရုံးများတွင် စတင်ထုတ်ယူနိုင်မည့် နေ့ရက်၊ အချက်အလက်ဖြည့်သွင်းပြီးသည့် ပုံစံ (၁၅) များကို သက်ဆိုင်ရာသံရုံးများသို့ ပေးပို့နိုင်မည့်နေ့ရက်များထုတ်ပြန်ခြင်း**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် အထွေထွေရွေးကောက်ပွဲ အပိုင်း ( ၁ ) ကို ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက် (တနင်္ဂနွေနေ့) တွင် ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း ကြေညာချက်ထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။ သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲ နည်းဥပဒေ ၈၂ (က) အရ အောက်ပါနေ့ရက်များကို ထုတ်ပြန်ကြေညာအပ်ပါသည် -

**စာမျက်နှာ ၃ ကော်လံ ၁** ■

## ရွေးကောက်ပွဲဆိုင်ရာ ပါတီစည်းရုံးရေးလုပ်ငန်းများ၊ နယ်မြေစည်းရုံးရေးလုပ်ငန်းများ၊ စုဝေးဟောပြောခြင်းနှင့် မဲဆွယ်စည်းရုံးခွင့်များနှင့်စပ်လျဉ်း၍ ဆောင်ရွက်ခွင့်ရှိကြောင်း အသိပေးချက်ထုတ်ပြန်ကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ် ( ၆၃ / ၂၀၂၅ )**
၁၃၈၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၃ ရက်
(၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၁ ရက်)

**ရွေးကောက်ပွဲဆိုင်ရာ ပါတီစည်းရုံးရေးလုပ်ငန်းများ၊ နယ်မြေစည်းရုံးရေးလုပ်ငန်းများ၊ စုဝေးဟောပြောခြင်းနှင့်မဲဆွယ်စည်းရုံးခွင့်များနှင့်စပ်လျဉ်း၍ ဆောင်ရွက်ခွင့်ရှိကြောင်း အသိပေးချက်ထုတ်ပြန်ကြေညာခြင်း**

၁။ ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၆ ပုဒ်မခွဲ (က) ပါ ပြည်ထောင်စုအစိုးရအဖွဲ့ဝင်တစ်ဦးဦးသည် တည်ဆဲပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၇ ပုဒ်မခွဲ (ခ) အရလည်းကောင်း၊ ပုဒ်မ ၁၇ ပုဒ်မခွဲ (ဂ) ပါ ဒုတိယဝန်ကြီးတစ်ဦးဦးသည် တည်ဆဲပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၇ ပုဒ်မခွဲ (ဃ) အရလည်းကောင်း၊ အပိုင်းလိုက်ကျင်းပမည့်

**စာမျက်နှာ ၃ ကော်လံ ၃** ➢

**နောင်ချိုမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၌ ကျောင်းသား၊ ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြား၊ ပြည်သူ့ဆေးရုံကြီး၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်** စာ - ၁၇ သို့



နောင်ချိုမြို့နယ်ရှိအခြေခံပညာကျောင်း၌ ကျောင်းသား၊ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာပညာသင်ကြားနေမှုကိုတွေ့ရစဉ်။

**တစ်မျိုးသားလုံး၏ သမိုင်းလိုအပ်ချက်ကွက်လပ်ကို ဖြည့်ဆည်းပေးမည့်မြန်မာ့သမိုင်းစဉ်** ဆောင်းပါး စာ - ၁၁ သို့

**နိုင်ငံတကာမှ ကူညီထောက်ပံ့သည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများနှင့်ဆေးဝါးများအား ငလျင်ဘေးဒဏ်သင့်ပြည်သူများထံ အချိန်နှင့်တစ်ပြေးညီ ဖြန့်ဝေပေးလျက်ရှိ** စာ - ၆ သို့




# အယ်ဒီတာ့အာဘော်

(၂၀၂၅ ခုနှစ်၊ ဩဂုတ် ၂၂ ရက်)

## စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီ

တပ်မတော်သည်မြန်မာနိုင်ငံလွတ်လပ်ရေးကြိုးပမ်းမှုနှင့်အတူပေါ်ထွန်းလာသည့်မျိုးချစ်တပ်မတော် ဖြစ်သည်။ နယ်ချဲ့တော်လှန်ရေးနှင့်ဖက်ဆစ်တော်လှန်ရေးတို့တွင်တပ်မတော်သည်ပြည်သူများနှင့်လက်တွဲ၍ ပါဝင်ဆင်နွှဲခဲ့ပြီး မြန်မာ့လွတ်လပ်ရေးရရှိအောင်ကြိုးပမ်းဆောင်ရွက်ခဲ့သည်။ မြန်မာနိုင်ငံလွတ်လပ်ရေး ရရှိချိန်မှစတင်၍ ၁၉၆၂ ခုနှစ်အထိ ပါလီမန်ဒီမိုကရေစီစနစ်ကျင့်သုံးခဲ့သည်။ ထို့နောက် ၁၉၇၄ ခုနှစ်မှ ၁၉၈၈ ခုနှစ်အထိ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ကိုကျင့်သုံးခဲ့သည်။ ၁၉၈၈ ခုနှစ်တွင် နိုင်ငံတော်အချုပ်အခြာ အာဏာဆုံးရှုံးမည့်အခြေအနေသို့ရောက်ရှိလာသည့်အတွက် တပ်မတော်က နိုင်ငံတော်ကိုဦးဆောင်ခဲ့ရသည်။

တပ်မတော်သည်ပြည်သူများလိုလားသည့်ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင်လျှောက်လှမ်းနိုင်ရေး ကြိုးပမ်းဆောင်ရွက်ခဲ့သည်။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)ကိုရေးဆွဲ၍ ပြည်သူ့ဆန္ဒ ခံယူအတည်ပြုခဲ့ပြီး ၂၀၁၀ ပြည့်နှစ်တွင် ပါတီစုံဒီမိုကရေစီလမ်းကြောင်းကိုစတင်လျှောက်လှမ်းစေခဲ့ သည်။ တပ်မတော်အနေဖြင့် နိုင်ငံတော်ကိုပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်၌ ခိုင်ခိုင်မာမာလျှောက်လှမ်း နိုင်ရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိသည်။

ဒီမိုကရေစီပထမအစိုးရသက်တမ်းတွင် ဒီမိုကရေစီလမ်းကြောင်းပေါ်၌ ခိုင်ခိုင်မာမာလျှောက်လှမ်းနိုင်ရေး ကြိုးပမ်းဆောင်ရွက်ခဲ့သည်။ ဒီမိုကရေစီဒုတိယအစိုးရသက်တမ်းကာလတွင် ဒီမိုကရေစီအမည်ခံလစ်ဘရယ် ဝါဒဖြင့် ပြည်ပမှဝင်ရောက်စွက်ဖက်မှုများရှိခဲ့သည်။ နိုင်ငံခြားသားအကြံပေးများကိုခန့်ထားကာ နိုင်ငံတော် တာဝန်ကိုဆောင်ရွက်ခဲ့သည်။ ထို့ပြင် တပ်မတော်ကိုမုန်းတီးစေသည့် ရေးသားပြောဆိုမှုများ၊ လှုံ့ဆော်မှု များကို တိုက်ရိုက်ဖြစ်စေ သွယ်ဝိုက်၍ဖြစ်စေလုပ်ဆောင်ခဲ့သည်။ အလားတူစီးပွားရေး၊ အုပ်ချုပ်ရေးနှင့် အခြားကဏ္ဍအသီးသီးတွင် လုပ်ငန်းတာဝန်ဆောင်ရွက်မှုများအောင်မြင်အောင် ဆောင်ရွက်နိုင်ခြင်းမရှိ ခြင်းကြောင့် နိုင်ငံတော်မှာ အဘက်ဘက်ကဆုတ်ယုတ်ခဲ့သည်။ အဓိကအားဖြင့် တပ်မတော်၏နိုင်ငံရေး၌ အချက်အချာကျမှုကိုပယ်ဖျက်ရန်အတွက် အတိတ်ဖြစ်ရပ်များပေါ်တွင်အခြေခံသည့် အမုန်းတရားဖြင့် လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။

ဒီမိုကရေစီဒုတိယအစိုးရအနေဖြင့်၎င်းတို့၏အာဏာဆက်လက်တည်တံ့စေရေး ၂၀၂၀ ပြည့်နှစ်ပါတီစုံ ဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် မဲမသမာမှုများဖြစ်အောင်ပြုလုပ်ခဲ့သည်။ အဆိုပါမဲမသမာမှုများအား ဖြေရှင်းပေးရန်အတွက် တပ်မတော်မှအကြိမ်ကြိမ်တောင်းဆိုခဲ့သော်လည်း၎င်းတို့အနေဖြင့်ဖြေရှင်းဆောင် ရွက်ပေးမှုမရှိဘဲ နိုင်ငံတော်၏အာဏာကို အဓမ္မရယူရန်ကြိုးပမ်းခဲ့သည်။ ထို့ကြောင့် တပ်မတော်အနေဖြင့် နိုင်ငံတော်တာဝန်များကို ဝင်ရောက်ထမ်းဆောင်ခဲ့ရခြင်းဖြစ်သည်။

တပ်မတော်သည်နိုင်ငံတော်၏လွတ်လပ်ရေးနှင့်အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးကိုအမြဲတမ်း ကာကွယ်စောင့်ရှောက်နေသည့်အဖွဲ့အစည်းဖြစ်သည်။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)က ပေးအပ်ထားသောအမျိုးသားနိုင်ငံရေးအခန်းကဏ္ဍ၌ပါဝင်ဆောင်ရွက်ခြင်းနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်ခြင်းတို့ကိုဆောင်ရွက်လျက်ရှိသည်။ တပ်မတော်သားများအားလုံးသည် ပြည်သူများကြားမှ ပေါက်ဖွားလာကြသူများဖြစ်ပြီး တပ်မတော်သည်နိုင်ငံတော်၏အစိတ်အပိုင်းတစ်ခုဖြစ်သည်။ ထို့ကြောင့် ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်များလုံခြုံစေရေးအတွက် ကာကွယ်ရေးလုပ်ငန်းများကိုဆောင်ရွက် လျက်ရှိသည်။

နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ဩဂုတ်လ ၁၈ ရက်မွန်းလွဲပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် မကွေးတပ်နယ်ရှိအရာရှိ စစ်သည်မိသားစုများအားတွေ့ဆုံအမှာစကားပြောကြားစဉ် **“ဒီဇင်ဘာလအတွင်း ကျင်းပပြုလုပ်မည့်ရွေးကောက်ပွဲကျင်းပချိန်၌ ကိုယ်စားလှယ်လောင်းများရွေးချယ်ချိန်တွင် နိုင်ငံတော်၏ အကျိုးကို စေတနာထား၍ဆောင်ရွက်နိုင်သည့် အရည်အချင်းရှိသည့်သူများဖြစ်ရန်လိုကြောင်း၊ ရွေးကောက်ပွဲ၌ ဆန္ဒမဲများအားမပျက်မကွက်ပေး၍နိုင်ငံသားကောင်းများဖြစ်အောင်ဆောင်ရွက်သွားကြစေလိုကြောင်း၊ နိုင်ငံ တကာမှစောင့်ကြည့်လေ့လာသူများအနေဖြင့်လည်း မိမိတို့နိုင်ငံ၌ ရွေးကောက်ပွဲကျင်းပချိန်၌လာရောက် လေ့လာဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ နောင်တက်လာမည့်အစိုးရသည်နိုင်ငံတော်၏အကျိုးကို အမှန်တကယ် ထမ်းဆောင်နိုင်သည့်အစိုးရဖြစ်အောင် မိမိတို့အနေဖြင့်ကြိုးတင်၍ ပြင်ဆင်ဆောင်ရွက်ပေး သွားရမည်ဖြစ်ကြောင်း”** ထည့်သွင်းပြောကြားခဲ့သည်။

ရွေးကောက်ပွဲကျင်းပပြုလုပ်ရန်အတွက် မဲစာရင်းများမှန်ကန်စွာရရှိရေး ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူခြင်းကိုဆောင်ရွက်ထားပြီးဖြစ်သည်။ ထို့ပြင်လွှတ်တော် အသီးသီးအတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၁၃၈၇ ခုနှစ် ပြာသိုလဆန်း ၁၀ ရက် (၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်)တနင်္ဂနွေနေ့တွင် စတင်ကျင်းပမည်ဖြစ်ကြောင်း ကြေညာထားပြီးဖြစ် သည်။ အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီအနေဖြင့်လည်း “ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲလုပ်ငန်းစဉ်များအောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံးလိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီ စနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေးပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ရေး” ကို ဦးတည်ချမှတ်ဆောင်ရွက်လျက်ရှိရာ နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် ပြည်သူများ ပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း ရေးသားလိုက်ရပေသည်။ ။

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ
## ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ရသူများ

**ကင်းလွတ်ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ-၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) သာသနာ့ဝန်ထမ်းများ။
(ခ) အိမ်ထောင်သည်အမျိုးသမီးများ(အိမ်ထောင်ပျက်သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်း ပါဝင်သည်)။
(ဂ) ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ။
(ဃ) တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်းမသင့်လျော်သူဖြစ် ကြောင်း သတ်မှတ်ထားသူများ။
(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့် ပြုသူများ

(က) ဉာဏ်အရည်အသွေးမမီခြင်းနှင့်အကျင့်စာရိတ္တပျက်ပြားခြင်းတို့ကြောင့် စစ်မှုထမ်းရန်မသင့် လျော်သူများ။
(ခ) ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေါ့သွပ်သူဖြစ်ခြင်း (သို့မဟုတ်)စိတ်ပေါ့သွပ်နေသည် ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရသူများ။
(ဂ) နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန်မဖြစ်နိုင်သေးသော အသိပညာရှင် (သို့မဟုတ်)အတတ်ပညာရှင်များ။
(ဃ) တိုက်ပွဲတွင်ကျဆုံးခဲ့သည့်တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ ဝင်များ၏သားသမီးအရင်းအချာများ(ကိတ္တိမသားသမီးများ၊ မွေးစားသားသမီးများမပါ)။
မှတ်ချက်။ အကယ်၍ ၎င်းသားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘော ဆန္ဒအလျောက်ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန်ခွင့်ပြုနိုင်သည်။
(င) အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင် ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ်တစ်ခုခုရရှိသော အားကစားသမားများ။
(စ) နိုင်ငံ့ဝန်ထမ်းတာဝန်ထမ်းဆောင်နေသော တစ်ဆက်စပ်တည်းလုပ်သက် ၂ နှစ်နှင့်အထက်ရှိ သော ဆရာဝန်နှင့်သူနာပြုများ။
(ဆ) တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့်အထက်ရှိသော တပ်မတော်စစ်သည်အစားခန့် အရပ်သားဝန်ထမ်းများ။
(ဇ) ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေလိုအပ်နေသူများအဖြစ် ကျိုးကြောင်းခိုင်လုံစွာ တင်ပြနိုင်သူများ။

## မူးယစ်ဆေးဝါးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲကျင်းပ

မန္တလေး ဩဂုတ် ၂၁

အခြေခံပညာဦးစီးဌာန မန္တလေးတိုင်းဒေသကြီး ပညာရေးမှူးရုံးနှင့် မြန်မာနိုင်ငံမူးယစ်ဆေးဝါးသုံးစွဲမှု ပပျောက်ရေးအသင်း(ဗဟို)တို့ပူးပေါင်း၍ မူးယစ် ဆေးဝါးအန္တရာယ်ကြိုတင်ကာကွယ်ရေးအသိပညာ ပေးဟောပြောပွဲကို ဩဂုတ်လ ၂၀ ရက် မွန်းလွဲပိုင်းတွင် ပြည်ကြီးတံခွန်မြို့နယ် အမှတ်(၂၇) အခြေခံပညာ အထက်တန်းကျောင်း၌ကျင်းပသည်။

အခမ်းအနားတွင် အမှတ်(၂၇) အခြေခံပညာအထက် တန်းကျောင်း ကျောင်းအုပ်ဆရာကြီး ဒေါက်တာ အောင်သက်ဆွေက အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ မူးယစ်ဆေးဝါးသုံးစွဲမှုပပျောက်ရေး အသင်း၏တွဲဖက်အတွင်းရေးမှူး ဦးသန့်ဇင်ဦးက မူးယစ်ဆေးဝါးသမိုင်းကြောင်းကို ပြောကြားသည်။

ထို့နောက် မူးယစ်ဆေးဝါးအမျိုးအစားများနှင့် ဆိုးကျိုးအန္တရာယ်အကြောင်းကို အတွင်းရေးမှူး ဦးမြင့်သန်းကဟောပြောကာ ဟောပြောပွဲ တက် ရောက်လာသည့် ကျောင်းသား၊ ကျောင်းသူများကို ဘဏ္ဍာရေးမှူး ဒေါ်ခင်မေပိုင်က မေးခွန်းများမေးမြန်း သည်။

ဆက်လက်၍ မေးခွန်းများဖြေဆိုသည့် ကျောင်း သား၊ ကျောင်းသူများကို ဆုများပေးအပ်ကြောင်းသိရ သည်။

(၄၀၂)

**သဇင်(FM)အသံလွှင့်အစီအစဉ်**
၂၂-၈-၂၀၂၅(သောကြာနေ့)

၁။ ၀၈:၀၀ For Youth
၂။ ၁၀:၀၀ သတင်း/သီချင်း
၃။ ၁၃:၀၀ တိုင်းရင်းသားစကားပြောကြရအောင်
၄။ ၁၇:၀၀ ထူးခြားထင်ရှားကမ္ဘာတစ်လွှား
၅။ ၁၉:၀၀ စစ်သည်ကဏ္ဍ
၆။ ၂၁:၂၀ စာလာတယ်ဗျို့

မြဝတီ နေ့စဉ်
the Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ

ရွှေဥဒေါင်း

**ယမန်နေ့မှအဆက်**

ဤကဲ့သို့ သူ့ကဏ္ဍနှင့်သူ ပိုင်းခြားနားလည်သောလူသည် ကမ္ဘာလောက၌ အလွန်ရှားပါးသည်ကို တွေ့ရ၏။ မော့က်ဆီးဇိမ်းစာအုပ်ကို ရေးသားထုတ်ဝေသော ဝန်ကြီး ဦးနုသည် ဤအခြင်းအရာကို ရှင်းလင်းပြတ်သားစွာနားမလည်သည့်အတွက်ကြောင့် တိုင်းပြည်စီးပွားရေးကျပ်တည်းလျက်ရှိရာတွင် မော့က်ဆီးဇိမ်းကိုဖယ်ထားပြီး ငါးပါးသီလဖြင့် လူတွေကို ထမင်းခွံ့ပေးဖို့ ကြိုးစားနေခြင်းဖြစ်လေသည်။ ဂေါတမဗုဒ္ဓ၏ စိတ်ချမ်းသာမှုဆေးနည်းမှာ ငါးပါးသီလလောက်နှင့် မပြီးသည့်အဖြစ်ကို လက်တွေ့အားဖြင့် သိနိုင်လောက်ပါလျက် သိပုံမရဘဲ ရောထွေးယှက်တင်ပြုမူနေကြခြင်းမှာ ကုန်ခဲ့ပြီးသော ၁၃ နှစ်အချိန်အတွက် နှမြောဖို့ကောင်းလှသည်။

## လမ်းလျှောက်ဖို့ ဝါဒဖြန့်ခြင်း

ကျွန်ုပ်သည် ရောက်လေရာအရပ်တွင် နံနက်စောစောလမ်းလျှောက်ဖို့ ကိုယ်တိုင်လေ့ကျင့်ရုံသာမက အပေါင်းအဖော်များအားလည်း သွေးဆောင်ခြင်း၊ နမူနာပြခြင်း၊ တိုက်တွန်းခြင်းပြုလုပ်လေ့ရှိ၏။ မန္တလေးမြို့ ဆရာလွင်၏အိမ်၌နေစဉ် အလွန်ချမ်းအေးသည့် ပြာသိုလဖြစ်သော်လည်း လမ်းလျှောက်ဖော်လေးငါးယောက်ရအောင်စုရုံး၍ အချိန်မှန်ကန်ဖို့လည်း ရှေ့ဆောင်ပြု၍ တိုက်တွန်းသည့်အတိုင်း နံနက် ငါးနာရီတွင် တညီတညာတည်းထွက်နိုင်ကြဖို့ ဆော်ဩခဲ့၏။ နွေရာသီတွင် ပြင်ဦးလွင်၌ နေထိုင်လျက်ရှိစဉ်ကလည်း သော်တာဆွေနှင့် လူထုမအမာ၏ ဖခင်(ဦးထင်)အပါအဝင် လမ်းလျှောက်ဖော်လေးယောက်ရအောင် စုရုံးနိုင်ခဲ့သည်။ တစ်ခါတစ်ရံတွင် အဖော်တစ်ယောက်တလေက "ချမ်းလိုက်တာဗျာ၊ ဒီကနေ့ ကျွန်တော်မလိုက်ပါရစေနဲ့" ဟု ပြောလျှင်လည်း ရအောင်သွေးဆောင်ပြီး စောင့်ခေါ်တတ်လေသည်။ ၁၉၅၁ ခုနှစ် နွေရာသီ နံနက်စောစောတွင် ပြင်ဦးလွင်၌ မန္တလေးမြို့ ပြာသိုလလောက်ပင် ချမ်းအေးသည်ဖြစ်၍ လောင်းကုတ်များဝတ်ကြရပါသေးသည်။ ၁၉၆၁ ခုနှစ် နွေရာသီက ပြင်ဦးလွင်တွင် ကျွန်ုပ်တစ်ယောက်တည်း လမ်းလျှောက်သည့်အခါ ဟာဝေယံရှပ်အင်္ကျီမျှနှင့် ထွက်လာနိုင်သည်ဖြစ်၍ ဆယ်နှစ်မျှသော အချိန်အကွာအခြားတွင် ပြင်ဦးလွင်သည် ဤမျှလောက် အချမ်းပေ့ါသွားခြင်းကိုတွေ့ရ၍ အံ့ဩမိသည်။ နံနက်စောစော၌ ယာဉ်များအသွားအလာရှင်းခြင်း၊ လူသွားလူလာနည်းခြင်း၊ ကတ္တရာလမ်းဖြစ်ခြင်း၊ လတ်ဆတ်သန့်ရှင်းသော လေကိုရှူရှိုက်ရခြင်းတို့ကြောင့် ပြင်ဦးလွင်သည် လမ်းလျှောက်သမားများ၏ နိဗ္ဗာန်ဖြစ်သည်ဟု ဆိုထိုက်ပေသည်။ စင်စစ်မှာ ကုန်းမြင့်ဒေသများဖြစ်သည့် တောင်ကြီး၊ ကလော၊ မိုးကုတ် စသောမြို့များအားလုံးသည် ပြင်ဦးလွင်ကဲ့သို့ပင် ဆိုခဲ့ပြီးသော ကောင်းခြင်းများနှင့် ပြည့်စုံခြင်းကို တွေ့ရ၍ ကျွန်ုပ်သည် ယင်းမြို့များသို့ နွေရာသီတိုင်း တစ်လှည့်စီသွား၍ နေဖို့ ကြိုးစားလျက်ရှိပါသည်။ ယင်းမြို့များ၌ ကျွန်ုပ်သည် နွေရာသီတွင် မန္တလေးနှင့် ရန်ကုန်မြို့များမှာထက် နှစ်ဆမျှပို၍ အလုပ်လုပ်နိုင်ခြင်းကို တွေ့ရသည်။ ကျွန်ုပ်သည် ကုန်းမြင့်မြို့များသို့ သွားသည့်အခါတိုင်း ဘိုင်စကယ်ကိုလည်းယူသွားလေ့ရှိ၍ နံနက်စောစောလမ်းလျှောက်ခြင်းအပြင် ညနေခင်းများတွင်လည်း ဘိုင်စကယ်နှင့် တစ်ခေါက်ထွက်သေး၏။ သို့ဖြစ်၍ လမ်းကြိုလမ်းကြားမကျန် လှည့်လည်ကြည့်ရှုသဖြင့် ကျွန်ုပ် မရောက်ဖူးသောနေရာ မရှိသလောက်ဖြစ်နေသည်နှင့် တချို့လူများက 'ဘိုင်စကယ်စီးတဲ့အဘိုးကြီး ပိန်ပိန်ရှည်ရှည်တစ်ယောက်' ဟု အမှတ်အသားပြုလာကြလေသည်။

> **"၁၉၆၁ ခုနှစ် နွေရာသီက ပြင်ဦးလွင်တွင် ကျွန်ုပ်တစ်ယောက်တည်း လမ်းလျှောက်သည့်အခါ ဟာဝေယံရှပ်အင်္ကျီမျှနှင့် ထွက်လာနိုင်သည်ဖြစ်၍ ဆယ်နှစ်မျှသော အချိန်အကွာအခြားတွင် ပြင်ဦးလွင်သည် ဤမျှလောက် အချမ်းပေ့ါသွားခြင်းကိုတွေ့ရ၍ အံ့ဩမိသည်။ နံနက်စောစော၌ ယာဉ်များအသွားအလာရှင်းခြင်း၊ လူသွားလူလာနည်းခြင်း၊ ကတ္တရာလမ်းဖြစ်ခြင်း၊ လတ်ဆတ်သန့်ရှင်းသောလေကိုရှူရှိုက်ရခြင်းတို့ကြောင့် ပြင်ဦးလွင်သည် လမ်းလျှောက်သမားများ၏ နိဗ္ဗာန်ဖြစ်သည်ဟု ဆိုထိုက်ပေသည်. . ."**

## ဟာသ သမား၏ နည်းပရိယာယ်

၁၉၅၁ ခုနှစ် ဇွန်လတွင် သော်တာဆွေနှင့် ကျွန်ုပ်တို့သည် ပြင်ဦးလွင်မှ ဆင်းလာကြသောအခါ ဆရာလွင်၏အိမ်တွင် မနေတော့ဘဲ ၃၃ လမ်း၌ တိုက်တစ်လုံးငှား၍ နေထိုင်ကြသည်။ သော်တာဆွေသည် ကျွန်ုပ်တို့နှင့်အတူ တစ်လခန့် ဆက်လက်နေထိုင်ပြီးနောက် ရန်ကုန်သို့ ပြန်သွား၏။ ဤသူငယ်သည် ကျွန်ုပ်၏အိမ်၌ သုံးလခန့် နေထိုင်သွားရာ ဘာကိစ္စနှင့် လာသည်ဟု သူကလည်းမပြော၊ ကျွန်ုပ်ကလည်း မမေးချေ။ နောက်များ၌ သူ၏ကိုယ်တွေ့တစ်ခုကို ကျွန်ုပ်ဖတ်ကြည့်ရာတွင် ရန်ကုန်၌ရှိစဉ် သကြ်န်အတွက် သံချပ်များရေးပေးဖို့ ရေသဘင်အဖွဲ့တစ်ခုထံမှ စရန်ငွေယူထားပြီးနောက် မရေးတတ်သည်နှင့် အညာသို့ပြေးလာပြီး ကျွန်ုပ်၏အိမ်၌ တည်းခိုနေထိုင်ခဲ့သည်ဟုတွေ့ရ၏။ ဟုတ်၊ မဟုတ်ကား အမှန်မပြောနိုင်ပါ။ ကျွန်ုပ်သည် သူ့ကိုယ်ကို ဖုံးကွယ်ပေးထားသည်ဆိုသည့် ဟီးရိုးဝင်းအကြောင်းကိုဖတ်ရ၍ ဟာသစာရေးဆရာတို့မည်သည် အဖြစ်အပျက်ဟုတ်၊ မဟုတ်အပေါ်၌ မူမတည်ဘဲ ပွဲကျအောင် ကြံဖန်ရေးသားသူများဖြစ်သည်ဟု သိလိုက်ရကတည်းက သော်တာဆွေ၏ ကိုယ်တွေ့ဆိုသောတင်ပြချက်များကို အပျင်းပြေလောက်မျှဖတ်ပြီး တကယ်ဟု မယူဆတော့ချေ။ ကျွန်ုပ်အား ဖဆပလအစိုးရက ဖမ်းပြီး ထောင်ထဲ၌ ပိတ်လှောင်ထားသည်ဟုကြားရ၍ သူ၏နဖူးကို တုတ်ကောက်ကျိုးအောင်ရိုက်သည်ဆိုခြင်းမှာလည်း 'ပွဲသနားအောင် မင်းသားလေးက ငိုခြင်း' ဆိုသကဲ့သို့ ဟုတ်မှဟုတ်ပါလေစဟု သံသယဖြစ်မိသည်။ သူသည် ကျွန်ုပ်နှင့်အတူ သုံးလခန့်နေသွား၍ နောက်ထပ်ပြီး စားကောင်းသောက်ကောင်းဖြစ်အောင် ရေးလိုက်ခြင်းလည်းဖြစ်နိုင်သည်။ မည်သို့ပင်ဖြစ်စေ လူတို့၏သဘာဝတစ်ခုမှာ ကိုယ့်ဘက်မှလိုက်၍ ရေးလျှင်(ယုံ၊ မယုံ အပထား၍) သဘောကျတတ်သည့်အလျောက် သူ၏အရေးအသားကို ကြိုးစားပြီး လက်ခံခဲ့ပါသည်။

## ဦးလှ၏ ချီးမွမ်းချက်

ခွင့် နှစ်လစေ့၍ အလုပ်ပြန်ဝင်သောအခါ ကျွန်ုပ်မှာ ဝါဒတစ်ခုကို လက်ခံခါစလူများ၏ စိတ်အားထက်သန်တတ်သော ထုံးစံအတိုင်း ခေါင်းကြီးများရေးရာတွင် ကားလ်မော့က်စ်၏ တိုင်းပြည်စီးပွားရေးစနစ်အကြောင်းမှတစ်ပါး တခြားအကြောင်းအရာများကို မရေးတတ်သလောက်၊ မရေးချင်သလောက်ဖြစ်သွားပြီး အားပါးတရ လူထုမောင်နှံတို့ကလည်း ကျွန်ုပ်၏စိတ်အားထက်သန်ခြင်းအတွက် အတော်ကျေနပ်အားရကြပုံရသည်။ တစ်နေ့သ၌ ဦးလှက

"ဆိုရှယ်လစ်စီးပွားရေးစနစ်အကြောင်းကို ဦးလေးသိန်းက ဒါလောက်မြန်မြန်ကြီးသဘောပေါက်သွားတာ ကျွန်တော်သိပ်အံ့ဩတာပဲ"

"အံ့ဩစရာမဟုတ်ပါဘူး။ ကားလ်မော့က်စ်ရဲ့စာအုပ်ကို မဖတ်ရဖူးလို့ပါ။ ဖတ်ကြည့်လိုက်ရင်တော့ သိပ်ရှင်းနေတာပဲ"

"ဒီလောက်မလွယ်ဘူးခင်ဗျား၊ ဦးလေးသိန်းက ရှင်းရှင်းပြတ်ပြတ် စဉ်းစားတတ်တဲ့အလေ့အကျင့်ရှိလို့ သဘောပေါက်လွယ်တာပါ"

ကျွန်ုပ်သည် ဦးလှ၏စကားနှင့်ပတ်သက်၍ အကြိမ်ကြိမ်အဖန်ဖန် စဉ်းစားခဲ့ရာ လူသတ္တဝါတို့၏ စဉ်းစားဉာဏ်နှင့်ပတ်သက်၍ အရေးကြီးသောအခြင်းအရာများ ထပ်မံတွေ့ရှိရခြင်းကို တင်ပြရပေဦးမည်။

## အတားအဆီးသုံးခု

ဝါဒအဆန်းအသစ်တစ်ခုပေါ်လာသည့်အခါ ရာခိုင်နှုန်းအတော်များသည့် လူသတ္တဝါများသည် စဉ်းစားဖို့ အတော်ပျင်းရိကြ၏။ နက်နဲသောအခြင်းအရာတစ်ခုကို စဉ်းစားရခြင်းအလုပ်သည် ဦးနှောက်ရှုပ်သည်ဟု ဆိုကြ၏။ စဉ်းစားရသောအလုပ်၌ ဝါသနာပါသူ အနည်းငယ်တို့အဖို့မှာလည်း အမှန်သို့ မရောက်စေနိုင်သည့် အတားအဆီးများရှိနေပြန်လေသည်။ ယင်းအတားအဆီးများမှာ (၁) မိရိုးဖလာအစဉ်အလာကို မပယ်နိုင်ခြင်း၊ (၂) သဘာဝ ကျ၊ မကျကို ဆုံးဖြတ်တတ်သည့်ဉာဏ်မျိုး နုံ့နဲ့ခြင်း၊ (၃) မိမိ၏အလိုဆန္ဒနှင့် ဆန့်ကျင်ဘက်ဖြစ်နေသည့် သဘောတရားတစ်ခုကို လက်မခံလိုခြင်းတို့ဖြစ်လေသည်။ (၁) မိရိုးဖလာအစဉ်အလာကို မပယ်နိုင်ခြင်းနှင့်ပတ်သက်၍ ထင်ရှားသော ဥဒါဟရုဏ်တစ်ခုမှာ ကမ္ဘာလောက၌ (အကြမ်းအားဖြင့်) ဘာသာကြီးလေးခုရှိရာ ဗုဒ္ဓဘာသာမိဘများကမွေးလျှင် ဗုဒ္ဓဘာသာအဖြစ်နှင့် တည်နေခြင်း၊ ခရစ်ယာန်ကမွေးလျှင် ခရစ်ယာန်ဖြစ်နေခြင်း၊ မူဆလင်က မူဆလင်မွေးခြင်း၊ ဟိန္ဒူက ဟိန္ဒူမွေးခြင်းတို့ကိုသာ တွေ့ရ၏။ ဤဘာသာကြီးများ၌ ကောင်းသောအချက်အလက်များပါရှိကြသည်မှန်သော်လည်း အရေးကြီးသော ကွဲလွဲချက်များလည်းရှိကြ၏။ သို့နှင့်လည်း မိမိတို့၏ စဉ်းစားဉာဏ်ကို အသုံးပြုပြီး ဘာသာတစ်ခုမှ တစ်ခုသို့ ကူးပြောင်းယုံကြည်ကြသူဆို၍ ကမ္ဘာလောက၌ အလွန်နည်းပါးလှသည်။ ထာဝရဘုရားသခင်က ဖန်ဆင်းပြီး သူကပင် သတ္တဝါကို ကောင်းကျိုးဆိုးကျိုးပေးနိုင်သည်ဆိုသော ဘာသာဝါဒနှင့် မိမိပြုသမျှအတိုင်း ခံရသည်၊ စံရသည်ဆိုသော ဘာသာဝါဒသည် ကြီးစွာသောခြားနားခြင်းရှိပါလျက် မည်သည်က မှန်ကန်သည်၊ သဘာဝကျသည်ဟု မစဉ်းစားတတ်ကြဘဲ မူလမွေးဖွားခဲ့သည့် ဘာသာဝါဒအတိုင်း ဘဝအဆုံးတိုင်လက်ခံထားကြခြင်းမှာ မိရိုးဖလာ၏ ချည်နှောင်တတ်သော သတ္တိပေတည်း။

**ဆက်လက်ဖော်ပြပါမည်။**

# အမှတ်(၇)အခြေခံပညာအလယ်တန်းကျောင်း၌ ယာဉ်စည်းကမ်း လမ်းစည်းကမ်း အသိပညာပေးဟောပြော

ရန်ကုန် ဩဂုတ် ၂၁

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းခရိုင် မြောက်ဥက္ကလာပမြို့နယ် အမှတ်(၇) အခြေခံပညာအလယ်တန်းကျောင်း မြတ်သဇင်ခန်းမ၌ အမှတ်(၃၅) ယာဉ်ထိန်းတပ်ဖွဲ့စုမှ တာဝန်ရှိသူများက ကျောင်းသား၊ ကျောင်းသူများ ယာဉ်အန္တရာယ်ကင်းဝေးစေရေး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲကို ဩဂုတ်လ ၂၁ ရက်တွင် ကျင်းပသည်။

ရှေးဦးစွာ အမှတ်(၃၅) ယာဉ်ထိန်းတပ်ဖွဲ့စုမှ ဒုတိယရဲမှူး လှိုင်ဝင်းအောင်က ကျောင်းသား၊ ကျောင်းသူများ လမ်းဖြတ်ကူးရာတွင် လိုက်နာရမည့် စည်းကမ်းများ၊ ခြေကျင်လမ်းလျှောက်သူများ လိုက်နာရမည့်စည်းကမ်းများ၊ အစုအဝေးဖြင့် လမ်းလျှောက်သူများလိုက်နာရမည့် စည်းကမ်းများ၊ အနေးယာဉ်စီးနင်းသူများ လိုက်နာရမည့်စည်းကမ်းများကို အသိပညာပေးဟောပြောပြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးလက်ကမ်းစာစောင်များကို ဖြန့်ဝေပေးသည်။

အဆိုပါအသိပညာပေးဟောပြောပွဲသို့ အမှတ်(၃၅) ယာဉ်ထိန်းတပ်ဖွဲ့စုမှ ဒုတိယရဲမှူး လှိုင်ဝင်းအောင်နှင့် တပ်ဖွဲ့ဝင်များ၊ ကျောင်းအုပ်ဆရာကြီးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြကြောင်း သိရသည်။

**သက်လွင်စိုး(ပြန်/ဆက်)**



# ရွေးကောက်ပွဲဆိုင်ရာ စွမ်းရည်မြှင့်သင်တန်း သင်တန်းဆင်းပွဲကျင်းပ

နေပြည်တော် ဩဂုတ် ၂၁

ရွေးကောက်ပွဲဆိုင်ရာ စွမ်းရည်မြှင့် သင်တန်း သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့ ညနေ ၄ နာရီတွင် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ရုံး တိုးချဲ့ရုံး အဆောက်အအုံ၌ ကျင်းပသည်။



သင်တန်းဆင်းပွဲတွင် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသန်းစိုး က သင်တန်းတက်ရောက်ခဲ့ကြသည့် ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်မှ တာဝန်ရှိသူများအနေဖြင့် ကျန်ရှိသည့် ခရိုင်၊ မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများအတွက် ဆင့်ပွားသင်တန်းများ ဖွင့်လှစ်ဆောင်ရွက်ပေးကြရန်လိုကြောင်း၊ သင်တန်းကရရှိခဲ့သည့် MMP စနစ်အကြောင်းကိုလည်း နိုင်ငံရေးပါတီများ၊ အများပြည်သူများသိရှိစေရန် ဖြန့်ဝေပြောကြားရန်လိုကြောင်း၊ ရွေးကောက်ပွဲအတွက် မဲဆန္ဒရှင်စာရင်းပြည့်စုံမှန်ကန်ရေးသည် ဦးစားပေးဖြစ်သလို အရေးကြီးကြောင်း၊ မဲစာရင်းပြည့်စုံမှန်ကန်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်ပူးပေါင်းစိစစ်၍ အမှားအယွင်းမရှိအောင်၊ မှန်မှန်ကန်ကန်ဖြစ်အောင် ဆောင်ရွက်ကြရန် အလေးထားမှာကြားလိုကြောင်း။

လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်းတင်သွင်းခြင်းနှင့်စပ်လျဉ်း၍ ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို နိုင်ငံရေးပါတီများသိရှိအောင် သက်ဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲများမှ ရှင်းလင်းပြောကြားရန် လိုကြောင်း၊ ရွေးကောက်ပွဲများကို အပိုင်းလိုက် ဆောင်ရွက်ရာတွင်လည်း စနစ်တကျဆောင်ရွက်နိုင်ရေး စီမံချက်များအတိုင်း ဆောင်ရွက်ရန်လိုကြောင်း၊ ရွေးကောက်ပွဲကျင်းပနိုင်ရေးအတွက် ပြည်သူလူထုတစ်ရပ်လုံး၏ ပူးပေါင်းပါဝင်မှုဖြင့် အောင်မြင်အောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်မှ တာဝန်ရှိသူများအနေဖြင့် ရွေးကောက်ပွဲကျင်းပရာတွင် မည်သူ့ကိုမျှဘက်မလိုက်ဘဲ ဥပဒေနှင့်အညီ မှန်မှန်ကန်ကန် တိတိကျကျဆောင်ရွက်ကြမည်ဟု ယုံကြည်ကြောင်း၊ လွတ်လပ်ပြီးတရားမျှတသည့် ရွေးကောက်ပွဲဖြစ်ရေး၊ ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် သန္နိဋ္ဌာန်ထားပြီး ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရန် မှာကြားသည်။

သင်တန်းဆင်းပွဲသို့ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးမှ တာဝန်ရှိသူများနှင့် တိုင်းဒေသကြီး၊ ပြည်နယ်၊ ပြည်ထောင်စုနယ်မြေနှင့် ခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်မှဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ရွေးကောက်ပွဲ အရာရှိများတက်ရောက်ခဲ့ကြကြောင်း သိရသည်။

မြဝတီ

# တစ်ဆက်တစ်စပ်တည်းသော မြန်မာ့သမိုင်းစဉ်စာအုပ် ပုံနှိပ်ထုတ်ဝေနိုင်ရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေးပွဲကျင်းပ



နေပြည်တော် ဩဂုတ် ၂၁

မြန်မာနိုင်ငံ၏ တစ်ဆက်တစ်စပ်တည်းသော မြန်မာ့သမိုင်းစဉ်စာအုပ်ပုံနှိပ်ထုတ်ဝေနိုင်ရေးအတွက် ညှိနှိုင်းဆွေးနွေးပွဲကို ယနေ့ နံနက် ၁၀ နာရီတွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန လောကနတ် အစည်းအဝေးခန်းမ၌ကျင်းပရာ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ ဒုတိယဝန်ကြီး ဒေါ်နုမြဖုံ၊ သာသနာရေးနှင့်ယဉ်ကျေးမှု ဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသား ပြတိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ကိုယ်စားလှယ် အရာရှိကြီးများ၊ မြန်မာ့သမိုင်းစဉ်စာအုပ် ပုံနှိပ်ထုတ်ဝေနိုင်ရေး စာမူတည်းဖြတ်ရေး အဖွဲ့မှ မြန်မာ့သမိုင်းပညာရှင်ကြီးများ၊ အကြံပေးပညာရှင်များ၊ လုပ်ငန်းအထောက် အကူပြုအဖွဲ့နှင့်ဌာနဆိုင်ရာ သုတေသန ပညာရှင်ဝန်ထမ်းများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက တစ်ဆက်တစ်စပ်တည်းသော မြန်မာ့သမိုင်းစဉ်စာအုပ် (မူကြမ်း)များကို ပုံနှိပ်ထုတ်ဝေနိုင်ရေးအတွက် သမိုင်းကြောင်းအချက်အလက်များ မှားယွင်းမှုမရှိစေရေးနှင့် အယူအဆများလွဲချော်မှု မရှိစေရေးတို့အတွက် မြန်မာ့သမိုင်းအဖွဲ့မှ ပညာရှင်များပါဝင်သည့် စာမူတည်းဖြတ်ရေး အဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ကြောင်း၊ အဆိုပါအဖွဲ့နှင့်ပူးပေါင်း၍ လိုအပ်သည့် အချက်အလက်များ၊ မှတ်တမ်းဓာတ်ပုံများ၊ မြေပုံများ ရှာဖွေရေးသားပြုစုထောက်ပံ့ခြင်းနှင့် ပုံနှိပ်ရန်ပြင်ဆင်ခြင်းလုပ်ငန်းတို့ကို ရှေးဟောင်းသုတေသနနှင့် အမျိုးသား ပြတိုက်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် (ပြတိုက်များ)က ဦးဆောင်ကာ အထောက်အကူပြုအဖွဲ့ ဖွဲ့စည်း၍ ရန်ကုန် ဌာနခွဲတွင် ဆောင်ရွက်ခဲ့ကြောင်း၊ အဘက်ဘက်မှ ပူးပေါင်းပါဝင်ဆောင်ရွက်နေကြသည့် ဘာသာရပ်နယ်ပယ်အသီးသီးက ပညာရှင်များ၊ စာမူတည်းဖြတ်ရေးအဖွဲ့မှ မြန်မာ့သမိုင်းပညာရှင်များအဖွဲ့မှ ပညာရှင်ကြီးများ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ကိုယ်စားလှယ်များ၊ အထောက်အကူပြုအဖွဲ့နှင့် အထောက်အထားအချက်အလက်များ ရေးသားပြုစုရန် ယခင်သမိုင်းစဉ် ဆွေးနွေးပွဲများတွင် ပါဝင်တက်ရောက် ဆွေးနွေးပေးခဲ့ကြသည့်စာတမ်းရှင်များ၊ ပြင်ပသုတေသီများကိုလည်း အသိအမှတ်ပြုကြောင်း ပြောကြားသည်။

ဆက်လက်၍ဒုတိယဝန်ကြီးက တစ်ဆက်တစ်စပ်တည်းသော မြန်မာ့သမိုင်းစဉ်စာအုပ် ပုံနှိပ်ထုတ်ဝေနိုင်ရေးနှင့် ပတ်သက်၍ ဆွေးနွေးပွဲများမှ ပညာရှင်ကြီးများ၏ အကြံပြုချက်များဖြင့် တည်းဖြတ်ပြင်ဆင်ရေးသားပြုစုထားသည့် "မြန်မာ့မြေလွှာဖြစ်တည်မှုနှင့် မြန်မာ့ပရိုင်းမိတ်ကျောက်ဖြစ်ရုပ်ကြွင်း ရှာဖွေတွေ့ရှိမှု"၊ "မြန်မာ့ကျောက်ခေတ်"၊ "မြန်မာ့ကြေးခေတ်၊ သံခေတ်" နှင့် "ပျူခေတ်ရှေးဦးမြို့ပြယဉ်ကျေးမှု" စသည့် သမိုင်းစဉ်စာအုပ် (မူကြမ်း) များကို တည်းဖြတ်ပြုစုထားပြီးဖြစ်ကြောင်း၊ အဆိုပါ တည်းဖြတ်ပြုစုထားသည့် စာအုပ် (မူကြမ်း)များအပေါ် သက်ဆိုင်ရာကဏ္ဍအလိုက် ထပ်မံပြင်ဆင်ဖြည့်စွက်ရန် လိုအပ်သည့်အချက်များကို ဆွေးနွေးတင်ပြရန်ဖြစ်ကြောင်း ဆွေးနွေးတင်ပြသည်။

ထို့နောက် ဆွေးနွေးပွဲသို့ တက်ရောက်လာသည့် မြန်မာ့သမိုင်းပညာရှင်များအဖွဲ့ ဒုတိယဥက္ကဋ္ဌ(၁) ဒေါက်တာတိုးလှက ကျောက်လက်နက်များကို အမျိုးအစားအလိုက် ရှင်းလင်းဖော်ပြရန်လိုအပ်မှုနှင့် နိုင်ငံတော်အကြီးအကဲ၏ သဝဏ်လွှာအား ထားရှိရမည့်နေရာတို့ကို ဆွေးနွေးပြီး ကာကွယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူက သမိုင်းစဉ်စာအုပ်ထုတ်ဝေရေးနှင့် ပတ်သက်ပြီး စာအုပ်အရွယ်အစားနှင့် မျက်နှာဖုံးပုံစံများ အတည်ပြုနိုင်ရေး၊ ဆက်လက်ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်နှင့် လိုအပ်ချက်များကို ဩဂုတ်လကုန် အပြီး ပြင်ဆင်ပေးပို့နိုင်ရေးတို့နှင့်ပတ်သက်၍ တင်ပြဆွေးနွေးသည်။

ယင်းနောက် မြန်မာ့သမိုင်းပညာရှင်များ အဖွဲ့ ဒေါက်တာစိန်မြင့်ကစာအုပ် (မူကြမ်း) များတွင် အင်္ဂလိပ်စာလုံးများအား ဘာသာပြန်ရာတွင် ဝေါဟာရမကွဲလွဲအောင် ဆောင်ရွက်ရေး၊ ရှေးဟောင်းသုတေသနပညာရှင် ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) ဦးညွှန့်ဟန်က ပျူခေတ်သမိုင်းစဉ်နှင့် ပတ်သက်၍ ပျူခေတ်နှင့်အပြိုင် အခြားမြို့ပြများကို ဖော်ပြရာတွင် သာဂရမြို့ဟောင်းကို ထည့်သွင်းမဖော်ပြရေး၊ ရှေးဟောင်းသုတေသန ပညာရှင် ဒေါက်တာသိန်းလွင်က ကျောက်ခေတ်သမိုင်းစဉ်တွင် ဓာတ်ပုံနှင့်ဆွဲပုံများကို ယှဉ်တွဲဖော်ပြရေး၊ ကျောက်ခေတ်သစ်ဂူများ၏ ပုံနှင့်တည်နေရာကို ဖော်ပြရေး၊ ရှေးဟောင်းသုတေသနပညာရှင်ဦးစိန်ဝင်းက ပျူစာပေနှင့်ပတ်သက်၍ ခေတ်ကာလများ တစ်သမတ်တည်းဖြစ်အောင် ညှိနှိုင်းဆောင်ရွက်ရေး၊ ရန်ကုန်တက္ကသိုလ်မှ ပါမောက္ခဒေါက်တာ ကလျာမြတ်မြတ်ထွေးက ကျမ်းကိုးစာရင်းထည့်သွင်းသည့်ပုံစံများ တူညီရေးဆွေးနွေးကြကာ ပြည်ထောင်စုဝန်ကြီးက ဆွေးနွေးချက်များအပေါ် သုံးသပ်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကြောင်း သိရသည်။

မြဝတီ

# စစ်တွေမြို့နယ်အတွင်းရှိ အငြိမ်းစားဝန်ထမ်းများအား ကျန်းမာရေးစောင့်ရှောက်မှုပေး၊ ဆန်နှင့်စားသောက်ဖွယ်ရာများထောက်ပံ့ပေးအပ်

စစ်တွေ ဩဂုတ် ၂၁

စစ်တွေမြို့နယ်အတွင်းရှိ အငြိမ်းစားဝန်ထမ်းများအား ယနေ့နံနက်ပိုင်းတွင် စစ်တွေမြို့ ခိုင်သဇင်ခန်းမ၌ ပင်စင်လစာထုတ်ပေးခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းနှင့် ဆန်နှင့်စားသောက်ဖွယ်ရာများထောက်ပံ့ပေးအပ်ရာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများနှင့် လူမှုရေးအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်အားပေးကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပင်စင်လစာထုတ်ယူရန် လာရောက်ကြသည့် အငြိမ်းစားဝန်ထမ်းများကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ကြပြီး အငြိမ်းစားဝန်ထမ်းများကို မြန်မာ့စီးပွားရေးဘဏ်ဝန်ထမ်းများက ပင်စင်လစာထုတ်ပေးနိုင်ရန်အတွက် လိုအပ်သောစိစစ်မှုများဆောင်ရွက်နေမှု၊ ပင်စင်လစာထုတ်ပေးနေမှု၊ တိုင်းရင်းဆေးပညာဦးစီးဌာနမှဝန်ထမ်းများ၊ စစ်တွေမြို့ ခုတင်-၅၀၀ ဆံ့ အထွေထွေရောဂါကုဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများ၊ ဆရာဝန်၊ သူနာပြုများက ကျန်းမာရေးစောင့်ရှောက်ပေးနေမှုတို့ကို လှည့်လည်ကြည့်ရှုအားပေးကြကာ လိုအပ်သည်များကို တာဝန်ရှိသူများနှင့်ပေါင်းစပ်ညှိနှိုင်းပေးသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့်တာဝန်ရှိသူများက အငြိမ်းစားဝန်ထမ်းများကို ရခိုင်ပြည်နယ်အစိုးရအဖွဲ့ကချီးမြှင့်သည့် ဆန်နှင့်စားသောက်ဖွယ်ရာများ ပေးအပ်ကြသည်။

အငြိမ်းစားဝန်ထမ်းများကို ကျန်းမာရေးစောင့်ရှောက်မှုပေးရာတွင် ခုတင်-၅၀၀ ဆံ့ အထွေထွေရောဂါကုဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး၊ သမားတော်ကြီးများ၊ အထူးကုဆရာဝန်ကြီးများနှင့် ကျန်းမာရေးဝန်ထမ်းများက သွေးပေါင်ချိန်တိုင်းတာပေးခြင်း၊ သွေးတွင်းအောက်ဆီဂျင်ပါဝင်မှု တိုင်းတာပေးခြင်း၊ ဆီးချို၊ သွေးချိုစစ်ဆေးပေးခြင်း၊ နှလုံးရောဂါစစ်ဆေးခြင်းနှင့် အီးစီဂျီရိုက်ပေးခြင်းတို့ကိုဆောင်ရွက်ပေးကြပြီး လိုအပ်သောဆေးဝါးများကိုလည်း အခမဲ့ထုတ်ပေးကြသည်။

အလားတူ တိုင်းရင်းဆေးပညာဦးစီးဌာန ပြည်နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများကလည်း အငြိမ်းစားဝန်ထမ်းများကို တိုင်းရင်းဆေးဝါးများနှင့် ကုသပေးကြပြီး တိုင်းရင်းဆေးများကို အခမဲ့ချီးမြှင့်ပေးအပ်သည်။ မြန်မာ့စီးပွားရေးဘဏ်အနေဖြင့် အငြိမ်းစားဝန်ထမ်းများ ပင်စင်လစာငွေများထုတ်ယူရာတွင် အဆင်ပြေချောမွေ့စေရန်အတွက် ရုံးဖွင့်ရက်များ၌ နံနက် ၇ နာရီမှစတင်၍ ပင်စင်လစာငွေများကို ထုတ်ပေးလျက်ရှိကြောင်း သိရသည်။

တင်ထွန်း (ပြန်/ဆက်)

# နိုင်ငံတကာမှကူညီထောက်ပံ့သည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများနှင့် ဆေးဝါးများအား ငလျင်ဘေးဒဏ်သင့်ပြည်သူများထံ အချိန်နှင့်တစ်ပြေးညီ ဖြန့်ဝေပေးလျက်ရှိ

နေပြည်တော် ဩဂုတ် ၂၁

၂၈-၃-၂၀၂၅ ရက်က လှုပ်ခတ်ခဲ့သော မန္တလေးမြေငလျင်ကြီးကြောင့် နေပြည်တော်ကောင်စီနယ်မြေ၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့ပြီး ငလျင်ဘေးသင့်ခဲ့သော ပြည်သူများအတွက် ပြည်တွင်း/ပြည်ပစေတနာရှင်၊ အလှူရှင်များ၏လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီပစ္စည်းများ၊ ဆေးဝါးများလှူဒါန်းထောက်ပံ့မှုနှင့်ဘေးသင့်ဒေသများသို့ ဖြန့်ခွဲထောက်ပံ့ဆောင်ရွက်မှုများကို သတင်းထုတ်ပြန်လျက်ရှိရာ ၂၀၂၅ ခုနှစ်၊ ဇွန်လ ၂၃ ရက်နေ့အထိ အခြေအနေကို ၂၅-၆-၂၀၂၅ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။

ယခုအခါ ၂၀၂၅ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့မှ ဩဂုတ်လ ၂၀ ရက်နေ့အတွင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းမြို့၊ Singapore Lotus Light Charity Society၊ Singapore Buddha Dhamma Mandala Society နှင့် Love and Care Charity Group၊ ထိုင်းနိုင်ငံ၊ ထစ်ဖဒုန်းဖောင်အုန်းသီးကုမ္ပဏီ (THEP-PADUNGPORN COCONUT Co.,Ltd.)တို့မှ ထပ်မံပေးပို့လှူဒါန်းလာသော Sleeping Bags၊ စားသောက်ကုန်၊ လူသုံးကုန်၊ လျှပ်စစ်ပစ္စည်း၊ အိမ်သုံးပစ္စည်း၊ ဆေးနှင့်ဆေးပစ္စည်းများကို ဘေးသင့်လူဦးရေအချိုးအစားအပေါ်မူတည်၍ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့်ရှမ်းပြည်နယ်တို့သို့ ဖြန့်ခွဲပေးပို့ခဲ့ပြီး ပြည်တွင်းအလှူရှင်၊ Sin Min Global Trading Co.,Ltd. က လှူဒါန်းသည့် အမိုးသွပ် ၂၅၅၅၆ ချပ်နှင့် ခေါင်အုပ်သွပ် ၃၃၃၄ ချပ်တို့ကို မန္တလေးတိုင်းဒေသကြီးအတွင်း ဘာသာရေးအဆောက်အဦ၊ ဘုန်းကြီးကျောင်းနှင့် သာသနိကအဆောက်အဦများ ပြုပြင်နိုင်ရေး မန္တလေးတိုင်းဒေသကြီးသို့ပေးပို့ခဲ့ပါသည်။

ငလျင်လှုပ်ခတ်ခဲ့သည့် ၂၈-၃-၂၀၂၅ ရက်နေ့မှ ယနေ့အထိ လှူဒါန်းပစ္စည်းများဖြန့်ခွဲပေးပို့မှုစုစုပေါင်းမှာ မန္တလေးတိုင်းဒေသကြီးသို့ မော်တော်ယာဉ် ၇၀ စီး၊ စစ်ကိုင်းတိုင်းဒေသကြီးသို့ စာမျက်နှာ ၇ သို့ ⇨




Singapore Lotus Light Charity Society မှ လှူဒါန်းသည့်ပစ္စည်းများ။




ထိုင်းနိုင်ငံ၊ ထစ်ဖဒုန်းဖောင်အုန်းသီးကုမ္ပဏီမှ လှူဒါန်းသည့်ပစ္စည်းများ။




တရုတ်နိုင်ငံ၊ ကူမင်းမြို့မှ လှူဒါန်းသည့်ပစ္စည်းများ။




Sin Min Global Trading Co.,Ltd. မှလှူဒါန်းသည့် အမိုးသွပ်များ မန္တလေးတိုင်းဒေသကြီးသို့ ပေးပို့မှု မှတ်တမ်းဓာတ်ပုံ။



စစ်ကိုင်းတိုင်းဒေသကြီးအတွင်း အလှူပစ္စည်းများဖြန့်ခွဲထောက်ပံ့မှုမှတ်တမ်းဓာတ်ပုံ။



နေပြည်တော်ကောင်စီနယ်မြေအတွင်း အလှူပစ္စည်းများဖြန့်ခွဲထောက်ပံ့မှုမှတ်တမ်းဓာတ်ပုံ။



မန္တလေးတိုင်းဒေသကြီးအတွင်း အလှူပစ္စည်းများဖြန့်ခွဲထောက်ပံ့မှုမှတ်တမ်းဓာတ်ပုံ။



ရှမ်းပြည်နယ်အတွင်း အလှူပစ္စည်းများဖြန့်ခွဲထောက်ပံ့မှုမှတ်တမ်းဓာတ်ပုံ။

⇨ စာမျက်နှာ ၆ မှအဆက်

မော်တော်ယာဉ် ၃၄ စီး၊ ရှမ်းပြည်နယ်တောင်ပိုင်းသို့ မော်တော်ယာဉ် ၁၄ စီး စုစုပေါင်းမော်တော်ယာဉ် ၁၁၈ စီးဖြင့် စုစုပေါင်းတန်ချိန် ၂၄၃၆ ခန့်ဖြစ်ပါသည်။

နိုင်ငံတကာအလှူရှင်များက ၂၆-၆-၂၀၂၅ ရက်နေ့မှ ၂၀-၈-၂၀၂၅ ရက်နေ့အတွင်း လှူဒါန်းခဲ့သည့် ပစ္စည်းများကို ဘေးသင့်ပြည်သူများအတွက် ဖြန့်ခွဲပေးပို့ဆောင်ရွက်ခဲ့မှုကို ပူးတွဲပါဇယားများဖြင့် ဖော်ပြအပ်ပါသည်။ ပြည်တွင်း/ပြည်ပမှ ပစ္စည်းများထပ်မံလှူဒါန်းသည့်အချိန်တွင် ပစ္စည်းများရောက်ရှိမှုနှင့် ငလျင်ဘေးသင့်ပြည်သူများထံ အမြန်ဆုံးရောက်ရှိဖြန့်ခွဲမှုတို့ကို အလျဉ်းသင့်သလို ဆက်လက်ထုတ်ပြန်သွားမည်ဖြစ်ပါကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**မြဝတီ**

### ဘေးသင့်ပြည်သူများအတွက် နိုင်ငံတကာမှပေးပို့ထောက်ပံ့သည့် လှူဒါန်းပစ္စည်းမျိုးစုံ လက်ခံရရှိမှုနှင့် ဖြန့်ဝေပြီးစီးမှုစာရင်းချုပ်
### (၃၀-၃-၂၀၂၅ ရက်နေ့မှ ၂၀-၈-၂၀၂၅ ရက်နေ့အထိ)

| စဉ် | အမျိုးအစား | ရေတွက်ပုံ | ရောက်ရှိ | ဖြန့်ခွဲ | | | | ဝန်ကြီးဌာန/အဖွဲ့အစည်း | လက်ကျန် | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|
| | | | | နေပြည်တော် | မန္တလေး | စစ်ကိုင်း | ရှမ်း | | | |
| ၁ | မိုးကာတဲ အရွယ်အစားမျိုးစုံ | လုံး | **၁၅၃၁၉** | ၁၇၃၆ | ၁၄၀၁ | ၁၇၃၂ | ၂၉၈ | ၅၀၇၆ | **၅၀၇၆** | |
| ၂ | တာပေါ်လင်/ မိုးကာစ မျိုးစုံ | လိပ် | **၇၇၅** | ၁၀ | ၄၁၅ | - | - | ၁၅၀ | **၂၀၀** | |
| | | အိတ် | **၄** | - | ၄ | - | - | - | - | |
| | | ထုပ် | **၁၉၆၃** | ၄ | ၂၅ | ၁၄၉၇ | - | ၄၃၇ | - | |
| | | စ | **၇၉၉၅** | - | - | - | - | ၁၂၄၀ | **၆၇၅၅** | |
| | | ဖာ | **၁၈၉** | ၁၈၉ | - | - | - | - | - | |
| | | ချပ် | **၂၄၂၈** | ၃၀ | ၁၅၆ | ၁၂ | | ၁၀၃၁ | **၁၁၉၉** | |
| ၃ | Hygiene Kit | ခု | **၃၀၁၇** | ၁၀၀၀ | ၁၄၀၀ | ၆၁၇ | - | - | - | |
| | | ဖာ | **၄၃၈၆** | ၁၅၄၂ | ၂၀၇၈ | ၁၁၈ | ၆၄၈ | - | - | |
| ၄ | Kitchen Set | စုံ | **၃၆၂၄** | ၉၇၄ | ၁၅၂၀ | ၉၈၉ | ၁၄၁ | - | - | |
| | | ဖာ | **၆၁၈** | ၂၀၂ | ၃၉၁ | ၁၃ | ၁၂ | - | - | |
| ၅ | မီးစက် | လုံး | **၁၆၅** | ၃၇ | ၁၀၀ | ၂၄ | ၃ | ၁ | - | |
| ၆ | ရေသန့်စက် | လုံး | **၁၀၀၃** | - | ၁၀၀၃ | - | - | - | - | |
| | | ဖာ | **၁၈** | ၈ | ၈ | ၁ | ၁ | - | - | |
| ၇ | Sleeping Bags | ထုပ် | **၄၉၇** | ၁၉၃ | ၂၆၇ | ၁၆ | ၂၁ | - | - | |
| | | ခု | **၁၄၄** | ၆၂ | ၇၄ | ၃ | ၅ | - | - | |
| | | ဖာ | **၁၆၄** | ၈၂ | ၇၀ | ၅ | ၇ | - | - | |
| ၈ | စားသောက်ကုန်ပစ္စည်း မျိုးစုံ | မျိုး | **၁၁၂** | ၃၁ | ၅၂ | ၂၁ | ၈ | - | - | |
| | | ဖာ | **၂၃၈၃၉** | ၁၁၉၅၇ | ၉၅၉၈ | ၁၅၆၁ | ၆၃၇ | ၈၆ | - | |
| | | အိတ် | **၃၃၅** | ၁၃၁ | ၁၇၈ | ၁၂ | ၁၄ | - | - | |
| | | ကတ် | **၁၀၀** | ၁၀၀ | - | - | - | - | - | |
| | | ထုပ် | **၉၂** | ၄၂ | ၄၁ | ၄ | ၅ | - | - | |
| ၉ | လူသုံးကုန် ပစ္စည်း မျိုးစုံ | မျိုး | **၉၀** | ၂၆ | ၃၇ | ၈ | ၁၀ | ၉ | - | |
| | | ဖာ | **၅၅၅၇** | ၁၅၄၃ | ၂၈၁၆ | ၁၀၀၆ | ၁၅၉ | ၃၃ | - | |
| | | ထုပ် | **၂၄၄၃** | ၉၉၁ | ၁၂၅၅ | ၁၀၅ | ၉၂ | - | - | |
| | | ခု | **၁၇၆၃** | ၇၉၁ | ၈၁၇ | ၇၁ | ၈၄ | - | - | |
| | | ထည် | **၁၀၇၃** | ၄၉၃ | ၄၈၀ | ၄၄ | ၅၅ | - | - | |
| | | စည်း | **၂၇** | ၁၂ | ၁၁ | ၂ | ၂ | - | - | |
| ၁၀ | အိမ်သုံး ပစ္စည်းများ | မျိုး | **၃၇** | ၄ | ၂၁ | ၁၁ | ၁ | - | - | |
| | | ဖာ | **၂၂၈** | ၉၇ | ၉၇ | ၁၆ | ၁၆ | ၂ | - | |
| | | စုံ | **၂၁၀၈** | ၂၀၄၉ | ၄၇ | ၅ | ၇ | - | - | |
| | | လုံး | **၂၃** | ၁၀ | ၉ | ၂ | ၂ | - | - | |
| | | ထုပ် | **၈၁** | ၃၇ | ၃၆ | ၃ | ၅ | - | - | |
| ၁၁ | လျှပ်စစ် ပစ္စည်းမျိုးစုံ | ခု | **၇၁** | ၃၁ | ၃၀ | ၅ | ၅ | - | - | |
| | | ဖာ | **၇၉၉** | ၃၄၁ | ၃၇၂ | ၄၂ | ၄၄ | - | - | |
| ၁၂ | ဆေးနှင့် ဆေးပစ္စည်း မျိုးစုံ | မျိုး | **၆၆၆** | ၁ | ၈ | - | ၂ | ၆၅၅ | - | |
| | | အိတ် | **၁၅၀၂၀** | ၄၉၉၅ | ၉၀၆၀ | ၅၄၀ | ၄၀၅ | ၂၀ | - | |
| | | ဖာ | **၁၉၆၆** | ၂၆ | - | - | - | ၁၉၄၀ | - | |
| ၁၃ | ခွဲစိတ်ခန်းသုံး ပစ္စည်း | မျိုး | **၁၁၆** | - | - | - | - | ၁၁၆ | - | |
| | | ဖာ | **၇** | - | - | - | - | ၇ | - | |

### Singapore Lotus Light Charity Society မှ လှူဒါန်းပစ္စည်းများ လက်ခံရရှိမှုနှင့် ဖြန့်ဝေပြီးစီးမှုအခြေအနေ
### (၂၆-၆-၂၀၂၅ ရက်နေ့မှ ၂၀-၈-၂၀၂၅ ရက်နေ့အထိ)

| စဉ် | အမျိုးအစား | ရေတွက်ပုံ | ရောက်ရှိ | ဖြန့်ခွဲ | | | | ဝန်ကြီးဌာန/အဖွဲ့အစည်း | လက်ကျန် | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|
| | | | | နေပြည်တော် | မန္တလေး | စစ်ကိုင်း | ရှမ်း | | | |
| ၁ | Sleeping Bags | ထုပ် | **၁** | ၁ | - | - | - | - | - | |
| ၂ | စားသောက်ကုန်ပစ္စည်း | ဖာ | **၁၀** | ၄ | ၄ | ၁ | ၁ | - | - | |
| ၃ | လူသုံးကုန်ပစ္စည်း | ဖာ | **၇** | ၃ | ၂ | ၁ | ၁ | - | - | |

### Singapore Buddha Dhamma Mandala Society နှင့် Love and Care Charity Group မှ လှူဒါန်းပစ္စည်းများ လက်ခံရရှိမှုနှင့် ဖြန့်ဝေပြီးစီးမှုအခြေအနေ
### (၂၆-၆-၂၀၂၅ ရက်နေ့မှ ၂၀-၈-၂၀၂၅ ရက်နေ့အထိ)

| စဉ် | အမျိုးအစား | ရေတွက်ပုံ | ရောက်ရှိ | ဖြန့်ခွဲ | | | | ဝန်ကြီးဌာန/အဖွဲ့အစည်း | လက်ကျန် | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|
| | | | | နေပြည်တော် | မန္တလေး | စစ်ကိုင်း | ရှမ်း | | | |
| ၁ | လူသုံးကုန်ပစ္စည်း | ဖာ | **၁** | - | - | - | ၁ | - | - | |
| ၂ | ဆေးနှင့်ဆေးပစ္စည်း | ဖာ | **၁** | ၁ | - | - | - | - | - | |

### ထိုင်းနိုင်ငံ၊ ထစ်ဖဒုန်းဖောင်အုန်းသီးကုမ္ပဏီမှ လှူဒါန်းပစ္စည်းများ လက်ခံရရှိမှုနှင့် ဖြန့်ဝေပြီးစီးမှုအခြေအနေ
### (၂၆-၆-၂၀၂၅ ရက်နေ့မှ ၂၀-၈-၂၀၂၅ ရက်နေ့အထိ)

| စဉ် | အမျိုးအစား | ရေတွက်ပုံ | ရောက်ရှိ | ဖြန့်ခွဲ | | | | ဝန်ကြီးဌာန/အဖွဲ့အစည်း | လက်ကျန် | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|
| | | | | နေပြည်တော် | မန္တလေး | စစ်ကိုင်း | ရှမ်း | | | |
| ၁ | စားသောက်ကုန်ပစ္စည်းမျိုးစုံ | ဖာ | **၃၀၀၀** | ၁၃၈၀ | ၁၃၅၀ | ၁၂၀ | ၁၅၀ | - | - | |
| ၂ | လူသုံးကုန်ပစ္စည်း | ထည် | **၁၀၀၀** | ၄၆၀ | ၄၅၀ | ၄၀ | ၅၀ | - | - | |

### တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ကူမင်းမြို့မှ လှူဒါန်းပစ္စည်းများ လက်ခံရရှိမှုနှင့် ဖြန့်ဝေပြီးစီးမှုအခြေအနေ
### (၂၆-၆-၂၀၂၅ ရက်နေ့မှ ၂၀-၈-၂၀၂၅ ရက်နေ့အထိ)

| စဉ် | အမျိုးအစား | ရေတွက်ပုံ | ရောက်ရှိ | ဖြန့်ခွဲ | | | | ဝန်ကြီးဌာန/အဖွဲ့အစည်း | လက်ကျန် | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|
| | | | | နေပြည်တော် | မန္တလေး | စစ်ကိုင်း | ရှမ်း | | | |
| ၁ | လူသုံးကုန် ပစ္စည်းမျိုးစုံ | ခု | **၉၉** | ၄၆ | ၄၄ | ၄ | ၅ | - | - | |
| | | စည်း | **၂၀** | ၉ | ၉ | ၁ | ၁ | - | - | |
| ၂ | အိမ်သုံး ပစ္စည်းများ | ထုပ် | **၈၁** | ၃၇ | ၃၆ | ၃ | ၅ | - | - | |
| ၃ | လျှပ်စစ် ပစ္စည်းမျိုးစုံ | ဖာ | **၄၆၆** | ၂၀၈ | ၁၉၄ | ၂၉ | ၃၅ | - | - | |
| | | ခု | **၆၄** | ၂၉ | ၂၇ | ၄ | ၄ | - | - | |

## ရေကြီးမှု အခြေအနေ

နေပြည်တော် ဩဂုတ် ၂၁

ယနေ့ည ၁၀ နာရီအချိန်တိုင်းထွာချက်အရ မယ်ဆိုင်ချောင်းရေသည် တာချီလိတ်မြို့(လွယ်တော်ခမ်းကျေးရွာ)တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း ၁ ပေခန့်မြင့်တက်လာနိုင်ကာ ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ တာချီလိတ်မြို့နယ်အတွင်းရှိ ချောင်းကမ်းအနီးနှင့် မြေနိမ့်ပိုင်း နေထိုင်သူများအနေဖြင့် ကြိုတင်သတိပြုနိုင်ပါရန်နှင့် ချောင်းရေမြင့်တက်လာပါက အချိန်မီရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

(မိုး/ဇလ)

# နှလုံးကျန်းမာရေး

နှလုံးရောဂါ၏သတိပေးလက္ခဏာများမှာ ရင်ဘတ်အောင့်ခြင်း၊ အသက်ရှူမှုတိုတောင်းခြင်း၊ နှလုံးခုန်အလွန်မြန်ခြင်း၊ နှလုံးခုန်မမှန်ခြင်းနှင့် သတိလစ်မေ့မြောခြင်းတို့ဖြစ်သည်။

နာကျင်မှုဝေဒနာသည် ရင်ဘတ်အလယ်ကောင်တွင်ဖြစ်ပေါ်ပြီး ထိုမှတစ်ဆင့် လက်မောင်း၊ လည်ပင်း သို့မဟုတ် မေးရိုးအထိပျံ့နှံ့သွားသည်။ ထို့ပြင် ချောင်းဆိုးလိုခြင်း၊ ချောင်းဆိုးခြင်း၊ ချွေးထွက်ခြင်း၊ အသက်ရှူမှုတိုတောင်းခြင်းနှင့် သတိလစ်မေ့မြောခြင်းတို့ဖြစ်နိုင်သည်။ ထို့ပြင် လေ့ကျင့်ခန်းလုပ်စဉ်နှင့် စိတ်ဖိစီးမှုများစဉ် အဆိုပါလက္ခဏာများဖြစ်ပေါ်ပြီး တဖြည်းဖြည်းဆိုးရွားလာကာ လေ့ကျင့်ခန်းရပ်လိုက်ပါက လက္ခဏာများ မပေါ်တော့ပေ။

### ရောဂါကာကွယ်နည်းများ

ဖြစ်နိုင်ခြေအဆင့်ပြကိန်းများနှင့် နီးစပ်မှုရှိသူများမှာ နှလုံးကြွက်သားသို့ သွေးရောက်မှုနည်းသောရောဂါဖြစ်နိုင်ခြေများသကဲ့သို့ တခြားသူများထက် ပြင်းထန်နိုင်သည်။ ထို့ကြောင့် ဖြစ်နိုင်ခြေအဆင့်ပြကိန်းများ လျှော့ချခြင်းဖြင့် ကာကွယ်နိုင်သကဲ့သို့ နှလုံးကြွက်သားသို့ သွေးရောက်ရှိမှုနည်းသောရောဂါကြောင့် သေဆုံးမှုကိုလည်း လျှော့ချနိုင်ပေသည်။

နှလုံးကြွက်သားသို့ သွေးရောက်ရှိမှုနည်းသောရောဂါဖြစ်နိုင်ခြေအဆင့်ပြကိန်းလျှော့ချနည်းများမှာ ဆေးလိပ်သောက်ခြင်းကိုရှောင်ကြဉ်ခြင်း၊ ကျန်းမာရေးနှင့်ညီညွတ်သည့် ကိုယ်အလေးချိန်ထိန်းသိမ်းခြင်း၊ လေ့ကျင့်ခန်းပြုလုပ်ခြင်း၊ လုံလောက်အောင်အနားယူခြင်း၊ ဆီးချို၊ သွေးချို၊ ကိုလက်စထရောနှင့် သွေးတိုးကိုထိန်းခြင်းတို့ဖြစ်သည်။

### လေ့ကျင့်ခန်းပြုလုပ်ပြီး နှလုံးရောဂါစမ်းသပ်ခြင်း

ကျွမ်းကျင်သည့်ဆရာဝန်နှင့် မိမိ၏နှလုံးအလုပ်လုပ်နေမှုကို စမ်းသပ်ရန်လိုအပ်သည်။ ယင်းစမ်းသပ်ချက်ဖြင့် နှလုံးကြွက်သားသို့ သွေးရောက်ရှိမှုနည်းခြင်းသည် သွေးကြောများတွင်ဖြစ်နိုင်ခြင်း စသည်တို့ကို သိရှိနိုင်ပြီး ဆရာဝန်အနေဖြင့် လူနာနှင့်သင့်လျော်သောလေ့ကျင့်ခန်းများလုပ်ဆောင်ရန် အကြံပြုနိုင်မည်ဖြစ်သည်။

အမျိုးသားများတွင် အသက် ၄၅ နှစ်အထက်နှင့် အမျိုးသမီးများတွင် အသက် ၅၅ နှစ်အထက်ရှိ ဆီးချို၊ သွေးချိုရောဂါရှိသူများ၊ သွေးတိုးရောဂါရှိသူများ၊ ကိုလက်စထရောလွန်ကဲသူများ၊ ဆေးလိပ်သောက်သူများ၊ ကိုယ်အလေးချိန်ပိုသူများ၊ မိသားစုတွင် နှလုံးကြွက်သားသို့ သွေးရောက်ရှိမှုနည်းသောရောဂါရှိသူများ လေ့ကျင့်ခန်းပြုလုပ်ရန်လိုအပ်သည်။ အထူးသဖြင့် ရင်ဘတ်အောင့်လျှင်လည်းကောင်း၊ အသက်ရှူမှုတိုတောင်းလျှင်လည်းကောင်း၊ သတိမေ့မြောခြင်း၊ နှလုံးခုန်မြန်ခြင်းနှင့် မမှန်ခြင်း၊ နှလုံးသွေးလှည့်ပတ်မှုမမှန်လျှင်လည်းကောင်း လေ့ကျင့်ခန်းပြုလုပ်ပြီး နှလုံးရောဂါကို စမ်းသပ်ရန်လိုအပ်သည်။

### ပဲ့တင်သံ(Echo)ဖြင့် နှလုံးစမ်းသပ်ခြင်း

ယင်းစက်ကိုအသုံးပြု၍ လူနာ၏နှလုံးအနေအထား၊ နှလုံး၏လုပ်ဆောင်ချက်၊ နှလုံးအဆို့ရှင်များ၊ နှလုံးကြွက်သားများ၊ နှလုံးအမြှေးလွှာတို့၏အခြေအနေများနှင့် နှလုံးသွေးလှည့်ပတ်မှုကို ဆရာဝန်က စမ်းသပ်သိရှိနိုင်သည်။

အသက်ရှူမှုတိုတောင်းခြင်း၊ ရင်ဘတ်အောင့်ခြင်း၊ နှလုံးခုန်မမှန်ခြင်း၊ မူးလဲခြင်း စသည့်ဝေဒနာခံစားရသူများအနေဖြင့် Echocardiography ဖြင့် ရင်ဘတ်ဓာတ်မှန်ရိုက်ခြင်းလုပ်ဆောင်ပြီး ပုံမမှန်သောနှလုံးခုန်သံရှိကြောင်း၊ နှလုံးရောဂါနှင့်ဆက်စပ်နေသောအသံရှိနေကြောင်းနှင့် မွေးရာပါနှလုံးရောဂါခံစားနေရသူဟု သံသယရှိနေကြောင်း သိရှိနိုင်သည်။ ထို့ပြင် နှလုံးမူမမှန်မှုလက္ခဏာများဖြစ်သည့် နှုတ်ခမ်းဖြူဖျော့ခြင်း၊ ရင်ဘတ်အောင့်ခြင်း၊ ရှေ့ပြေးလက္ခဏာလူနာများအနေဖြင့် နှလုံးစမ်းသပ်စက်ဖြင့် စမ်းသပ်စစ်ဆေးရန်လိုအပ်သည်။

နှလုံးရောဂါသည် ကမ္ဘာပေါ်၌ အသက်ဆုံးရှုံးမှုအများဆုံးရောဂါတစ်ခုဖြစ်ပြီး လက္ခဏာမပြဘဲ ရုတ်တရက်ဖြစ်သည်မျိုးတွေ့ကြုံရနိုင်သည်။ ကျန်းမာနေသူများပင် နှလုံးရောဂါကြောင့် အသက်ဆုံးရှုံးနိုင်သည်။ ထို့ကြောင့် နှလုံးကျန်းမာရေးနှင့်ပတ်သက်သည့်သတိပေးလက္ခဏာများကိုသိထားသင့်သည်။

### အသက်ရှူမဝခြင်း

အိမ်တွင်းလှုပ်ရှားမှုနှင့်ပင် အသက်ရှူမဝဖြစ်နေပါက စိုးရိမ်စရာဖြစ်သည်။ အထူးသဖြင့် ယခင်က ကိုယ်ကာယလေ့ကျင့်ခန်းများ အလွယ်တကူပြုလုပ်နိုင်ခဲ့သူတစ်ယောက် ရုတ်တရက် လှုပ်ရှားမှုနည်းလာပြီး အသက်ရှူကျပ်လာပါက နှလုံးတွင်ပြဿနာရှိနိုင်သည်။ ထို့ပြင် လှဲနေရင်း အသက်ရှူရခက်ခဲခြင်းကလည်း နှလုံးအဆို့ရှင်ပြဿနာဖြစ်သည်။

### ဗိုက်အောင့်ခြင်း

နှလုံးရောဂါရှိသူအမျိုးသမီးတချို့သည် နှလုံးရပ်ခါနီး ရက်အနည်းငယ်အလိုတွင် ပြင်းထန်သည့်ဗိုက်အောင့်ခြင်း သို့မဟုတ် အစာမကြေခြင်းကိုတွေ့ကြုံရတတ်သည်။ ယင်းကို အစာအိမ်ပြဿနာဟုထင်ပြီး အများစုက လျစ်လျူရှုမိတတ်ကြသည်။ အကြောင်းရင်းမရှိဘဲ ရုတ်တရက် အစာမကြေဖြစ်လာပါက ဆရာဝန်ထံပြသသင့်သည်။

### ရင်ဘတ်အောင့်ခြင်း

နှလုံးရောဂါဟုပြောလိုက်ပါက လူအများစုက ရုတ်တရက် ရင်ဘတ်ထိုးအောင့်ပြီး လဲကျသည့်ပုံစံကိုသာတွေးကြသည်။ နှလုံးရောဂါ၏လက္ခဏာက ရင်ဘတ်ပေါ်၌ လေးသောအရာဝတ္ထုတစ်ခုတင်ထားသကဲ့သို့ ဖိအားသက်ရောက်ခြင်းကို ခံစားရသည်ကများသည်။ ထိုသို့ခံစားရပါက အရေးပေါ်အကူအညီတောင်းရန်လိုအပ်သည်။

### တုပ်ကွေးရောဂါလက္ခဏာကိုခံစားရခြင်း

မောပန်းနွမ်းနယ်လာခြင်း၊ ချမ်းစိမ့်စိမ့်ဖြစ်လာခြင်း၊ ပျို့အန်ချင်စိတ်ဖြစ်လာခြင်း စသောတုပ်ကွေးရောဂါလက္ခဏာများက သွေးလှည့်ပတ်မှုမကောင်းသောလက္ခဏာဖြစ်သည်။ ကိုယ်လက်လှုပ်ရှားမှုလုပ်ပြီးတိုင်း အဆိုပါလက္ခဏာများဖြစ်ပေါ်ပါက ဆရာဝန်ထံပြသသင့်သည်။

**''အမျိုးသားများတွင် အသက် ၄၅ နှစ်အထက်နှင့် အမျိုးသမီးများတွင် အသက် ၅၅ နှစ်အထက်ရှိ ဆီးချို၊ သွေးချိုရောဂါရှိသူများ၊ သွေးတိုးရောဂါရှိသူများ၊ ကိုလက်စထရောလွန်ကဲသူများ၊ ဆေးလိပ်သောက်သူများ၊ ကိုယ်အလေးချိန်ပိုသူများ၊ မိသားစုတွင် နှလုံးကြွက်သားသို့ သွေးရောက်ရှိမှုနည်းသောရောဂါရှိသူများ လေ့ကျင့်ခန်းပြုလုပ်ရန်လိုအပ်သည်. . .''**

### အိပ်မပျော်ခြင်း

နှလုံးရောဂါဖြစ်နိုင်ခြေများသည့် အမျိုးသမီးများအနေဖြင့် နှလုံးရပ်ခါနီး ရက်သတ္တပတ်အနည်းငယ်အတွင်း အိပ်မပျော်ခြင်းနှင့် ပင်ပန်းနွမ်းနယ်ခြင်းများ တွေ့ကြုံရတတ်သည်။ အိပ်စက်မှုပုံစံပြောင်းလဲခြင်းကလည်း နှလုံးရောဂါ၏သတိပေးလက္ခဏာဖြစ်နိုင်သည်။

### ခေါင်းမူးခြင်း

မကြာခဏခေါင်းမူးခြင်း၊ သတိလစ်ချင်သကဲ့သို့ဖြစ်ခြင်းများသည် နှလုံးအဆို့ရှင်ပြဿနာ သို့မဟုတ် နှလုံးသွေးကြောပိတ်ဆို့မှု၏လက္ခဏာဖြစ်နိုင်သည်။ အထူးသဖြင့် ခေါင်းမူးခြင်းနှင့်အတူ နှလုံးခုန်မြန်ခြင်း သို့မဟုတ် နှလုံးခုန်မမှန်ခြင်းပါ တွဲဖြစ်လာပါက ဆရာဝန်ထံ အမြန်ဆုံးပြသသင့်သည်။

အဆိုပါလက္ခဏာများထဲမှ တစ်ခုခုကို သတိထားမိပါက ဆရာဝန်ထံ အမြန်ဆုံးပြသသင့်သည်။ နှလုံးရောဂါသည် နေထိုင်မှုပုံစံ၊ စိတ်ဖိစီးမှု၊ အစားအသောက်၊ ကိုယ်လက်လှုပ်ရှားမှုများနှင့်လည်းဆက်စပ်နေသည်။ ရင်ဘတ်အောင့်ခြင်း၊ အသက်ရှူမဝခြင်း စသည့်အရေးပေါ်လက္ခဏာများဖြစ်ပါက နီးစပ်ရာဆေးရုံ၊ ဆေးခန်းသို့ သွားရောက်ပြသသင့်သည်။

နှလုံးရောဂါသည် ကမ္ဘာပေါ်၌ သေဆုံးမှုအများဆုံးရောဂါဖြစ်ပြီး အရေးပါသောနှလုံးတွင် ရောဂါခံစားရသည့်အခါ နှောင်းမှ နောင်တရတတ်သည်။

ထို့ကြောင့် နေ့စဉ် လေ့ကျင့်ခန်းနာရီဝက်မှ တစ်နာရီ အပြေး၊ ရွှေ့ရွှေ့ပြေး၊ လမ်းလျှောက်၊ စက်ဘီးစီး၊ ရေကူးပြုလုပ်သင့်သည်။ နေ့စဉ်ပုံမှန်လေ့ကျင့်ခန်းပြုလုပ်ခြင်းဖြင့် နေ့စဉ်စားသုံးသမျှပိုလျှံသော ကယ်လိုရီများ အဆီအဖြစ်စုဆောင်းခြင်း၊ အဝလွန်ခြင်း၊ ဆီးချို၊ သွေးချိုရောဂါဖြစ်ခြင်း၊ နှလုံးသွေးကြောရောဂါဖြစ်ခြင်းတို့မှ ကင်းဝေးစေကာ လူ့ဘဝတွင် ကျန်းမာပြီး သက်တမ်းစေ့နေထိုင်နိုင်မည်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

**ဒေါက်တာလွင်သန့်**

---

## ကျိုက်ထိုမြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေး နယ်လှည့်စာကြည့်တိုက်ဖွင့်လှစ်



ကျိုက်ထို ဩဂုတ် ၂၁

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် ပညာရေးဌာနတို့ပူးပေါင်း၍ ကျောင်းသား၊ကျောင်းသူများ အသိပညာ ဗဟုသုတတိုးပွားစေရေး စာဖတ်ရှိန်မြှင့်တင်ရေး နယ်လှည့်စာကြည့်တိုက်ဖွင့်လှစ်ခြင်းကို ဩဂုတ်လ ၂၀ ရက်က ကျိုက်ထိုမြို့ ကံ့ကော်ရပ်ကွက်ရှိ အခြေခံပညာမူလတန်းကျောင်း (အောင်ချမ်းသာ)၌ ဆောင်ရွက်သည်။

ရေးဦးစွာ ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်ထားအေးက အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက ကျောင်းသား၊ ကျောင်းသူများ အားလပ်ချိန်တွင် အချိန်ကိုအကျိုးရှိစွာအသုံးပြုရေး၊ ကျောင်းစာကိုကြိုးစားကြသကဲ့သို့ ဗဟုသုတတိုးပွားရေးအတွက် ပြင်ပစာပေများကိုပါ လေ့လာဖတ်ရှုကြရေးနှင့်မူးယစ်ဆေးဝါးအန္တရာယ်အကြောင်းတို့ကို အသိပညာပေးဟောပြောသည်။

ဆက်လက်၍ ကျောင်းသား၊ ကျောင်းသူများက စာဖတ်စွမ်းရည်၊ ပုံပြောပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲများကို ယှဉ်ပြိုင်ကြသည်။

ယင်းနောက် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကလေးကဗျာများ၊ ရုပ်ပြပုံပြင်များ၊ ကလေးများ အသိပညာတိုးပွားရေး စာအုပ်စာပေများ၊ မူးယစ်ဆေးဝါးအန္တရာယ် သတိပြုကာကွယ်ရေး စသည့်အသိပညာပေးနံရံကပ်စာစောင်များကို ခင်းကျင်းပြသထားရာ ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

**ချမ်းမြေ့**

---

## ညောင်လေးပင်မြို့နယ်၌ အခွန်ဆိုင်ရာ အသိပညာပေး ဗီနိုင်းချိတ်ဆွဲထားရှိမှု ကွင်းဆင်းစစ်ဆေး

ညောင်လေးပင် ဩဂုတ် ၂၁

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်ခရိုင် ညောင်လေးပင်မြို့နယ်၌ ပြေစာအမှတ်တံဆိပ်ကပ်နှိပ်ရောင်းချသောဆိုင်များတွင် အခွန်ဆိုင်ရာအသိပညာပေးကြေညာချက်နှင့်ပတ်သက်၍ အများပြည်သူသိရှိနိုင်ရေး ဗီနိုင်းချိတ်ဆွဲထားရှိမှုအခြေအနေကို ဩဂုတ်လ ၂၁ ရက်တွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ညောင်လေးပင်မြို့နယ် အခွန်ဦးစီးဌာန ဦးစီးမှူး ဒေါ်နီလာထွန်းနှင့်အဖွဲ့မှဦးဆောင်၍ မြို့နယ်ရဲတပ်ဖွဲ့၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ်စီမံကိန်းဦးစီးဌာနတို့မှ တာဝန်ရှိသူများပူးပေါင်းကာ ညောင်လေးပင်မြို့နယ်အတွင်းရှိ ပြေစာကပ်နှိပ်သောဆိုင်များတွင် နိုင်ငံကြီးသားပီသစွာ ဤဆိုင်တွင် အခွန်ပေးဆောင်ပါဟူသော ကြေညာချက်ဗီနိုင်းကို အများပြည်သူများ ကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်ရေး ချိတ်ဆွဲထားခြင်း ရှိ၊ မရှိစစ်ဆေးခြင်းနှင့် အခွန်ဆိုင်ရာ အသိပညာပေးခြင်းလုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**နေလင်း(ညောင်လေးပင်)**

## မသန်စွမ်းသက်ကြီးသင်တန်းကျောင်းမှ သင်တန်းသား၊ သင်တန်းသူများခေါ်ယူခြင်း

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာန မသန်စွမ်းသက်ကြီးသင်တန်းကျောင်း(ရန်ကုန်)တွင် ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွင်း အမှတ်စဉ်(၂)၊ (၃) လသင်တန်းများဖြစ်သော ဆံသသင်တန်း၊ စက်ချုပ်သင်တန်း၊ ကွန်ပျူတာသင်တန်းနှင့် တံဆိပ်ရိုက်သင်တန်းများကို ၈.၉.၂၀၂၅ ရက်မှ ၅.၁၂.၂၀၂၅ ရက်အထိ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ပြီး အောက်ပါသတ်မှတ်ချက်များနှင့် ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်-

**သတ်မှတ်ချက်များ**

၁။ ကိုယ်အင်္ဂါမသန်စွမ်းသူဖြစ်ရမည်။

၂။ အသက်(၁၈)နှစ်မှ (၄၅)နှစ်အတွင်းရှိသူဖြစ်ရမည်။

၃။ နေ့စဉ်တစ်ကိုယ်ရေလုပ်ငန်းဆောင်တာများအား ဆောင်ရွက်နိုင်သူဖြစ်ရမည်။

၄။ ကျား/မ၊ လူမျိုးနှင့် ကိုးကွယ်ရာဘာသာမရွေးလျှောက်ထားနိုင်သည်။

၅။ သင်တန်းကာလပြီးဆုံးအောင် တက်ရောက်နိုင်သူဖြစ်ရမည်။

**သင်တန်းအပ်နှံရာတွင် လိုအပ်သည့်အချက်များ**

၁။ မှတ်ပုံတင်မိတ္တူ

၂။ အိမ်ထောင်စုဇယားမိတ္တူ

၃။ ပညာအရည်အချင်းထောက်ခံစာမိတ္တူ

၄။ ပတ်စ်ပို့ဓာတ်ပုံ(၂)ပုံ

၅။ သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူး၏ အမှန်တကယ်နေထိုင်ကြောင်းထောက်ခံချက်မူရင်း

၆။ ကျန်းမာရေးနှင့်ပတ်သက်သော ဆေးမှတ်တမ်းများနှင့် သောက်သုံးနေရသည့် ဆေးဝါးများယူဆောင်လာရန်

လျှောက်ထားလိုသူများသည် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာန အမှတ်(၆၅) ကျိုက်ဝိုင်းဘုရားလမ်း လူမှုဝန်ထမ်းအတတ်သင်သိပ္ပံကျောင်းဝင်းအတွင်းရှိ မသန်စွမ်းသက်ကြီးသင်တန်းကျောင်း မရမ်းကုန်းမြို့နယ် ရန်ကုန်တိုင်းဒေသကြီးသို့ လူကိုယ်တိုင်တိုက်ရိုက်လျှောက်ထားနိုင်ပါသည်။

သင်တန်းတက်ရောက်ခွင့်ရသူများသည် သင်တန်းတက်ရောက်နေစဉ်ကာလအတွင်း စားသောက်နေထိုင်ရေး၊ သင်ထောက်ကူပစ္စည်းများနှင့် နယ်မှလာရောက်သော သင်တန်းသား၊ သင်တန်းသူများအတွက် ရန်ကုန်မြို့သို့လာသော အသွားအပြန်ခရီးစရိတ်များကို နိုင်ငံတော်မှ စီစဉ်ပံ့ပိုးပေးသွားမည်ဖြစ်ပါသည်။


အသေးစိတ်သိရှိလိုပါက လူမှုဝန်ထမ်းဦးစီးဌာန မသန်စွမ်းသူများဖွံ့ဖြိုးတိုးတက်ရေးဌာနခွဲ ဖုန်းနံပါတ် - ၀၆၇-၄၀၄၂၅၂၊ ၀၆၇-၄၀၄၆၇၆ နှင့် မသန်စွမ်းသက်ကြီးသင်တန်းကျောင်း (ရန်ကုန်) ဖုန်းနံပါတ်-၀၁-၉၆၆၁၇၁၂၊ ၀၉-၄၄၈၀၃၅၀၈၀၊ ၀၉-၉၇၂၆၆၁၈၄၀ တို့ကို ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**လူမှုဝန်ထမ်းဦးစီးဌာန**

# သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးဟောပြောပွဲနှင့် ဘေးအန္တရာယ်တုံ့ပြန်ဆောင်ရွက်ရေးနည်းလမ်းများ သင်ကြားပေး

နေပြည်တော် သြဂုတ် ၂၁

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် မီးသတ်ဦးစီးဌာနမှဦးဆောင်၍ သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးဟောပြောပွဲနှင့် ဘေးအန္တရာယ်တုံ့ပြန်ဆောင်ရွက်ရေးနည်းလမ်းများ သင်ကြားခြင်းအခမ်းအနားကို သြဂုတ်လ ၂၀ ရက်တွင် မကျီးပင်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။



အခမ်းအနားတွင် မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးဟိန်းအောင်ကျော်က မီးသတ်ဦးစီးဌာန၏ ရည်ရွယ်ချက်များနှင့် မီးဘေး၊ ရေဘေး၊ လေဘေး၊ ငလျင်ဘေး စသည့် ဘေးအန္တရာယ်ဆိုင်ရာကိစ္စရပ်များတွင် မီးသတ်ဦးစီးဌာနမှ ကူညီဆောင်ရွက်ရသည့်အကြောင်းများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးဟိန်းအောင်ကျော်၊ မီးသတ်ဦးစီးဌာန ဒုတိယဦးစီးမှူး ဦးသော်ခန့်ဝေနှင့် မီးသတ်တပ်ဖွဲ့ဝင်များက လက်တွေ့မီးငြိမ်းသတ်နည်းများနှင့် သဘာဝဘေးအန္တရာယ်ကာကွယ်လျှော့ချရေး အသိပညာပေးဂိမ်းကစားနည်းများဖြစ်သည့် Fire target shooting game၊ Fire tig-tag-toe game၊ အရေးပေါ်ရှေးဦးသူနာပြုစုခြင်း၊ လူနာထမ်းစင်ပြုလုပ်ခြင်း၊ အသက်ကယ်အင်္ကျီပြုလုပ်ခြင်း၊ အရေးပေါ်အိတ်ပြုလုပ်ခြင်း၊ အသက်ကယ်သောကြိုးကလေးပြုလုပ်ခြင်း စသည့်နည်းလမ်းများကို ရှင်းလင်းသင်ကြားပေးကြောင်း သိရသည်။ (၄၁၃)

## မြဝတီရုပ်မြင်သံကြားအစီအစဉ် ၂၂-၈-၂၀၂၅(သောကြာနေ့)

| | | |
|---|---|---|
| ၁။ | ၀၆:၀၀ | တရားတော် |
| ၂။ | ၀၈:၀၀ | မျိုးချစ်တပ်မတော် |
| ၃။ | ၀၉:၀၀ | ကျန်းမာသုတ |
| ၄။ | ၁၁:၀၀ | အတွေးအမြင် |
| ၅။ | ၁၂:၀၀ | မြန်မာ့ရှုခင်း |
| ၆။ | ၁၄:၀၀ | ပန်းပေါင်းစုံစွာအနုပညာ |
| ၇။ | ၁၅:၀၀ | ဇာတ်လမ်းတို |
| ၈။ | ၁၆:၀၀ | ကိုယ်လက်လှုပ်ရှားအားကစား |
| ၉။ | ၁၇:၀၀ | သီချင်းလက်ဆောင် |
| ၁၀။ | ၁၈:၀၀ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၁၁။ | ၁၈:၃၀ | ထုတ်လွှင့်ပြန်ကြားသတင်းမှန်များ |
| ၁၂။ | ၁၉:၀၀ | **(၃၈)ဖြာမင်္ဂလာ ပုဗ္ဗေစကတပုညတာ၊ ဗဟုသစ္စဥ္စ** |
| ၁၃။ | ည ၈ နာရီ သတင်းအပြီး | အမျိုးသားရေးတေးကဗျာ |
| ၁၄။ | | နိုင်ငံတကာသတင်း |
| ၁၅။ | | တရားတော် |

## MWD Variety Channel ၂၂-၈-၂၀၂၅(သောကြာနေ့)

| | | |
|---|---|---|
| ၁။ | ၁၁:၃၀ | သောတဆင်စရာတေးမြန်မာ |
| ၂။ | ၁၅:၄၅ | ဗုဒ္ဓဘာသာအကြောင်းသိကောင်းစရာ |
| ၃။ | ၂၁:၂၅ | ပေး၍မကုန်ပေ မွန်မြတ်လှတဲ့ပညာအမွေ |
| ၄။ | ၂၂:၁၅ | ရုပ်မြင်သံကြားဇာတ်လမ်း |

## ချစ်မြဲချစ်သည် မြန်မာပြည်

❖ နိုင်ငံတစ်ဝန်း၊ စစ်ရဲစွမ်းနှင့်
ကြိုးပမ်းစစ်ချီ၊ အာဇာနည်မို့
တောင်ဆီကျော်ဖြတ်၊ တောရပ်တစ်ခွင်
လျှိုတွင်မနား၊ ဖြတ်ကျော်လွှားလျက်
စွန့်စားသွေးချွေး၊ အားမာန်မွေးကာ
ရန်ဘေးရန်စွယ်၊ ရန်ရှင်းဖယ်သည်
နေ့ကွယ်ညရောက်၊ ဒူးမထောက်နှင့်
ပ ပျောက် ခပင်း၊ အောင်မြေနင်းလို့
အောင်ခြင်းမင်္ဂလာ၊ အောင်ရာသာတည့်။

❖ ဘာမထီသေး၊ ဇာနည်သွေးမို့
အရေးရှိလျှင်၊ သွေးသိမြင်သည့်
ရင်တွင်သစ္စာ၊ မြဲမြံစွာမို့
မြန်မာဟူကား၊ စွမ်းပကားနှင့်
ကိုယ့်အား ကိုယ့်မာန်၊ လုံ့လထန်လျက်
ဇောန်ဆက်ဆက်၊ ရန်စနက်ကို
ကြံဖျက်တိုက်ထုတ်၊ အကျွန်ုပ်သည်
ဇာနည်ရဲဘော် ဖြစ်သောကြောင့်။

❖ တိုးတက်သာယာ၊ ပြည်မြန်မာကို
သီတာရေစက်၊ ဖျန်းကာပက်လို့
နေ့ရက်မနား၊ ပေးလုပ်အားနှင့်
ပြည်သားပြည်သူ၊ ဤဇမ္ဗူတွင်
ရန်ဟူဖယ်ရှင်း၊ အမှောင့်ကင်းအောင်
ဖြိုခွင်း တိုက်ထုတ်နေပါသည်။

❖ ချီလေခဲ့ ချီလေ
သည်မြေ တစ်လက်မ၊ ရှော့မကျဖို့
အာဂသတ္တိ၊ အစွမ်းရှိသည့်
လာဘိဘယ်ရန်၊ အပျောက်နှံလျက်
ငါ့မာန်မချ၊ ငါ့လုံ့လနှင့်
ငါမှမသေ၊ ငါ၏မြေကို
ငါလေမတွန့်၊ အသက်စွန့်လို့
မရှုံ့မဆုတ်၊ ငါတိုက်ထုတ်မည်
ကတုတ်နှယ်ခံ၊ တံတိုင်းရံရင်း
အမှန်သစ္စာ၊ ပြုခဲ့ပါသည်
မြန်မာပြည်ကို ချစ်သောကြောင့်။ ။

**မိုးမြင့်မေ(သ.က.ဟ.အ)**

# မန္တလေးငလျင်ဘေးသင့်ပြည်သူများအတွက် အလှူငွေများပေးအပ်လှူဒါန်း




နေပြည်တော် ဩဂုတ် ၂၁

မန္တလေးငလျင်ဘေးသင့်ပြည်သူများအတွက် လိုအပ်သည့်ထောက်ပံ့မှုများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ယနေ့ မွန်းလွဲ ၁ နာရီတွင် မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့ ချမ်းသာကြီးကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တနန္ဒဝံသနှင့် တပည့်ရဟန်း၊ သာမဏေ၊ ဒါယကာ၊ ဒါယိကာမတို့က ငွေကျပ်သိန်း ၁၀၀ ကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ လာရောက်ပေးအပ်လှူဒါန်းသည်။

ထိုသို့လှူဒါန်းငွေများကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက လက်ခံရယူပြီး ကျေးဇူးတင်စကားပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

မြဝတီ




# အာဆီယံဒေသတွင်း အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး လုပ်ငန်းစီမံချက်ဆိုင်ရာ နိုင်ငံအဆင့်အကြံပြုဆွေးနွေးပွဲကျင်းပ



နေပြည်တော် ဩဂုတ် ၂၁

အာဆီယံဒေသတွင်း အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေးလုပ်ငန်းစီမံချက်ဆိုင်ရာ နိုင်ငံအဆင့်အကြံပြုဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် Grand Amera Hotel နေပြည်တော်၌ ကျင်းပရာ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီ ဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ အမျိုးသမီးအဖွဲ့အစည်းများမှ ဥက္ကဋ္ဌများ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုဆိုင်ရာ လုပ်ငန်းကော်မတီမှ ကိုယ်စားလှယ်များနှင့်အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များက လူကိုယ်တိုင် တက်ရောက်ပြီး အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှကိုယ်စားလှယ်များက Online ဖြင့် တက်ရောက်သည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက အာဆီယံဒေသတွင်း အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေးဆိုင်ရာလုပ်ငန်းစီမံချက်(၂၀၁၆-၂၀၂၅) အကောင်အထည်ဖော်မှုသက်တမ်းကုန်ဆုံးတော့မည်ဖြစ်သောကြောင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများအနေဖြင့် လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်မှုဆိုင်ရာ စီမံကိန်းကာလပြီးမြောက်မှု သုံးသပ်ခြင်း (End-Term Review) ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံအဆင့်အစီရင်ခံစာ တင်သွင်းနိုင်ရန်၊ ရှေ့ ၁၀ နှစ်တာကာလ (၂၀၂၆-၂၀၃၅) အတွက် ထိရောက်သည့် လုပ်ငန်းအစီအစဉ်များထည့်သွင်းရေးဆွဲနိုင်ရန်၊ အမျိုးသမီးများအပေါ်အကြမ်းဖက်မှုလျော့နည်းပပျောက်ရေးအတွက် နိုင်ငံတော်က ချမှတ်ထားသည့်မူဝါဒများနှင့်အညီ လက်ရှိဆောင်ရွက်ထားရှိမှုများ၊ အသစ်ထပ်မံပေါ်ပေါက်လာသည့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပုံစံများ၊ တွေ့ကြုံရသည့် အခက်အခဲများနှင့်ဦးစားပေးလုပ်ငန်းများကို ဆွေးနွေးနိုင်ရန်ဖြစ်ကြောင်း။

မြန်မာနိုင်ငံအနေဖြင့် ဘေဂျင်းလုပ်ငန်းစီမံချက်ပါ လုပ်ငန်းစဉ်(၂)ရပ်ဖြစ်သည့် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီကို ဖွဲ့စည်းဆောင်ရွက်ခြင်းနှင့် အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ နိုင်ငံတော်အဆင့် မဟာဗျူဟာစီမံကိန်း (NSPAW) ကို ရေးဆွဲ အကောင်အထည်ဖော်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိကြောင်း၊ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုဆိုင်ရာ လုပ်ငန်းကော်မတီဝင်များက NSPAW ပါ စီမံကိန်းလုပ်ငန်းများကို နိုင်ငံတကာနှင့် အာဆီယံဒေသတွင်းကတိကဝတ်များနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် စီမံကိန်းကာလပြီးမြောက်မှု သုံးသပ်ခြင်း (End-Term Review) ၏ ပထမလုပ်ငန်းစဉ်ဖြစ်သည့် National Self-Assessment Survey ကို သက်ဆိုင်ရာ ဌာန/အဖွဲ့အစည်းများမှ အချက်အလက်များကောက်ယူ စုစည်းပြီး အာဆီယံအတွင်းရေးမှူးချုပ်ရုံးသို့ ၂၀၂၅ ခုနှစ် ဇူလိုင်လ ၂၄ ရက်တွင် ပေးပို့ခဲ့ပြီးဖြစ်ကြောင်း၊ ဒုတိယလုပ်ငန်းစဉ်ဖြစ်သည့် ယနေ့ကျင်းပသည့် နိုင်ငံအဆင့်အကြံပြုဆွေးနွေးပွဲတွင် အာဆီယံဒေသတွင်း အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေးလုပ်ငန်းစီမံချက်ပါလုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်မှုများကို အကဲဖြတ်သုံးသပ်ပြီး ရှေ့ ၁၀ နှစ်တာကာလအတွက် ထိရောက်သည့် လုပ်ငန်းအစီအစဉ်များပါဝင်သည့် အစီရင်ခံစာကို တင်သွင်းသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ အာဆီယံလူမှု-ယဉ်ကျေးမှုအသိုက်အဝန်းဆိုင်ရာ ဒုတိယအတွင်းရေးမှူးချုပ်၏ Pre-recorded video ကိုဖွင့်လှစ်ပြသပြီး လူမှုဝန်ထမ်းဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်က နိုင်ငံအဆင့်အကြံပြုဆွေးနွေးပွဲ၏ရည်ရွယ်ချက်နှင့်မျှော်မှန်းရလဒ်များကို တင်ပြဆွေးနွေးခြင်း၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ ကိုယ်စားလှယ်များက အာဆီယံဒေသတွင်း အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေးလုပ်ငန်းစီမံချက် (၂၀၁၆-၂၀၂၅) နှင့်စပ်လျဉ်း၍ တင်ပြဆွေးနွေးခြင်း၊ ဘာသာရပ်ဆိုင်ရာ ညွှန်ကြားရေးမှူးများက တင်ပြဆွေးနွေးခြင်း၊ တက်ရောက်လာသူများနှင့် Group Work များ ဆွေးနွေးခြင်းတို့ ဆက်လက်ပြုလုပ်ခဲ့ကြကြောင်း သိရသည်။

မြဝတီ

# မြန်မာစံချိန်စံညွှန်း နောက်ဆုံးအဆင့် မူကြမ်း (၇၃)ခုကို မြန်မာစံချိန်စံညွှန်းအဖြစ် အတည်ပြုသတ်မှတ်



နေပြည်တော် ဩဂုတ် ၂၁

အမျိုးသားအဆင့်အရည်အသွေးဆိုင်ရာ အခြေခံအဆောက်အဦများ ခိုင်မာအားကောင်းစေရေးအတွက် အဓိကမဏ္ဍိုင်များဖြစ်သည့် စံချိန်စံညွှန်းသတ်မှတ်ခြင်း၊ နိုင်ငံတကာအသိအမှတ်ပြုလက်မှတ်ထုတ်ပေးခြင်း၊ တိကျတိုင်းတာခြင်းနည်းပညာ၊ ဓာတ်ခွဲတိုင်းတာခြင်း၊ အရည်အသွေးထောက်ခံချက်ထုတ်ပေးခြင်းနှင့် အရည်အသွေး စစ်ဆေးခြင်းလုပ်ငန်းစဉ်များ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်၍ စံချိန်စံညွှန်းလုပ်ငန်းကော်မတီအစည်းအဝေး(၁/၂၀၂၅) ယမန်နေ့နှင့်အမျိုးသားစံချိန်စံညွှန်းကောင်စီ အစည်းအဝေး (၁/၂၀၂၅)ကို ယနေ့တွင် နေပြည်တော် ရုံးအမှတ်(၂၁) သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ Hybrid စနစ်ဖြင့်ကျင်းပသည်။

ဦးစွာအမျိုးသားစံချိန်စံညွှန်းကောင်စီ ဥက္ကဋ္ဌ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်က အမျိုးသားအဆင့်အရည်အသွေးဆိုင်ရာအခြေခံအဆောက်အဦများ ခိုင်မာအားကောင်းစေရေးအတွက် ပြည်တွင်းရှိ ဆက်စပ်ဝန်ကြီးဌာနများနှင့် ချိတ်ဆက်ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး နိုင်ငံတကာနှင့်ဒေသတွင်းရှိအဖွဲ့အစည်းများနှင့်နားလည်မှုစာချွန်လွှာ(MoU)များ ရေးထိုးခြင်းဖြင့် စံချိန်စံညွှန်းသတ်မှတ်ခြင်းကဏ္ဍကို နိုင်ငံတကာ အလေ့အကျင့်ကောင်းများနှင့် သတင်းအချက်အလက်များ ဖလှယ်ရယူပြီး စွမ်းဆောင်ရည်မြှင့်တင်နိုင်ခြင်း၊ နိုင်ငံတကာစံချိန်စံညွှန်းများနှင့်အညီ အရည်အသွေးကိုက်ညီစွာ ထုတ်ကုန်များကို ထုတ်လုပ်၊ တင်ပို့၊ တင်သွင်းမှုများပြုလုပ်နိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် အမျိုးသားစံချိန်စံညွှန်းကောင်စီအတွင်းရေးမှူး၊ သုတေသနနှင့်တီထွင်ဆန်းသစ်မှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က အမျိုးသားစံချိန်စံညွှန်းကောင်စီ အစည်းအဝေး (၁/၂၀၂၄)၏ ဆောင်ရွက်ပြီးစီးမှုအခြေအနေ၊ အများပြည်သူသဘောထား မှတ်ချက်ရယူပြီးသည့် မြန်မာစံချိန်စံညွှန်း နောက်ဆုံးမူကြမ်း ၇၃ ခုကို အတည်ပြုရေး အဆိုပြုအဆင့်၊ နည်းပညာဆပ်ကော်မတီအဆင့်နှင့်အများပြည်သူသဘောထားရယူရန် ဆောင်ရွက်လျက်ရှိသော စံချိန်စံညွှန်းမူကြမ်း ၁၃၇ ခုကိစ္စ အမျိုးသားအသိအမှတ်ပြု ကော်မတီဖွဲ့စည်းနိုင်ရေးကိစ္စတို့ကို ကောင်စီသို့တင်ပြ၍ ကောင်စီဝင်များ၏ အကြံပြုချက်များကို ရယူဆောင်ရွက်သည်။

အဆိုပါ အစည်းအဝေးသို့ အမျိုးသားစံချိန်စံညွှန်းကောင်စီဝင်များဖြစ်ကြသော ဝန်ကြီးဌာန အသီးသီးမှ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ UMFCCI ၊ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီနှင့်ပုဂ္ဂလိက အဖွဲ့အစည်းများမှ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြပြီး အစည်းအဝေးတွင် မြန်မာစံချိန်စံညွှန်း နောက်ဆုံးအဆင့်မူကြမ်း ၇၃ ခုကို မြန်မာစံချိန်စံညွှန်းအဖြစ် အတည်ပြုသတ်မှတ်ခြင်းနှင့် အမျိုးသားအသိအမှတ်ပြု ကော်မတီဖွဲ့စည်းခြင်းတို့အတွက်အတည်ပြုဆွေးနွေးဆုံးဖြတ်ခဲ့ကြကြောင်း သိရသည်။

မြဝတီ

# တစ်မျိုးသားလုံး၏ သမိုင်းလိုအပ်ချက်ကွက်လပ်ကို ဖြည့်ဆည်းပေးမည့် မြန်မာ့သမိုင်းစဉ်

သမိုင်းပညာအား လေ့လာသင်ယူခြင်းဆိုသည်မှာ အတိတ်တွင်ဖြစ်ပျက်ခဲ့သည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမျိုးရေး၊ စစ်ရေးဆိုင်ရာဖြစ်စဉ်များအား ချဉ်းကပ်လေ့လာရင်း ပစ္စုပ္ပန်နှင့် အနာဂတ်တွင် ဖြစ်ပျက်လာမည့်ဖြစ်စဉ်များအား ပြင်ဆင်ရန် ကြိုးစားခြင်းဖြစ်သည်။ ထို့ပြင် လူမျိုးတစ်မျိုး၊ နိုင်ငံတစ်နိုင်ငံ၏သမိုင်းသည် ထိုနိုင်ငံနှင့်လူမျိုးတို့၏ တန်ဖိုးဖြတ်မရသည့် အမွေအနှစ်တစ်ခုပင်ဖြစ်သည်။ ကမ္ဘာ့နိုင်ငံတိုင်းသည် ၎င်းတို့၏သမိုင်းကြောင်းအား တိကျသေချာစွာ လေ့လာနိုင်ရန် စဉ်ဆက်မပြတ်ကြိုးပမ်းလျက်ရှိကာ သမိုင်းပညာ၏နယ်ပယ်သည် လွန်စွာကျယ်ပြန့်လာခဲ့သည်။

**မြန်မာ့သမိုင်းဖြစ်တည်လာပုံ**

လူသားမျိုးနွယ်၏ သမိုင်းဆိုသည်မှာ ရှေးယခင်ကာလများတွင် မိမိတို့အတွေ့အကြုံများကို မျိုးဆက်သစ်များအတွက် နှုတ်ပြောပုံပြင်များ၊ မှတ်တမ်းများအဖြစ် ပြောကြားရာမှသည် စာပေအရေးအသားပေါ်ထွန်းလာသောအခါတွင် သမိုင်းမှတ်တမ်းများအဖြစ် ရေးသားဖော်ပြလာခဲ့လေသည်။ မြန်မာလူမျိုးတို့သည် သမိုင်းမှတ်တမ်းများအား စနစ်တကျမှတ်တမ်းတင်ခဲ့သည့် လူမျိုးများဖြစ်သည်။ ရှေးယခင်ကတည်းကပင် မင်းနေပြည်တော်တွင် ရွှေတိုက်တော်နှင့် ပိဋကတ်တိုက်ကဲ့သို့ မှတ်တမ်းဌာနများထားရှိကာ မင်းအစိုးရအရာရှိများ၏ မှတ်တမ်းများ၊ တိုင်းပြည်တွင် ဖြစ်ပျက်ခဲ့သည့် အကြောင်းအရာများအား စနစ်တကျရေးမှတ်ထားလေ့ရှိသည်။ စစ်ဘေးစစ်ဒဏ်ကြောင့်လည်းကောင်း၊ ရာသီဥတုဒဏ်ကြောင့်လည်းကောင်း ပျက်စီးသောအခါများတွင် ပြန်လည်ပြုစုရေးသားကာ သမိုင်းကွင်းဆက် ခြေရာမပျောက်ပျက်စေရန် ကြိုးစားခဲ့ကြသည်။ မြန်မာနိုင်ငံတွင် ပထမဆုံးသမိုင်းကျမ်းအဖြစ် ဇမ္ဗူဒီပဦးဆောင်းကျမ်းအား အင်းဝခေတ် ဝန်ဇင်းမင်းရာဇာအမတ်ကြီးမှ ရှေးသမိုင်းကျမ်းအဆူဆူအား ပြန်လည်တည်းဖြတ်ကာ ရေးသားခဲ့လေသည်။ ထို့နောက် ညောင်ရမ်းခေတ် တနင်္ဂနွေမင်းလက်ထက်တွင် ဦးကုလားမှ ရှိနှင့်ပြီးသော ရာဇဝင်ကျမ်းအသီးသီးအား ပြန်လည်ပေါင်းစုကာ မဟာရာဇဝင်ကြီး၊ ရာဇဝင်ချုပ်ဟူ၍ စီရင်ပြုစုရေးသားခဲ့သည်။ ကုန်းဘောင်ခေတ် ဘိုးတော်ဘုရားမင်းလက်ထက်တွင် ဦးကုလား၏ မဟာရာဇဝင်ကြီးသည် လိုအပ်ချက်များရှိသဖြင့် နိုင်ငံတစ်ဝန်းရှိ ကျောက်စာများ၊ မှတ်တမ်းများဖြင့် တိုက်ဆိုင်စစ်ဆေးကာ တွင်းသင်းတိုက်ဝန်မင်းကြီးမှ ရာဇဝင်သစ်ကျမ်းတစ်စောင်အား စီရင်ခဲ့သည်။ ထို့နောက် ဘကြီးတော်မင်းလက်ထက်တွင် တစ်ကြိမ်၊ မင်းတုန်းမင်းလက်ထက်တွင် တစ်ကြိမ်ဖြင့် မှန်နန်းရာဇဝင်တော်ကြီးအား ပထမတွဲ၊ ဒုတိယတွဲ စသဖြင့် ရဟန်းပညာရှိ၊ လူပညာရှိများပူးပေါင်းပါဝင်၍ ပြုစုရေးသားခဲ့ကြလေသည်။

**သမိုင်းပညာရပ်၏ တိုးတက်ပြောင်းလဲလာပုံနှင့် အခြေပြမြန်မာ့နိုင်ငံရေးသမိုင်း**


ခေတ်အပြောင်းအလဲ၊ ယဉ်ကျေးမှုအပြောင်းအလဲရှိလာသည်နှင့်အမျှ ရာဇဝင်ဆိုင်ရာအယူအဆတို့သည်လည်း ပြောင်းလဲခဲ့လေသည်။ ရှေးအခါက ဘုရင်ကြီးစိုးခဲ့၍ ရာဇဝင်မှာ မင်းတို့၏အကြောင်းကို မူတည်

လက်ျာ


ရေးရသောကြောင့် ရာဇဝံသအမည်ပေးခဲ့ကြလေသည်။ ယခုခေတ်တွင် သမိုင်းပညာ၏ရှုမြင်ပုံသည် နိုင်ငံတွင်းနေလူတို့၏အကြောင်းကို အဓိကထား၍ ရေးသားဖော်ထုတ်သည့်ပုံစံသို့ ၁၉ ရာစုနှောင်းပိုင်းမှ စတင်ပြောင်းလဲလာလေသည်။ သို့ဖြစ်၍ ရာဇဝင်ဟူသော ဝေါဟာရအစား နိုင်ငံ့သမိုင်း၊ လူ့သမိုင်း စသည်ဖြင့် လွှဲပြောင်းခေါ်လာကြခြင်းဖြစ်လေသည်။ သမိုင်းပညာသည် ရှေးယခင်က စာပေ

**စာမျက်နှာ ၁၂ သို့ ➲**


အညာသားကျောက်ခေတ်ဟောင်းခေလွေ့နေရာဒေသများ




ကျောက်ခေတ်လယ်ခေလွေ့တွေ့ရှိရာဒေသများ




❖ **မြန်မာနိုင်ငံတွင် ကျောက်ခေတ်ဦးနှင့် ကျောက်ခေတ်နှောင်းသာရှိပြီး ကျောက်ခေတ်လယ်အား ရှာဖွေတွေ့ရှိခြင်းမရှိကြောင်း ယခင်က သတ်မှတ်ခဲ့ကြသော်လည်း ၂၀၀၂ ခုနှစ်မှစတင်ကာ မြန်မာရှေးဟောင်းသုတေသနပညာရှင်များသည် အခြားသောနယ်ပယ်မှ ပညာရှင်များ၏ အကူအညီများရယူကာ ခါးဆက်ပြတ်နေသော မြန်မာ့သမိုင်းအား ရှာဖွေဖော်ထုတ်ရန် ကြိုးစားခဲ့ကြသည်။ ထိုကြိုးစားမှု၏ရလဒ်အဖြစ် ပြည်မြို့ရှေးဟောင်းသုတေသနကျောင်းအုပ်ကြီး ဦးဝင်းကြိုင်ဦးဆောင်သော ပညာရှင်များသည် ခါးဆက်ပြတ်နေခဲ့သည်ဟူသော မြန်မာနိုင်ငံ၏ ကျောက်ခေတ်လယ်ကာလအား ဧရာဝတီမြစ်ဝှမ်းဒေသနှင့် စမုန်မြစ်ဝှမ်းဒေသတို့တွင် ၂၀၀၆ ခုနှစ်မှ စတင်တူးဖော်တွေ့ရှိခဲ့ပြီး မြန်မာနိုင်ငံ၏သမိုင်းတွင် အရေးပါသော ကျောက်ခေတ်ကာလတွင် ကျောက်ခေတ်ဦး၊ ကျောက်ခေတ်လယ်၊ ကျောက်ခေတ်နှောင်းဟူသည့် တစ်ဆက်တစ်စပ်တည်းဖြစ်တည်နေခဲ့သည့်အချက်အား အထောက်အထားတိကျခိုင်မာစွာဖြင့် နိုင်ငံတကာသို့ တင်ပြနိုင်ခဲ့သည်။**



မန္တလေးတိုင်းဒေသကြီး ပျော်ဘွယ်မြို့နယ် ကြို့ကုန်းဒေသ မြန်မာနိုင်ငံသံခေတ် အထောက်အထားများကို တွေ့ရှိရစဉ်။

⊃ စာမျက်နှာ ၁၁ မှအဆက်

မှတ်တမ်းများကို အမှီပြုရေးသားရသည့် ဝိဇ္ဇာပညာရပ်တစ်ခုမှသည် ယနေ့ခေတ်သို့ ရောက်ရှိလာသောအခါ ရှေးဟောင်းသုတေသနပညာ၊ ဘူမိဗေဒ၊ မှုခင်းဆေးပညာ၊ ဓာတုဗေဒ၊ မျိုးရိုးဗီဇစစ်ဆေးမှုနှင့် အခြားသောသိပ္ပံပညာများစွာ၏ ထောက်ပံ့မှုများဖြင့် စနစ်တကျလေ့လာဆန်းစစ်ဝေဖန်ရသည့် ပညာရပ်တစ်ခုဖြစ်လာခဲ့လေသည်။

မြန်မာနိုင်ငံသည် လွတ်လပ်သောနိုင်ငံတစ်ခုအဖြစ်သို့ ရောက်လာသောအခါ၌ ခေတ်အလျောက် အမှန်ကန်ဆုံးနှင့် အပြည့်စုံဆုံးဖြစ်သော နိုင်ငံ့သမိုင်းကို ကျယ်ပြန့်ပြည့်စုံစွာရေးသားရန် လိုအပ်သဖြင့် နိုင်ငံတော်အစိုးရသည် ၁၉၅၅ ခုနှစ် ဇန်နဝါရီလ ၂၆ ရက်တွင် မြန်မာနိုင်ငံသမိုင်းကော်မရှင်အဖွဲ့ကို ဖွဲ့စည်းခဲ့လေသည်။ မြန်မာနိုင်ငံ၏သမိုင်းအားလေ့လာရန် ပညာရှင်များမှ ကြိုးစားခဲ့ရာတွင် ရလဒ်အနေဖြင့် အခြေပြမြန်မာ့နိုင်ငံရေးသမိုင်းအား ၁၉၇၀ ပြည့်နှစ်တွင် ထုတ်ဝေခဲ့သည်။ ထိုစာအုပ်တွင် မြန်မာနိုင်ငံ၏ သမိုင်းအား ၁၉၇၀ မတိုင်ခင်အထိ လေ့လာတွေ့ရှိမှုများ၊ တူးဖော်ရရှိမှုများအား အခြေခံ၍ ရေးသားထားခြင်းပင်ဖြစ်



ပြင်သစ်-မြန်မာ ပူးပေါင်းသုတေသနအဖွဲ့မှ ပုံတောင်ပုံညာဒေသတွင် ပရိုင်းမိတ် ရုပ်ကြွင်းများအား ရှာဖွေနေကြစဉ်။

ဆုံးသည် သံခေတ်နှောင်းပိုင်းဖြစ်ကာ ကျောက်ခေတ်၊ ကြေးခေတ် စသည့်ယဉ်ကျေးမှုများမရှိကြောင်း၊ မြန်မာလူမျိုးတို့၏ မူရင်းဇာစ်မြစ်မှာ တိဗက်ကုန်းမြေမြင့်သာဖြစ်ကြောင်းသုံးသပ်ကာ ကျောင်းသုံးစာအုပ်များ၊ သင်ခန်းစာများနှင့် သမိုင်းသင်ရိုးညွှန်းတမ်းများတွင် ထိုကဲ့သို့ထည့်သွင်းသင်ယူနေဆဲပင်ဖြစ်သည်။ ၁၉၇၀ တွင် ထုတ်ဝေသည့် အခြေပြမြန်မာ့နိုင်ငံရေးသမိုင်းပြုစုရာတွင်ပါဝင်ခဲ့သော နိုင်ငံ၏သမိုင်းအား ဆက်လက်လေ့လာခဲ့ကြလေသည်။ ရှေးဟောင်းမြို့များအား ကောင်းကင်ဓာတ်ပုံဖြင့် ရှာဖွေခြင်း၊ ရေဒီယိုကာဗွန်သက်တမ်းစစ်ဆေးခြင်းနှင့်အခြားသောခေတ်မီနည်းပညာများအားအသုံးပြုကာ ပျူမြို့ဟောင်းများအား ရှာဖွေခြင်း၊ မြန်မာနိုင်ငံအတွင်းရှိ သံခေတ်လူနေထိုင်ရာ နေရာများအား ရှာဖွေခြင်းများပြုလုပ်ရာမှသည် မြန်မာနိုင်ငံ၏ကျောက်ခေတ်(ကျောက်ခေတ်ဦး၊ ကျောက်ခေတ်လယ်၊ ကျောက်ခေတ်နှောင်း) ယဉ်ကျေးမှုဟုဆိုနိုင်မည့် အညာသီယန် ခေါ် အညာသားယဉ်ကျေးမှုအား မြန်မာနိုင်ငံအထက်ပိုင်းဒေသများတွင် စတင်တွေ့ရှိခဲ့ရသည်။ **မြန်မာနိုင်ငံတွင် ကျောက်ခေတ်ဦးနှင့် ကျောက်ခေတ်နှောင်းသာရှိပြီး ကျောက်ခေတ်လယ်အား ရှာဖွေတွေ့ရှိခြင်းမရှိကြောင်း ယခင်က သတ်မှတ်ခဲ့ကြသော်လည်း ၂၀၀၂ ခုနှစ်မှစတင်ကာ မြန်မာရှေးဟောင်းသုတေသနပညာရှင်များသည် အခြားသောနယ်ပယ်မှ ပညာရှင်များ၏**



ညောင်ကန်ဒေသမှ ကြေးခေတ်တူးဖော်ရေးလုပ်ငန်းအား ထိန်းသိမ်းထားရှိပုံကို တွေ့ရစဉ်။

**အကူအညီများရယူကာ ခါးဆက်ပြတ်နေသော မြန်မာ့သမိုင်းအား ရှာဖွေဖော်ထုတ်ရန် ကြိုးစားခဲ့ကြသည်။ ထိုကြိုးစားမှု၏ ရလဒ်အဖြစ် ပြည်မြို့ရှေးဟောင်းသုတေသနကျောင်းအုပ်ကြီး ဦးဝင်းကြိုင် ဦးဆောင်သော ပညာရှင်များသည် ခါးဆက်ပြတ်နေခဲ့သည်ဟူသော မြန်မာနိုင်ငံ၏ကျောက်ခေတ်လယ်ကာလအား ဧရာဝတီမြစ်ဝှမ်းဒေသနှင့် စမုန်မြစ်ဝှမ်းဒေသတို့တွင် ၂၀၀၆ ခုနှစ်မှ စတင်တူးဖော်တွေ့ရှိခဲ့ပြီး မြန်မာနိုင်ငံ၏သမိုင်းတွင် အရေးပါသော ကျောက်ခေတ်ကာလတွင် ကျောက်ခေတ်ဦး၊ ကျောက်ခေတ်လယ်၊ ကျောက်ခေတ်နှောင်းဟူသည့် တစ်ဆက်တစ်စပ်တည်း ဖြစ်တည်နေခဲ့သည့်အချက်အား အထောက်အထားတိကျခိုင်မာစွာဖြင့် နိုင်ငံတကာသို့တင်ပြနိုင်ခဲ့သည်။**

**မြန်မာနိုင်ငံ၏ စဉ်ဆက်မပြတ်သော သမိုင်းစဉ်အား လေ့လာခြင်းလုပ်ငန်းတွင် သမိုင်းပညာရှင်များ၊ ရှေးဟောင်းသုတေသနပညာရှင်များသာမက ဘူမိဗေဒပညာရှင်များနှင့် မနုဿဗေဒပညာရှင်များပါ အားဖြည့်ပါဝင်လာကြသဖြင့် သုတေသနပြုလုပ်ခြင်းနှင့် တူးဖော်ရှာဖွေမှုများသည် အရှိန်အဟုန်ဖြင့် တိုးတက်လာသည်ကိုတွေ့ရှိရသည်။** ထိုကာလတွင် ပရိုင်းမိတ်ကျောက်ဖြစ်ရုပ်ကြွင်းများကို ၁၉၇၈ ခုနှစ်တွင် စစ်ကိုင်းတိုင်းဒေသကြီး ပုလဲမြို့နယ် မိုးကောင်းရွာအနီးတွင်လည်းကောင်း၊ ၁၉၉၇ ခုနှစ်မှ ယခုအထိ မြိုင်မြို့နယ်နှင့် ပုလဲမြို့နယ်တို့ရှိ ပုံတောင်ကျောက်လွှာစုများတွင်လည်းကောင်း ဆက်တိုက်တွေ့ရှိခဲ့သည်။ အာရှတိုက်တွင် လူတူပရိုင်းမိတ်ရုပ်ကြွင်းများကို တရုတ်နိုင်ငံ၊ ထိုင်းနိုင်ငံ၊ မြန်မာနိုင်ငံတို့တွင် တွေ့ရှိခဲ့ပြီး လွန်ခဲ့သည့်နှစ်ပေါင်း (၃၃ ဒသမ ၇ သန်းမှ ၅၄ ဒသမ ၈ သန်းကြား) ကာလဖြစ်ကြောင်း၊ မြန်မာနိုင်ငံမှတွေ့ရှိသော ပရိုင်းမိတ်ရုပ်ကြွင်းများသည် ထိုင်းနိုင်ငံမှ ပရိုင်းမိတ်များထက် နှစ် ၃ သန်းခန့်စောကြောင်း သုံးသပ်ကြပြီး တရုတ်နိုင်ငံမှ ပရိုင်းမိတ်ရုပ်ကြွင်းများနှင့် မြန်မာနိုင်ငံမှ ပရိုင်းမိတ်ရုပ်ကြွင်းများသည် သက်တမ်းမတိမ်းမယိမ်းဖြစ်သော်လည်း ပုံတောင်ပရိုင်းမိတ်များက အရွယ်အစားပိုမိုကြီးမားပြီး ပို၍အဆင့်မြင့်ကြောင်း ပြည်တွင်း၊

စာမျက်နှာ ၁၃ သို့ ⊃




ပျူမြို့ဟောင်းများအား ယူနက်စကိုကမ္ဘာ့အမွေအနှစ်အဖြစ် သတ်မှတ်နိုင်ရန် ယူနက်စကိုမှကျင်းပသည့် အစည်းအဝေးအား ဒုတိယဝန်ကြီး(ငြိမ်း) ဒေါ်စန္ဒာခင်နှင့် မြန်မာကိုယ်စားလှယ်အဖွဲ့တက်ရောက်စဉ်။

သည်။ ထိုသမိုင်းကျမ်းစာအုပ်သည် မြန်မာနိုင်ငံ၏မူလဇာစ်မြစ်သမိုင်းကို လေ့လာရန်အတွက် ပြီးပြည့်စုံခြင်းမရှိသေးသော်လည်း နောင်တွင်ဆက်လက်လေ့လာနိုင်ရန်အတွက် အခြေခံအုတ်မြစ်ကောင်းတစ်ခုအဖြစ် ခိုင်မာစွာပြုစုရေးသားထားခြင်းတွေ့ရှိရသည်။ ထိုမတိုင်မီအချိန်က မြန်မာနိုင်ငံတွင် သမိုင်းအယူအဆကွဲများအနေဖြင့် “မြန်မာအစ တကောင်း” ဟူသည့် ရှေးရိုးအစဉ်အလာ ရာဇဝင်ကျမ်းများတွင် ဖော်ပြထားသည့် အယူအဆနှင့် “မြန်မာအစ ကျောက်ဆည်” ဟူသည့် ကိုလိုနီခေတ်တွင် ပေါ်ထွက်လာသည့် အယူအဆနှစ်ခုရှိနေသည်။ သို့ရာတွင် အခြေပြမြန်မာ့နိုင်ငံရေးသမိုင်းစာအုပ်ထွက်ရှိပြီးနောက်တွင် မြန်မာ့သမိုင်းအားဖော်ပြရာ၌ ဝိဝါဒကွဲလွဲမှုများဖြစ်ပေါ်လာခဲ့သည်။ ရှေးဟောင်းသုတေသနပညာရှင်များနှင့် သမိုင်းပညာရှင်များသည် ယခင်က မြန်မာနိုင်ငံ၏ ယဉ်ကျေးမှုကာလအစောမြန်မာ့သမိုင်းပညာရှင်များနှင့် ရှေးဟောင်းသုတေသနပညာရှင်များသည် ၎င်းတို့ပြုစုခဲ့သော သမိုင်းကျမ်းသည် ပြီးပြည့်စုံမှုမရှိသေးကြောင်းအား စာအုပ်တွင်ထည့်သွင်းဖော်ပြကာ နောင်လာမည့် မျိုးဆက်များအနေဖြင့် ထပ်မံဖြည့်စွက်ရေးသားရန် လိုအပ်ကြောင်း အမြော်အမြင်ကြီးစွာ လက်ဆင့်ကမ်းခဲ့သည်။

### မြန်မာပညာရှင်များ၏ ကြိုးစားအားထုတ်မှုရလဒ်များ

၁၉၈၀ ဝန်းကျင်ခုနှစ်များတွင် ရှေးဟောင်းသုတေသနပညာသည် ခေတ်မီနည်းပညာနှင့် စက်ကိရိယာများကို အသုံးပြုလာနိုင်သဖြင့် ယခင်ကတိမ်မြုပ်နေခဲ့သော သမိုင်းအမွေအနှစ်များကို ရှာဖွေခြင်းနှင့် ထိန်းသိမ်းခြင်းတို့အား ပိုမိုလုပ်ဆောင်လာနိုင်လေသည်။ မြန်မာ့သမိုင်းပညာရှင်များနှင့် ရှေးဟောင်းသုတေသနပညာရှင်များသည် မြန်မာနိုင်ငံအတွင်း နေရာအနှံ့အပြားသို့ သွားရောက်ကာ မြန်မာ

**❖ ၂၀၀၁ ခုနှစ်မှ ၂၀၁၉ ခုနှစ်အထိ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက် ဦးစီးဌာနနှင့် နိုင်ငံတကာပညာရှင်များနှင့် ပူးပေါင်းဖော်ထုတ်ချက်များအရ ကြေးခေတ်ကာလ ရှေးဦးမြန်မာ့လူ့အဖွဲ့အစည်းသည် ဘီစီ ၉၀၀ ခန့်မှစတင်ကာ ဖြစ်တည်ခဲ့သည့် ပထမဆုံးတွေ့ရှိမှုအဖြစ် စစ်ကိုင်းတိုင်းဒေသကြီး ဘုတလင်မြို့နယ် အုတ်အိုင်ဒေသတွင် စတင်တွေ့ရှိရပြီးနောက် ဘုတလင်မြို့နယ် ညောင်ကန်ဒေသတွင်လည်းကောင်း၊ ၇၁၀ ဘီစီခန့်တွင် သံခေတ်ဦးကာလ လူ့အဖွဲ့အစည်းတစ်ရပ်သည် တောင်သမန်ဒေသတွင်လည်းကောင်း၊ ၅၃၀ ဘီစီမှ ၉၀ ဘီစီအတွင်း သံခေတ်လူ့အဖွဲ့အစည်းတစ်ရပ်သည် မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် ပျော်ဘွယ်မြို့နယ် ရွာထင်ကုန်းရွာတွင်လည်းကောင်း ပေါ်ထွန်းခဲ့ကြောင်း ဖော်ထုတ်နိုင်ခဲ့သဖြင့် မြန်မာနိုင်ငံတွင် ကျောက်ခေတ်၊ ကြေးခေတ်၊ သံခေတ်ယဉ်ကျေးမှုများ တစ်ဆက်တစ်စပ်တည်း ဖြစ်ပေါ်တည်ရှိခဲ့ကြောင်း မှတ်တမ်းတင်နိုင်ခဲ့ပြီဖြစ်သည်။**

⊃ စာမျက်နှာ ၁၂ မှအဆက်

ပြည်ပပညာရှင်များက သတ်မှတ်ခဲ့ကြသည်။ ထို့ကြောင့်ပင် ကျောက်ခေတ် မတိုင်ခင်ကပင် မြန်မာတို့သည် မြန်မာ့ရေမြန်မာ့မြေပေါ်တွင် နေထိုင်ခဲ့ကြောင်း အထောက်အထားများ စတင်တွေ့ရှိခဲ့ခြင်းဖြစ်သည်။ **၂၀၀၁ ခုနှစ်မှ ၂၀၁၉ ခုနှစ်အထိ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနနှင့်နိုင်ငံတကာပညာရှင်များနှင့် ပူးပေါင်းဖော်ထုတ်ချက်များအရ ကြေးခေတ်ကာလ ရှေးဦးမြန်မာ့လူ့အဖွဲ့အစည်းသည် ဘီစီ ၉၀၀ ခန့်မှ စတင်ကာဖြစ်တည်ခဲ့သည့် ပထမဆုံးတွေ့ရှိမှုအဖြစ် စစ်ကိုင်းတိုင်းဒေသကြီး ဘုတလင်မြို့နယ် အုတ်အိုင်ဒေသတွင် စတင်တွေ့ရှိရပြီးနောက် ဘုတလင်မြို့နယ်ညောင်ကန်ဒေသတွင်လည်းကောင်း၊ ၇၁၀ ဘီစီခန့်တွင် သံခေတ်ဦးကာလ လူ့အဖွဲ့အစည်းတစ်ရပ်သည် တောင်သမန်ဒေသတွင်လည်းကောင်း၊ ၅၃၀ ဘီစီမှ ၉၀ ဘီစီအတွင်း သံခေတ်လူ့အဖွဲ့အစည်းတစ်ရပ်သည် မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် ပျော်ဘွယ်မြို့နယ်ရွာထင်ကုန်းရွာတွင်လည်းကောင်း ပေါ်ထွန်းခဲ့ကြောင်း ဖော်ထုတ်နိုင်ခဲ့သဖြင့် မြန်မာနိုင်ငံတွင် ကျောက်ခေတ်၊ ကြေးခေတ်၊ သံခေတ်ယဉ်ကျေးမှုများ တစ်ဆက်တစ်စပ်တည်း ဖြစ်ပေါ်တည်ရှိခဲ့ကြောင်း မှတ်တမ်းတင်နိုင်ခဲ့ပြီဖြစ်သည်။**

ထို့ပြင် ကြေးခေတ်ယဉ်ကျေးမှုနှင့် သံခေတ်ယဉ်ကျေးမှုဖြစ်သော စမုန်မြစ်ဝှမ်းယဉ်ကျေးမှုတို့ ဆက်စပ်နေပုံများ၊ စမုန်မြစ်ဝှမ်းယဉ်ကျေးမှုမှသည် ပျူခေတ်ယဉ်ကျေးမှုသို့ကူးပြောင်းလာပုံ စသဖြင့် မြန်မာနိုင်ငံ၏ တစ်ဆက်တစ်စပ်တည်းဖြစ်တည်နေသည့် သမိုင်းအချက်အလက်များအား မြန်မာပညာရှင်များနှင့် ဖိတ်ခေါ်ထားသော နိုင်ငံခြားသားပညာရှင်များ ပူးပေါင်းကာ ရှာဖွေတွေ့ရှိခဲ့လေသည်။ ထိုတွေ့ရှိမှုများ၏ နောက်ဆက်တွဲအဖြစ် မြန်မာနိုင်ငံတွင်ရှိနေသည့် ပျူမြို့ဟောင်းသုံးမြို့ (သရေခေတ္တရာ၊ ဗိဿနိုးနှင့်ဟန်လင်း)တို့အား ယူနက်စကိုမှ ကမ္ဘာ့အမွေအနှစ်စာရင်းဝင်သို့ ထည့်သွင်းသတ်မှတ်ခဲ့လေသည်။ ပျူခေတ်နှင့် ပုဂံခေတ်တို့၏ ဆက်စပ်တည်ရှိမှုအား ဆက်လက်ရှာဖွေကာ ပျူခေတ်ဟုဆိုနိုင်သည့်သရေခေတ္တရာမင်းဆက်၏နောက်ဆုံးမင်းဆက်သည် ပုဂံ၏ ပထမဆုံးမင်းဆက်အားတည်ထောင်ခဲ့သည် ဆိုသည့် အချက်အား စာပေအထောက်အထားများဖြင့်သော်လည်းကောင်း၊ ဗိသုကာလက်ရာအထောက်အထားများအရသော်လည်းကောင်း၊ ကာဗွန်သက်တမ်းစစ်ဆေးခြင်းနည်းလမ်းများဖြင့်သော်လည်းကောင်း အထောက်အထားများစွာ ဆက်လက်တွေ့ရှိလာခဲ့သည်။ ထိုကဲ့သို့ ကြိုးပမ်းအားထုတ်မှုများကြောင့် မြန်မာနိုင်ငံသားတို့သည် လူသားများအဖြစ် စတင်ဖြစ်တည်လာသည့် အချိန်ကတည်းကပင် ဤမြေ ဤရေတွင် စဉ်ဆက်မပြတ်နေထိုင်ခဲ့သည့် အထောက်အထားများအား ခိုင်မာစွာဖော်ထုတ်ပြသနိုင်လာခဲ့သည်။



ပျူခေတ်ဆိုင်ရာအထောက်အထားအချက်အလက်ဆွေးနွေးပွဲကျင်းပစဉ်။

## မှားယွင်းနေသော မြန်မာ့သမိုင်းအား ပြန်လည်ပြင်ဆင်ရန် ကြိုးပမ်းခဲ့ပုံ

မြန်မာ့သမိုင်းအား ကိုလိုနီခေတ်အတွင်းတွင် နိုင်ငံခြားသမိုင်းဆရာများမှ လိုရာဆွဲရေးသားခြင်း၊ ရည်ရွယ်ချက်ရှိစွာဖြင့် လူမျိုးရေးခွဲခြားရေးဖြစ်ပေါ်စေရန် ရေးသားခြင်းများ လုပ်ဆောင်ခဲ့သဖြင့် လွန်ခဲ့သော နှစ် ၆၀ ခန့်တွင် မြန်မာနိုင်ငံ အခြေပြသမိုင်းအဖြစ် ပြန်လည်ပြင်ဆင်ထုတ်ဝေခဲ့သော်လည်း နည်းပညာအားနည်းချက်များ၊ တူးဖော်ရေးအားနည်းချက်များကြောင့် ထိရောက်စွာပြန်လည်ချေပနိုင်ရန် ခက်ခဲခဲ့သည်။ မြန်မာ့သမိုင်းပညာရှင် ဒေါက်တာသန်းထွန်း မကွယ်လွန်မီ ရေးသားခဲ့သော စာတမ်းများ၊ ဆောင်းပါးများတွင် မြန်မာ့သမိုင်းသည် နိုင်ငံခြားသားသမိုင်းဆရာတို့၏ ခြယ်လှယ်မှုမှ မလွတ်မြောက်နိုင်သေးကြောင်း၊ ၎င်းတို့မျိုးဆက်လက်ထက်တွင် ထိုလွှမ်းမိုးမှုအား ပြန်လည်ချေဖျက်ရန်အတွက် လိုအပ်သော အထောက်အထားများမပြည့်စုံသေးခြင်း၊ ပြင်ဆင်နိုင်ရန်အခြေအနေမရှိသေးခြင်းတို့ကြောင့် နောင်မျိုးဆက်များအနေဖြင့် ဆက်လက်လုပ်ဆောင်သွားကြရန် တိုက်တွန်းခဲ့သည်ကို တွေ့ရှိရသည်။ ဒေါက်တာသန်းထွန်းနှင့်အတူ သုတေသနပြုလုပ်ဆောင်ခဲ့သော ရှေးဟောင်းသုတေသနပညာရှင် ဦးမောင်မောင်တင်မှလည်း “ယနေ့ခေတ်တွင် သမိုင်းကို ငြင်းခုံရာတွင် တုတ်ထမ်း ဓားထမ်းပြောရန် မလို၊ ပေါက်တူးထမ်း၍ တူးဖော်ရှာဖွေပြီး ငြင်းရန်” ပြောဆိုခဲ့သည်။ နိုင်ငံတော်အစိုးရအဆက်ဆက်အနေဖြင့် ၁၉၇၀ နောက်ပိုင်းတွင် မြန်မာ့သမိုင်း၏တစ်ဆက်တစ်စပ်တည်း ဖြစ်တည်မှုအား မှန်ကန်စွာဖော်ပြနိုင်မည့် တူးဖော်သုတေသနပြုရေးနှင့် စမ်းသပ်စစ်ဆေးရေးများအား အထူးဝါယမစိုက်ထုတ်ကာ ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည်။

## တစ်ဆက်တစ်စပ်တည်းသော မြန်မာ့သမိုင်းစဉ်ရေးသားပြုစုရေးလုပ်ငန်း

မြန်မာ့သမိုင်းစဉ်တွင် ခိုင်ခိုင်မာမာကိုးကားစရာအဖြစ် လွန်ခဲ့သော နှစ် ၅၀ ကျော်က ရေးသားထားသည့် “အခြေပြမြန်မာ့နိုင်ငံရေးသမိုင်း” သာ ရှိခဲ့ရာမှ နောက်ပိုင်းတွင် ပြည်တွင်း၊ ပြည်ပပညာရှင်များ၏ ဘာသာရပ်အလိုက် ကွင်းဆင်းလေ့လာ သုတေသနပြုအသစ်တွေ့ရှိချက်များ၊ ပြည်ပဓာတ်ခွဲခန်းများတွင် သိပ္ပံနည်းကျ သက်တမ်းတွက်ချက်မှုများကြောင့် ပျူခေတ်ကာလ သမိုင်းစဉ်သည်လည်း ပိုမို၍ ရုပ်လုံးပေါ် ပြည့်စုံလာပြီဟုယူဆရပြီး တစ်ဆက်တစ်စပ်တည်းသော မြန်မာ့သမိုင်းစဉ်အား ပြန်လည်ဖြည့်စွက်ပြင်ဆင်ရေးသားနိုင်မည့်ရလဒ်ကို မျှော်မှန်းနိုင်ပြီဖြစ်သည်။ ထိုလုပ်ငန်းစဉ်အားလုပ်ဆောင်ရန်အတွက် **နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ၏ လမ်းညွှန်မှုဖြင့် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနမှ တစ်ဆက်တစ်စပ်တည်းသော မြန်မာ့သမိုင်းအား ရေးသားပြုစုရန် စတင်ဆောင်ရွက်ခဲ့သည်။**



မြန်မာနိုင်ငံ၏ တစ်ဆက်တစ်စပ်တည်းသော မြန်မာ့သမိုင်းစဉ်ပြုစုပုံနှိပ်နိုင်ရေးကော်မတီအစည်းအဝေးကျင်းပစဉ်။

၂၀၂၂ ခုနှစ် ဇွန်လမှစတင်ကာ ၂၀၂၃ ခုနှစ် မေလအထိ ကျောက်ခေတ်၊ ကြေးခေတ်၊ သံခေတ်ဆိုင်ရာ အသစ်တွေ့ရှိရသည့် အထောက်အထားအချက်အလက်များကို ပြည်တွင်း၊ ပြည်ပပညာရှင်များရှေ့တွင် ညှိနှိုင်းဆွေးနွေးခြင်း၊ စစ်ဆေးခြင်းနှင့် ဖြည့်စွက်ရေးသားခြင်းအတွက် ဆွေးနွေးပွဲလေးကြိမ်ကျင်းပကာ မူကြမ်းစာအုပ်အား စတင်ရေးသားခဲ့ပြီးဖြစ်သည်။ ထိုစာအုပ်ထဲတွင် အခြေပြမြန်မာ့နိုင်ငံရေးသမိုင်းထဲမှ လိုအပ်ချက်များဖြစ်သည့် သိပ္ပံနည်းကျသက်တမ်းတွက်ချက်မှု (Carbon Dating Test)များ၊ မျိုးရိုးဗီဇစစ်ဆေးမှု (DNA Test)များအား ထပ်မံဖြည့်စွက်ကာ ၁၉၇၀ နောက်ပိုင်းတွင်တွေ့ရှိရသော တူးဖော်တွေ့ရှိမှု အထောက်အထားအသစ်များအား

စာမျက်နှာ ၁၄ သို့ ⊃

**❖ မြန်မာနိုင်ငံ၏ စဉ်ဆက်မပြတ်သောသမိုင်းစဉ်အား လေ့လာခြင်းလုပ်ငန်းတွင် သမိုင်းပညာရှင်များ၊ ရှေးဟောင်းသုတေသနပညာရှင်များသာမက ဘူမိဗေဒပညာရှင်များနှင့် မနုဿဗေဒပညာရှင်များပါ အားဖြည့်ပါဝင်လာကြသဖြင့် သုတေသနပြုလုပ်ခြင်းနှင့် တူးဖော်ရှာဖွေမှုများသည် အရှိန်အဟုန်ဖြင့် တိုးတက်လာသည်ကို တွေ့ရှိရသည်။**

**❖ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ၏ လမ်းညွှန်မှုဖြင့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ တစ်ဆက်တစ်စပ်တည်းသော မြန်မာ့သမိုင်းအား ရေးသားပြုစုရန် စတင်ဆောင်ရွက်ခဲ့သည်။**

**❖ မိမိတို့၏သမိုင်းအစစ်အမှန်အား ပိုမိုသိရှိလာကာ အမျိုးဂုဏ်၊ ဇာတိဂုဏ်များ နိုးကြားလာနိုင်သဖြင့် “တစ်ဆက်တစ်စပ်တည်းသော မြန်မာ့သမိုင်း” ရေးသားပြုစုခြင်းလုပ်ငန်းကြီးအား အောင်မြင်စွာလုပ်ဆောင်နိုင်ရန် နိုင်ငံသူနိုင်ငံသားများအားလုံး ဝိုင်းဝန်းကူညီရမည်ဖြစ်သည်။ ထိုကဲ့သို့ လုပ်ဆောင်နေသော အဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများနှင့် ပညာရှင်များ၏ ကြိုးစားအားထုတ်မှုများအောင်မြင်နိုင်စေရန်အတွက် မြန်မာနိုင်ငံသားများအားလုံးကလည်း ဝမ်းမြောက်စွာ ကြိုဆိုအားပေးရမည်ပင်ဖြစ်ပါသည်။**

⊃ စာမျက်နှာ ၁၃ မှအဆက်

ထည့်သွင်းထားသည်။ အဆိုပါမူကြမ်းစာအုပ်တွင် မြန်မာနိုင်ငံသားများသည် ပရိုင်းမိတ်ဖြစ်ပေါ်လာသည့်ကာလမှစ၍ သံခေတ်ဟုဆိုနိုင်သည့် စမုန်မြစ်ဝှမ်းယဉ်ကျေးမှုကာလအထိ တစ်ဆက်တစ်စပ်တည်းပင် မြန်မာ့ရေမြေပေါ်တွင် ရှင်သန်နေထိုင်ခဲ့ကြသည့် သမိုင်းစဉ်အဆင့်ဆင့်အား အထောက်အထားခိုင်မာတိကျစွာ ရေးသားထားခဲ့သည်။

ထိုဆွေးနွေးပွဲများနှင့် တစ်ဆက်တည်းပင် ပျူခေတ်ကာလသမိုင်းစဉ်တို့နှင့်ပတ်သက်၍ ဆွေးနွေးပွဲများအား ၂၀၂၂ ခုနှစ် ဇွန်လမှ ၂၀၂၅ ခုနှစ် ဇွန်လအထိ လေးကြိမ်ပြုလုပ်ကာ ပျူခေတ်ကာလရှေးဦးမြန်မာများ၏ စာပေ၊ ယဉ်ကျေးမှု၊ ဗိသုကာပညာနှင့် အခြားသောကဏ္ဍများအား အသစ်တွေ့ရှိရသည့် အထောက်အထားများအား အခြေခံကာ ဖြည့်စွက်သင့်သည်ကို ဖြည့်စွက်ခြင်း၊ ပြင်ဆင်သင့်သည်တို့ကို ပြင်ဆင်ခြင်းများလုပ်ဆောင်ခဲ့သည်။ ထိုဆွေးနွေးပွဲများ၏ ရလဒ်အဖြစ် ပျူမြန်မာတစ်ဆက်တစ်စပ်တည်းဖြစ်တည်ခဲ့မှုများ၊ ပျူခေတ်နှင့်ပုဂံခေတ်သည် တစ်ဆက်တစ်စပ်တည်း တည်ရှိနေမှုများအား အတည်ပြုနိုင်ခဲ့သဖြင့် မြန်မာ့သမိုင်းစဉ် ရေးသားခြင်းလုပ်ငန်းတွင် ကြီးမားသည့် အကျိုးသက်ရောက်မှုအား ဖြစ်ပေါ်စေခဲ့သည်။ အဆိုပါဆွေးနွေးပွဲများ၏ ရလဒ်အရ ရှေးယခင်က သတ်မှတ်ခဲ့ကြသည့် မြန်မာတို့သည် တိဗက်ကုန်းမြေမြင့်မှ ဆင်းသက်လာကာ မြန်မာနိုင်ငံသို့ အေဒီ ၈ ရာစုတွင် ဝင်ရောက်လာပြီး မြို့ပြတည်ထောင်ခဲ့သည်ဟူသော မှားယွင်းသည့် သမိုင်းအားပယ်ဖျက်ကာ လူသားများအဖြစ် စတင်ဖြစ်တည်လာမည့် ပရိုင်းမိတ်ကာလမှပင် မြန်မာတို့သည် မြန်မာ့ရေမြေပေါ်တွင် နေထိုင်ခဲ့ကြသည်ဟူသည့် အချက်အား မီးမောင်းထိုးဖော်ပြလာနိုင်သည်။

ဆွေးနွေးပွဲများတွင် ပြည်တွင်း၊ ပြည်ပမှ ပညာရှင်များစွာအား နယ်ပယ်အသီးသီးမှ ဖိတ်ခေါ်ကာ အပြန်ပြန်အလှန်လှန် စစ်ဆေးပြီး ရရှိလာသော မူကြမ်းများအား "မြန်မာနိုင်ငံ၏ တစ်ဆက်တစ်စပ်တည်းသော မြန်မာ့သမိုင်းစဉ်ပြုစုပုံနှိပ်နိုင်ရေးကော်မတီ" သို့ပေးအပ်ကာ မြန်မာနိုင်ငံ၏ မှန်ကန်သောသမိုင်းအချက်အလက်များအား ခိုင်မာသောအချက်အလက်များအဖြစ် မှတ်တမ်းပြုစုရန်၊ ပြည်သူလူထုသိရှိစေရန် သမိုင်းစဉ်စာအုပ်ထုတ်ဝေရန်၊ ခိုင်မာသောသမိုင်းအား အခြေခံပညာနှင့် အဆင့်မြင့်ပညာရေး သင်ရိုးညွှန်းတမ်းများတွင် အနီးစပ်ဆုံးသော စာသင်နှစ်မှစတင် ထည့်သွင်းရေးသားပြင်ဆင်ဖြည့်စွက်ပေးရန် လုပ်ဆောင်လျက်ရှိသည်။

**ရှေးပညာရှိများ၏ မျိုးဆက်အမွေ**

မြန်မာနိုင်ငံ၏ တစ်ဆက်တစ်စပ်တည်းသော သမိုင်းစဉ်စာအုပ်ပြုစုခြင်း၏ အဓိကရည်ရွယ်ချက်မှာ လူသားများစတင်ဖြစ်တည်ချိန်မှ ပျူခေတ်အထိ တစ်ဆက်တစ်စပ်တည်းသမိုင်းနှင့် မြန်မာနိုင်ငံသမိုင်းတွင် ကွက်လပ်ဖြစ်နေသော ဟာကွက်များကို ဖြည့်ဆည်းရန်အတွက် အသစ်ထပ်မံတွေ့ရှိချက် အထောက်အထားများကို ပြင်ဆင်ဖြည့်စွက်ရန်၊ သမိုင်းစဉ်အထောက်အထားများကို အသစ်တွေ့ရှိချက်များသာမက ခေတ်မီသက်တမ်းတွက်ချက်မှုများကိုပါ ဖြည့်စွက်ရေးသားရန်နှင့် စစ်မှန်သော မြန်မာ့သမိုင်းပေါ်လွင်ရန်ဖြစ်၍ မြန်မာ့သမိုင်းအဖွဲ့ပညာရှင်များနှင့် စိစစ်ရေးအဖွဲ့ပညာရှင်များက တည်းဖြတ်ပေးရန်ဖြစ်ကြောင်း သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်နုမြဲဇံမှ မြန်မာနိုင်ငံ၏တစ်ဆက်တစ်စပ်တည်းသော မြန်မာ့သမိုင်းစဉ်ပြုစုပုံနှိပ်နိုင်ရေးအတွက် ညှိနှိုင်းဆွေးနွေးပွဲတွင် ပြောကြားခဲ့သည်။

ကိုလိုနီခေတ်တွင် ကိုလိုနီလူမျိုးခြားပညာရှင်များမှ ဘက်လိုက်ရေးသားခဲ့သော မှားယွင်းနေသည့် သမိုင်းအချက်အလက်များ၊ မြန်မာတို့၏ ဇာတိမာန်အား ရိုက်ချိုးစေရန် ရေးသားမှုများ၊ လူမျိုးရေးဘက်လိုက်ရေးသားမှုများအား နှောင်းကာလမြန်မာ့သမိုင်းပညာရှင်များက ချေဖျက်ရန်ကြိုးစားခဲ့ကြသော်လည်း ထိုခေတ်ကာလ၏အခြေအနေများကြောင့် အလုံးစုံပြန်လည်ပြင်ဆင်ရန် မဖြစ်နိုင်ခဲ့သည်ကို တွေ့ရှိရသည်။ ထို့ကြောင့် ထိုမှားယွင်းသော အချက်အလက်များအား ပညာရေးသင်ရိုးညွှန်းတမ်းများတွင် ဆက်လက်ဖော်ပြလျက်ရှိနေဆဲပင်ဖြစ်သည်။ ယခုအခါတွင် စစ်မှန်သည့် မြန်မာ့သမိုင်းသည် တစ်စစနှင့် ပီပြင်စွာပေါ်ထွက်လာခဲ့သည်ဖြစ်ရာ "အခြေပြမြန်မာ့နိုင်ငံရေးသမိုင်း" အား ရေးသားပြုစုခဲ့ကြသည့် ပညာရှင်များနှင့် နှောင်းခေတ်ကာလသမိုင်းပညာရှင်များ ခေတ်အဆက်ဆက် ကြိုးစားအားထုတ်မှု၏ရလဒ်ဟု ဆိုနိုင်မည်ဖြစ်သည်။ ထိုပညာရှင်ကြီးများသည် ၎င်းတို့လက်ထက်တွင် ပြင်ဆင်ရန်ခက်ခဲသည်ကို သိရှိသဖြင့် နောင်တွင် မျိုးဆက်သစ်များဆက်လက်လုပ်ဆောင်နိုင်ရန်အတွက် အတတ်နိုင်ဆုံး အားထုတ်ကြိုးပမ်းရေးသားထားသည်ဖြစ်ရာ ယခုအချိန်တွင် "တစ်ဆက်တစ်စပ်တည်းသော မြန်မာ့သမိုင်း" ရေးသားပြုစုရာတွင်ကြီးမားသော အထောက်အပံ့ပင်ဖြစ်လာခဲ့သည်။ ယခုကျွန်တော်တို့မျိုးဆက်တွင် "တစ်ဆက်တစ်စပ်တည်းသော မြန်မာ့သမိုင်း" ရေးသားရာတွင် နိုင်ငံခြားပညာရှင်များ၏ ခြယ်လှယ်မှုကင်းလွတ်ကာ ခိုင်မာတိကျသော အထောက်အထားများစွာဖြင့် ခိုင်မာစွာ ရေးသားပြုစုနေခြင်းဖြစ်သော်လည်း အလုံးစုံပြည့်ဝမှန်ကန်ရန် လိုအပ်နေဆဲပင်ဖြစ်သည်။ မျိုးဆက်သစ်များလက်ထက်တွင်လည်း အသစ်ထပ်မံတွေ့ရှိချက်များရှိလာပါက ပြင်ဆင်ဖြည့်စွက်ရဦးမည်ပင်ဖြစ်သည်။ ထိုလုပ်ငန်းစဉ်ကြီးသည် မြန်မာနိုင်ငံသားများအတွက် အစဉ်အဆက်လုပ်ဆောင်ရမည့် အမျိုးသားရေးတာဝန်ဖြစ်ရာ "တစ်ဆက်တစ်စပ်တည်းသော မြန်မာ့သမိုင်း" ရေးသားပြုစုနေသည့် ကော်မတီ၏ လုပ်ဆောင်ချက်များသည် သမိုင်းမှတ်တိုင်တစ်ခုအဖြစ် ဖြစ်တည်လာပြီဖြစ်သည်။ **မိမိတို့၏သမိုင်းအစစ်အမှန်အား ပိုမိုသိရှိလာကာ အမျိုးဂုဏ်၊ ဇာတိဂုဏ်များ နိုးကြားလာနိုင်သဖြင့်"တစ်ဆက်တစ်စပ်တည်းသော မြန်မာ့သမိုင်း" ရေးသားပြုစုခြင်းလုပ်ငန်းကြီးအား အောင်မြင်စွာလုပ်ဆောင်နိုင်ရန် နိုင်ငံသူနိုင်ငံသားများအားလုံး ပိုင်းဝန်းကူညီရမည်ဖြစ်သည်။ ထိုကဲ့သို့ လုပ်ဆောင်နေသော အဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများနှင့် ပညာရှင်များ၏ ကြိုးစားအားထုတ်မှုများ အောင်မြင်နိုင်စေရန်အတွက် မြန်မာနိုင်ငံသားများအားလုံးကလည်း ဝမ်းမြောက်စွာ ကြိုဆိုအားပေးရမည်ပင်ဖြစ်ပါသည်။** ။

# စားသုံးသူမိဘပြည်သူများ ဘေးအန္တရာယ် ကင်းရှင်းစေရန် ဆေးဆိုင်များအားကွင်းဆင်းစစ်ဆေး

မိတ္ထီလာ ဩဂုတ် ၂၁

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်တွင် စားသုံးသူမိဘပြည်သူများ ဘေးအန္တရာယ် ကင်းရှင်းစေရန်အတွက် ဆေးဆိုင်များအား ကွင်းဆင်းစစ်ဆေးခြင်းကို ဩဂုတ်လ ၂၀ ရက်တွင်ဆောင်ရွက်ကြောင်း သိရသည်။

ထိုသို့စစ်ဆေးရာတွင် စားသုံးသူရေးရာဦးစီးဌာန စစ်ဆေးရေးအရာရှိ ဒေါ်စိမ်းစိမ်းထွေး ဦးဆောင်သော ဈေးကွက်စောင့်ကြည့်စစ်ဆေးရေးအဖွဲ့သည် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ခရိုင်အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ မြို့နယ်ပြည်သူ့ကျန်းမာရေး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့ပူးပေါင်း၍ စားသုံးသူမိဘပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းစေရန်အတွက် ဈေးကွက်အတွင်းရောင်းချနေသော ကုန်စည်များပေါ်တွင် မြန်မာနိုင်ငံဆေးဝါးမှတ်ပုံတင်အမှတ်မပါရှိသော ဆေးဝါးများ၊ သက်တမ်းလွန်ဆေးဝါးများနှင့် တရားမဝင်ဆေးဝါးများရောင်းချမှုမရှိစေရေး၊ ဆရာဝန်ညွှန်ကြားချက်မလိုသော အိမ်သုံးဆေးဝါးများအား ဈေးနှုန်းမြှင့်တင်ရောင်းချမှု ရှိ၊ မရှိစသည်တို့ကို စစ်ဆေးသည်။

ထို့နောက် စပ်ဆေးအသုံးပြုမှုလျှော့ပါးစေရေး၊ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၏ ထောက်ခံချက်မရှိသော အရည်အသွေးနှင့်စံချိန်စံညွှန်းစစ်ဆေးမှုခံယူထားခြင်းမရှိသည့် အာမခံချက်မရှိသော တရားမဝင်ဆေးဝါးများ ရောင်းချခြင်းမပြုရန် အသိပညာပေးဆွေးနွေးသည်။

စားသုံးသူရေးရာဦးစီးဌာနအနေဖြင့် စားသုံးသူ ကာကွယ်ရေးဥပဒေအရ ကုန်စည်သို့မဟုတ်ဝန်ဆောင်မှုလုပ်ငန်းများနှင့်စပ်လျဉ်း၍ စားသုံးသူနစ်နာဆုံးရှုံးမှုများအပေါ် တိုင်ကြားလာ၍သော်လည်းကောင်း၊ စားသုံးသူများဘေးအန္တရာယ်ရှိသည်ဟု ထင်မြင်ယူဆရသော ကုန်စည်သို့မဟုတ် ဝန်ဆောင်မှုနှင့်စပ်လျဉ်း၍သော်လည်းကောင်း စုံစမ်းစစ်ဆေးမှုများပြုလုပ်၍ စားသုံးသူကာကွယ်ရေးဥပဒေနှင့်အညီ ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(၆၀၂)

MWD Education, Knowledge & Sports Channel

၂၂-၈-၂၀၂၅(သောကြာနေ့)

| | | | |
|---|---|---|---|
| ၁။ | ၀၇:၀၀ – ၀၈:၃၀ | Grade – 9 | မြန်မာစာ၊ အင်္ဂလိပ်စာ |
| ၂။ | ၁၅:၃၀ – ၁၆:၁၅ | Grade – 9 | သင်္ချာ(၁)၊ သင်္ချာ(၂) |
| ၃။ | ၁၆:၁၅ – ၁၇:၅၀ | Grade – 9 | ပထဝီဝင်၊ သမိုင်း၊ သိပ္ပံ |

# ကျောက်တလုံးကြီးမြို့၌ သနပ်ဖက်အထွက်နှုန်းကောင်းလျက်ရှိ

ကျောက်တလုံးကြီး ဩဂုတ် ၂၁

ရှမ်းပြည်နယ်(တောင်ပိုင်း)ကျောက်တလုံးကြီးမြို့၌ မိရိုးဖလာစိုက်ပျိုးကြသော သနပ်ဖက်များ ယခုနှစ် အထွက်နှုန်းကောင်းသဖြင့် တောင်သူများ သနပ်ဖက်ခူးခြင်း၊ လှော်ခြင်းလုပ်ငန်းများကို နေ့စဉ်ဆောင်ရွက်လျက်ရှိကြသည်။


အဆိုပါသနပ်ဖက်များကိုကျောက်တလုံးကြီးမြို့ နောင်ခဲကျေးရွာအုပ်စု၊ ပင်တွန်ကျေးရွာအုပ်စုနှင့် ဆောင်းဖိုးကျေးရွာအုပ်စုတို့တွင်အများဆုံးစိုက်ပျိုးကြရာ အကျယ်ဆုံးခြံတစ်ခြံလျှင် အပင်ပေါင်း ၁၀၀၀၀၀ အထိ စိုက်ပျိုးကြသည်။

သနပ်ဖက်များကို မေလမှစတင်၍ ဘေးသို့ဖြာထွက်နေသော အမြစ်များဖြတ်တောက်ခြင်း၊ မြေဩဇာထည့်ပေးခြင်း၊ မြေဆွပေးခြင်း၊ ပေါင်းမြက်များ နုတ်ပေးခြင်းကိုပြုလုပ်ရပြီး အပင်များအပေါ်တက်၍ အကိုင်းအခက်များ ဝေဖြာလာသောအခါ ပင်မကိုင်းကြီးနှစ်ကိုင်းသုံးကိုင်းသာ ချန်၍ ကျန်အကိုင်းများကိုရှင်းလင်းပေးကာ အရွက်များပိုးမကိုက်စေရန် ပိုးသတ်ဆေးအကြိမ်ကြိမ်ဖျန်းပေးရပြီး ဇူလိုင်လမှ စတင်၍ ခူးလှော်ရကြောင်းသိရသည်။

သနပ်ဖက်ခူးလှော်ခြင်းလုပ်ငန်းကို အောက်တိုဘာလအထိဆောင်ရွက်ကြပြီး သနပ်ဖက် တစ်ပင်လျှင် အရွက်ရေ ၂၀ မှ ၂၅ ရွက်အထိထွက်ရှိနိုင်ကြောင်း သိရသည်။

(၄၀၅)

# သာယာဝတီခရိုင်အတွင်း စားရေရိက္ခာဖူလုံစေရေး စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှု



သာယာဝတီ ဩဂုတ် ၂၁

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့်အတူ ဩဂုတ်လ ၂၀ ရက် နံနက်ပိုင်းတွင် သာယာဝတီခရိုင်အတွင်း စားရေရိက္ခာဖူလုံစေရေးဆောင်ရွက်ထားသည့် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို ကွင်းဆင်းကြည့်ရှုအားပေးသည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် သာယာဝတီခရိုင် လက်ပံတန်းမြို့နယ် ဝွေးတောက်ကွင်းကျေးရွာအုပ်စုရှိ မွေးမြူရေးလုပ်ငန်းရှင် ဦးအေးစိုး၏ ငါးတန်ငါးမျိုးကောင်ရေ နှစ်သိန်းနှင့် ဥစားဘဲကောင်ရေ ၁၁၀၀ မွေးမြူထားရှိမှုတို့ကို ကွင်းဆင်းကြည့်ရှုအားပေးသည်။

ထို့နောက်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် ပီထရိန်းအမျိုးအစားအသားတိုးဝက်ကောင်ရေ ၇၀ နှင့် DYL အမျိုးအစား မျိုးဝက်မကောင်ရေ ၂၀ မွေးမြူထားရှိမှုကို ကြည့်ရှုအားပေးပြီး ဇီဝလုံခြုံရေးအလေးထားဆောင်ရွက်ရန်မှာကြားသည်။

ယင်းနောက် လက်ပံတန်းမြို့နယ် ကျွန်းကလေးကျေးရွာ၌ မွေးမြူရေးလုပ်ငန်းရှင် ဦးရိန်ဝင်း၏ ဒေသနွား၊ ဘရာမင်အမျိုးအစားအသားတိုးနွားနှင့် အင်ဒိုဘရာဇီးအမျိုးအစား နို့စားနွားမွေးမြူထားရှိမှုကိုလည်းကောင်း၊ သာယာဝတီမြို့နယ် သင်တောရိုးကျေးရွာအုပ်စု၌ ဆင်းသုခစပါးမျိုးစေ့ထုတ် စိုက်ခင်း အောင်မြင်ဖြစ်ထွန်းနေမှု၊ မျိုးကွဲနုတ်ပယ်နေမှုနှင့် စုပေါင်းမြေဩဇာကြဲပက်နေမှုကိုလည်းကောင်း ကွင်းဆင်းကြည့်ရှုအားပေးကြောင်းသိရသည်။ (၄၀၁)၊ တင်စိုး(ပဲခူး)

# ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်တို့ပူးပေါင်း၍ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးရှင်းလင်းဆွေးနွေးခြင်းအခမ်းအနားကျင်းပ

နေပြည်တော် ဩဂုတ် ၂၁

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်တို့ ပူးပေါင်းဆောင်ရွက်သည့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေး ရှင်းလင်းဆွေးနွေးခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ကျောက်စိမ်းခန်းမ၌ကျင်းပသည်။

အခမ်းအနားသို့ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးလွင်ဦး၊ ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်အဖွဲ့ဝင်ဒေါ်ကြူကြူဝင်းနှင့်တာဝန်ရှိသူများ၊ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့်တာဝန်ရှိသူများ၊ ဝန်ကြီးဌာန CPU အဖွဲ့ဝင်များ၊ အရာထမ်း၊ အမှုထမ်းများပါဝင်တက်ရောက်ကြပြီး တိုင်းဒေသကြီး၊ ပြည်နယ်ရုံးခွဲများမှ ရုံးခွဲတာဝန်ခံများနှင့် ဝန်ထမ်းများက အွန်လိုင်းမှတက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်က ဝန်ထမ်းများအနေဖြင့် အများပြည်သူဆိုင်ရာဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ အဂတိတရားကင်းစွာဖြင့် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ဝန်ကြီးဌာန၌ ဌာနတွင်း အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ကို ဖွဲ့စည်းထားရှိပြီးဖြစ်သည့်အတွက် ဝန်ထမ်းများ အဂတိတရားကင်းရှင်းအောင် အသိပညာပြန့်ပွားရေးဆိုင်ရာ ကိစ္စရပ်များကို ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။





ယင်းနောက် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌဦးလွင်ဦးက အဂတိလိုက်စားမှုသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာတွင် အဓိကအဟန့်အတားတစ်ခုဖြစ်ပြီး နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုများကို ထိခိုက်နစ်နာစေသည့် အပြင် အုပ်ချုပ်ရေး၊ တရားစီရင်ရေး၊ နိုင်ငံရေး၊ စီးပွားရေး၊ ယဉ်ကျေးမှုနှင့်လူမှုရေးဆိုင်ရာ ကိစ္စရပ်များကိုပါ ဆိုးကျိုးသက်ရောက်နိုင်ကြောင်း၊ အစိုးရနှင့် ပြည်သူအကြား ယုံကြည်မှုခိုင်မာမှသာ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များတွင် တက်ညီလက်ညီနှင့် ဆောင်ရွက်နိုင်မှာဖြစ်ကြောင်း၊ **"အဂတိ ပယ်ခွာ ပြည်သာယာ"** ဆောင်ပုဒ်နှင့်အညီ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး လက်တွဲဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံးမှ တာဝန်ရှိသူများက အဂတိလိုက်စားမှု တိုက်ဖျက်ရေးဆိုင်ရာများနှင့်စပ်လျဉ်း၍လည်းကောင်း၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေနှင့်စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် ကော်မရှင်အဖွဲ့ဝင် ဒေါ်ကြူကြူဝင်း ခေါင်းဆောင်၍ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနမှ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit – CPU) များနှင့်တွေ့ဆုံကာ တားဆီးကာကွယ်ရေးအဖွဲ့များ၏ လုပ်ငန်းဆောင်ရွက်ရာတွင် ကြုံတွေ့ရသည့်အတွေ့အကြုံများ၊ အားသာချက်၊ အားနည်းချက်များ၊ သုံးသပ်တင်ပြချက်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

မြဝတီ

# ဆေးလိပ်ငွေ့ကင်းစင်ရေးအတွက် Billboard စိုက်ထူခြင်း အခမ်းအနားသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး တက်ရောက်

နေပြည်တော် ဩဂုတ် ၂၁

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည်ယနေ့နံနက်ပိုင်းတွင်ပျဉ်းမနား–တောင်ညိုလမ်းမကြီး သပြေကုန်းအဝိုင်းအနီးတွင်ဆေးလိပ်ငွေ့ကင်းစင်ရေးအတွက် Billboard စိုက်ထူခြင်းအခမ်းအနားသို့ တက်ရောက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက "နေပြည်တော် တစ်ခွင် ဆေးလိပ်ငွေ့ကင်းစင်ဖို့ အားလုံးပါဝင်ဆောင်ရွက်စို့" Billboard အားဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ဘင်ခရာအဖွဲ့နှင့် ပန်းဖွားအဖွဲ့အား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

ဆက်လက်၍ ဇမ္ဗူသီရိမြို့နယ် အခြေခံပညာအလယ်တန်းကျောင်းသို့ သွားရောက်ပြီး ဆေးလိပ်ငွေ့ကင်းစင်ရေး ကျောင်းအတွင်း လှုပ်ရှားမှုအဖြစ် ပြသထားသော မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှု၍ ဉာဏ်စမ်းပဟေဠိမေးမြန်းခြင်းနှင့်အသိပညာပေးဟောပြောပွဲ ဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုအားပေးသည်။

ယင်းနောက် လယ်ဝေးမြို့သို့သွားရောက်ပြီး မြို့တွင်းလမ်းများသန့်ရှင်းသာယာလှပရေးနှင့်ရေစီးရေလာကောင်းမွန်စေရေးအတွက် ဆောင်ရွက်ထားရှိမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လယ်ဝေးမြို့ မြန်မာ့စီးပွားရေးဘဏ်၌ ပင်စင်လစာလာရောက်ထုတ်ယူကြသော အငြိမ်းစားဝန်ထမ်းများကို ကျန်းမာရေးစောင့်ရှောက်မှုပေးနေခြင်းကို ကြည့်ရှုအားပေးကာ စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထို့နောက်နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် လယ်ဝေးမြို့ သီရိမင်္ဂလာခန်းမသို့ သွားရောက်ပြီး နွားမွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာဆွေးနွေးပွဲကို တက်ရောက်အမှာစကားပြောကြားပြီး နေပြည်တော် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးက မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဆွေးနွေးပွဲနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကာ နွားမွေးမြူမှု ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ခင်းကျင်းပြသထားမှုများ၊ နွားအမျိုးအစားများ ပြသထားမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။



ဆက်လက်၍ ဒက္ခိဏသီရိစက်မှုဇုန်ရှိ Myanmar New Power Investment Group Co.,Ltd.သို့သွားရောက်ကာ စက်ရုံအတွင်း Ev မော်တော်ဆိုင်ကယ်များ တပ်ဆင်ထုတ်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ဘုရင်ရေသန့်ရေခဲနှင့် ရေသန့်ထုတ်လုပ်ခြင်းလုပ်ငန်း၊ ဆိုလာနှင့် ဆက်စပ်ပစ္စည်းများ တပ်ဆင်ထုတ်လုပ်မည့် စက်ရုံတည်ဆောက်ခြင်းလုပ်ငန်း၊ Ev ကားတပ်ဆင် ထုတ်လုပ်မည့် စက်ရုံတည်ဆောက်ခြင်းလုပ်ငန်းနှင့် Eon Saw Mon ကုမ္ပဏီ၏တန်ဖိုးမြှင့်ဝါးပေါင်းသားယင်းလိပ်ထုတ်လုပ်နေသည့်လုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များမှာကြားခဲ့ကြောင်း သိရသည်။

အောင်သူရဦး(ပြန်/ဆက်)

# မွန်ပြည်နယ်ဝန်ကြီးချုပ်ဖလား ၁၀ မြို့နယ်အမျိုးသမီးကိုယ်ကာယကြံ့ခိုင်မှုလေ့ကျင့်ခန်း (အေရိုးဗစ်)ပြိုင်ပွဲဖွင့်ပွဲအခမ်းအနားနှင့် ၂၀၂၅ ခုနှစ် အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များ ပြည်နယ်အဆင့်အထိမ်းအမှတ်အခမ်းအနားကျင်းပ



မော်လမြိုင် ဩဂုတ် ၂၁

၂၀၂၅ ခုနှစ် မွန်ပြည်နယ်ဝန်ကြီးချုပ်ဖလား ၁၀ မြို့နယ် အမျိုးသမီးကိုယ်ကာယကြံ့ခိုင်မှု လေ့ကျင့်ခန်း (အေရိုးဗစ်)ပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မော်လမြိုင်မြို့ ပြည်နယ်အားကစားခန်းမ၌ ကျင်းပသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းက အဖွင့်အမှာစကားပြောကြားပြီး ၁၀မြို့နယ်ပြိုင်ပွဲဝင်အားကစားသမားများ၏ သရုပ်ပြကပြဖျော်ဖြေမှုကို ကြည့်ရှုအားပေးကာ ပြိုင်ပွဲဝင် အားကစားသမားများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ဆက်လက်၍ ၂၀၂၅ ခုနှစ် အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များ ပြည်နယ်အဆင့် အထိမ်းအမှတ်အခမ်းအနားကို ပြည်နယ်ခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့မှ တာဝန်ရှိသူများ၊ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး ၂၀၂၅ ခုနှစ် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်အထိမ်းအမှတ် “ကိုယ်ဝန်ဆောင်ကာလ အာဟာရပြည့်ပြည့် ဝဝစားကြစို့” ဗီဒီယိုကိုပြသကာ ပြည်နယ်အဆင့် မိခင်နို့တိုက်ကျွေးမှု စံပြမိခင်ပြိုင်ပွဲတွင် နှစ်သိမ့်ဆုရရှိခဲ့သည့် နို့တိုက်မိခင်နှစ်ဦးကို ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ တာဝန်ရှိသူကလည်းကောင်း၊ မိခင်နို့တိုက်ကျွေးမှု စံပြမိခင်ပြိုင်ပွဲတွင် ပထမဆု၊ ဒုတိယဆု၊ တတိယဆုရရှိခဲ့သည့် နို့တိုက်မိခင်များကို ပြည်နယ်ဝန်ကြီးချုပ်ကလည်းကောင်း ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ပြီး ကိုယ်ဝန်ဆောင်မိခင်များကို အဏုအာဟာရဆေးပြားများနှင့် အာဟာရပစ္စည်းများကိုလည်းကောင်း၊ အသက်ငါးနှစ်အောက် ကလေးများကို အင်အားပြည့် ဗီတာမင်အေဆေးလုံးတိုက်ကျွေး၍ လက်ဆောင်ပစ္စည်းများကိုလည်းကောင်း ပေးအပ်ကာ ခန်းမအတွင်း ခင်းကျင်းပြသထားသော ၂၀၂၅ ခုနှစ် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များ ပြည်နယ်အဆင့် အထိမ်းအမှတ်ပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် အမှတ်(၈)အခြေခံပညာအထက်တန်းကျောင်းတွင် KG ကျောင်းသူလေးများအား ကျောင်းတွင်းအာဟာရ ချက်ပြုတ်ကျွေးမွေးနေမှုများကိုလှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်းသိရသည်။

စည်သူ(ပြန်/ဆက်)

# မြစ်ကြီးနားမြို့ရှိ သံဃာတော်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်



သံဃာတော်များအား မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်လှည့်ဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

နေပြည်တော် ဩဂုတ် ၂၁

ကချင်ပြည်နယ်၊မြစ်ကြီးနားမြို့ပေါ်ရှိသံဃာတော်များအား ယနေ့နံနက်ပိုင်းတွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၊ နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါမြို့ရှိ ဝန်းသိုခမ္မရက္ခိတကျောင်းတိုက်၌အခြေပြု၍ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် ၄၂ ပါးတို့ကို ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အရိုးအကြောရောဂါ၊ အာရုံကြောအားနည်းရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်း၊ ECG စက်ဖြင့် နှလုံးစမ်းသပ်စစ်ဆေးပေးခြင်း၊ ဓာတ်မှန်ရိုက်ကူး၍ ရောဂါရှာဖွေပေးခြင်းများဆောင်ရွက်ပေးပြီးဆေးရုံတက်ရောက်ကုသရန်လိုအပ်သည့် သံဃာတော်များအား နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေးစီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ဆောင်ရွက်ပေးနေမှုများကို တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး ဝန်းသိုခမ္မရက္ခိတကျောင်းတိုက်ဆရာတော်အမှူးပြုသော သံဃာတော်များအား လှူဖွယ်ပစ္စည်းများနှင့် နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

# လုပ်ငန်းစွမ်းဆောင်ရည်တိုးတက်မြင့်မားစေရေး ကျွမ်းကျင်မှုသင်တန်းဖွင့်ပွဲအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးအောင်ကျော်ဟိုး တက်ရောက်၊ အာမခံအလုပ်သမားများအား ကျန်းမာရေးစောင့်ရှောက်ပေးနေမှုကြည့်ရှုအားပေး

ရန်ကုန် ဩဂုတ် ၂၁

မော်တော်ယာဉ်စက်ပြင်သင်တန်း အမှတ်စဉ်(၃/၂၀၂၅)နှင့် စားသောက်ဆိုင်ဝန်ဆောင်မှုသင်တန်းအမှတ်စဉ်(၃/၂၀၂၅) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ရန်ကင်းမြို့နယ်ရှိကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်း၌ကျင်းပရာ အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကျော်ဟိုး တက်ရောက်အဖွင့်အမှာစကားပြောကြားသည်။





အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီး၊ တာဝန်ရှိသူများ၊ ရန်ကုန်တိုင်းဒေသကြီး ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အလုပ်အကိုင်အခွင့်အလမ်းများဖန်တီးပေးရေး လုပ်ငန်းကော်မတီဝင်များ၊ သင်တန်းနည်းပြများနှင့် သင်တန်းသားများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ဝန်ကြီးဌာနအနေဖြင့် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျွမ်းကျင်လုပ်သားများ စဉ်ဆက်မပြတ် ပေါ်ထွန်းလာစေရေး၊ အရည်အချင်းပြည့်ဝသည့် ကျွမ်းကျင်လုပ်သားများ မွေးထုတ်ပေးနိုင်ရေးအတွက် တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်း ခုနစ်ကျောင်းကို တည်ထောင်ဖွင့်လှစ်ပို့ချပေးလျက်ရှိပြီး ပြည်ပနိုင်ငံများသို့သွားရောက်လုပ်ကိုင်မည့် လုပ်သားများအတွက်မွမ်းမံသင်တန်းများ ဖွင့်လှစ်ပို့ချပေးလျက်ရှိကြောင်း၊ သင်တန်းသားများအနေဖြင့် သင်ကြားပို့ချပေးသည့်စာတွေ့အသိပညာဗဟုသုတများနှင့် လက်တွေ့ကျွမ်းကျင်မှုများကို စနစ်တကျလေ့လာမှတ်သားကြရန်၊ လုပ်ငန်းခွင်တွင် ပြန်လည်အသုံးချကြရန်၊ စဉ်ဆက်မပြတ် လေ့လာဆည်းပူးဆောင်ရွက်ကြရန် မှာကြားပြီး သင်တန်းကျောင်းအတွင်း ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တာမွေမြို့နယ်ရှိ လူမှုဖူလုံရေးအဖွဲ့ပိုင် အလုပ်သမားဆေးရုံကြီး(ရန်ကုန်) အစည်းအဝေးခန်းမ၌ ဆေးရုံအုပ်ကြီးနှင့် ဝန်ထမ်းများအားတွေ့ဆုံ၍ အလုပ်ရှင်နှင့် အာမခံအလုပ်သမားများ ယုံကြည်အားထားရသည့် လူမှုဖူလုံရေးစီမံကိန်းဖြစ်စေရန်၊ အာမခံအလုပ်သမားများ၏ ကျန်းမာရေးစောင့်ရှောက်မှုကို တိုးမြှင့်ဆောင်ရွက်နိုင်ရန်နှင့် အရည်အသွေးပြည့်မီသော ကျန်းမာရေးဝန်ဆောင်မှုများ ပေးအပ်နိုင်ရန်မှာကြားပြီး ပြင်ပလူနာများအား ဆေးဝါးကုသပေးနေမှုကို ကြည့်ရှုအားပေးစကားပြောကြားကာ အတွင်းလူနာကုသပေးသည့် ကုသဆောင်များ၌ ဆေးဝါးကုသမှုခံယူနေသည့် အာမခံအလုပ်သမားများအား ထောက်ပံ့ငွေများ ပေးအပ်သည်။

မွန်းလွဲပိုင်းတွင် ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်ရှိ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်း(မြောက်ဒဂုံ)၌ ပြည်ပနိုင်ငံများသို့ သွားရောက်လုပ်ကိုင်မည့် အလုပ်သမားများအတွက် ပြည်ပအလုပ်အကိုင်လမ်းညွှန်သင်တန်း ဖွင့်လှစ်ပို့ချနေမှုနှင့် ပြည်ပအလုပ်အကိုင် အလုပ်သမားသက်သေခံကတ်ပြား (OWIC) ထုတ်ပေးနေမှု၊ အထည်ချုပ်သင်တန်းဖွင့်လှစ်ပို့ချနေမှုနှင့် လျှပ်စစ်ကျွမ်းကျင်မှုအဆင့်(၁) အလုပ်အကိုင်အတွက် ကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ်ခြင်းလုပ်ငန်းစဉ်ဆောင်ရွက်မှုများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည်သဃ်န်းကျွန်းမြို့နယ်ရှိ Center for Vocational Training (CVT) သင်တန်းကျောင်းသို့ သွားရောက်၍ သင်တန်းများကို စဉ်ဆက်မပြတ် တိုးမြှင့်ဖွင့်လှစ်နိုင်ရေး၊ သင်တန်းအရည်အသွေး တိုးတက်မြင့်မားရေးအတွက် သင်တန်းနည်းပြများ ခေတ်နှင့်လျော်ညီသော အတတ်ပညာများ သင်ကြားပို့ချနိုင်ရေး မှာကြားကြောင်း သိရသည်။

**မြဝတီ**

# အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၏ ၂၀၂၅ ခုနှစ်၊ တိုင်းမှူးဒိုင်းဘောလုံးပြိုင်ပွဲတွင် ခိုလမ်တပ်နယ်(ခ)အသင်းက ဒိုင်းဆုရရှိ



အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်း ဒိုင်းဆုရရှိသည့် ခိုလမ်တပ်နယ်(ခ)အသင်းအား ဆုပေးအပ်ချီးမြှင့်စဉ်။

နေပြည်တော် ဩဂုတ် ၂၁

အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၏ ၂၀၂၅ ခုနှစ်၊ တိုင်းမှူးဒိုင်းဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲတွင် ခိုလမ်တပ်နယ်(က)အသင်းနှင့် ခိုလမ်တပ်နယ်(ခ)အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ခိုလမ်တပ်နယ်(ခ)အသင်းက အနိုင်ရရှိပြီး ဒိုင်းဆုရရှိခဲ့ကြောင်း သိရှိရသည်။

အဆိုပါ တိုင်းမှူးဒိုင်း ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ် အားကစားကွင်း၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်းနှင့်တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဒိုင်အဖွဲ့ဝင်များနှင့် ပြိုင်ပွဲဝင်အသင်းများတက်ရောက်ကြပြီး ဗိုလ်လုပွဲပွဲစဉ်ဖြစ်သည့် ခိုလမ်တပ်နယ်(က)အသင်းနှင့် ခိုလမ်တပ်နယ်(ခ)အသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးကြသည်။ ထို့နောက် ဆုချီးမြှင့်ပွဲကိုဆက်လက်ကျင်းပရာ တိုင်းမှူးနှင့်တာဝန်ရှိသူများက တစ်ဦးချင်း အကောင်းဆုံးဆုရရှိကြသူများ၊ အသင်းလိုက်ဆုများ၊ ဒိုင်အဖွဲ့ဝင်များနှင့် ဒိုင်းဆုရရှိသော ခိုလမ်တပ်နယ်(ခ)အသင်းတို့အား ဒိုင်းဆုနှင့်ဂုဏ်ပြုဆုများ အသီးသီး ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

အဆိုပါဘောလုံးပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက်ရှိ တပ်နယ်အသီးသီးမှ ပြိုင်ပွဲဝင်အသင်း ၉ သင်းတို့ဖြင့် ဩဂုတ်လ ၉ ရက်နေ့မှ ယနေ့အထိ ယှဉ်ပြိုင်ကစားခဲ့ခြင်း ဖြစ်ကြောင်း သတင်းရရှိသည်။ (၁၀၀)

**➤ အရှေ့တောင်အာရှကာယဗလမှ**

အားကစားပြိုင်ပွဲကို ယနေ့တွင် မြန်မာအားကစားသမားများ ပါဝင်ယှဉ်ပြိုင်ကြရာ Champion of Champion Overall Champion ဆု(ရွှေ)ကို ချမ်းမြေ့ထွန်းကလည်းကောင်း၊ MSP Over175 cm တွင် မျိုးသူရကျော်က ပထမ(ရွှေ)၊ MSP up to175 cm တွင် စိုင်းသစ်နောင်ဦးက ပထမ(ရွှေ)၊ အမျိုးသားကာယဗလ 75kg တွင် ချမ်းမြေ့ထွန်းက ပထမ(ရွှေ)၊WMP up to160cm တွင် ဆုမွန်လှိုင်က ဒုတိယ(ငွေ)၊WMP up Over 170cm တွင် မစုစုသန့်က ဒုတိယ(ငွေ)၊ WMP up to 165cm တွင် မလင်းလင်းစိုး၊ WAP up to 167cm တွင် သန်းဇော်ထိုက်၊ 70 kg တွင် မောင်မောင်စိုင်းတို့ကတတိယ(ကြေး)တစ်ခုစီ အသီးသီးဆွတ်ခူးရရှိခဲ့ကြသည်။

ယင်း(၁၉)ကြိမ်မြောက်အရှေ့တောင်အာရှကာယဗလနှင့် ကာယကြံ့ခိုင်မှုအားကစားပြိုင်ပွဲ၌ ၁၀ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခုနစ်ဦး ဆုတံဆိပ်ရရှိခဲ့သည်။ ဩဂုတ်လ ၂၂ ရက်မှ ၂၄ ရက်အထိတွင် (၅၇)ကြိမ်မြောက် အာရှကာယဗလနှင့် ကာယကြံ့ခိုင်မှုအားကစားပြိုင်ပွဲတွင် မြန်မာ့လက်ရွေးစင်ကာယဗလအားကစားများ ဆက်လက်ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်းသိရသည်။

ယင်းပြိုင်ပွဲသို့ မြန်မာ့ကာယဗလအားကစားအဖွဲ့တွင် အဖွဲ့ချုပ်ဒုတိယဥက္ကဋ္ဌ ဦးကျော်သန်း(အုပ်ချုပ်သူ)၊ ဒေါ်ရီရီဝင်း(ဒိုင်)၊ ဦးအောင်နိုင်(ဒိုင်)၊ ဦးဝင်းလွင်(နည်းပြ)၊ ဒေါ်တင်မမမျိုး(နည်းပြ)နှင့် အားကစားသမား၂၀ ဦးတို့သည် (၁၉)ကြိမ်မြောက် အရှေ့တောင်အာရှကာယဗလနှင့် ကာယကြံ့ခိုင်မှုအားကစားပြိုင်ပွဲ၌ ၁၀ ဦး၊ (၅၇)ကြိမ်မြောက်အာရှကာယဗလနှင့်ကာယကြံ့ခိုင်မှုအားကစားပြိုင်ပွဲ၌ ၁၀ ဦး ပါဝင်ယှဉ်ပြိုင်လျက်ရှိကြောင်းသိရသည်။ **ဝန်းရံခ**

မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့်ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

# သီလဝါအထူးစီးပွားရေးဇုန်သို့ မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်နှင့် ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးချစ်ဆွေ သွားရောက်ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၂၁

မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်နှင့်ဒုတိယဥက္ကဋ္ဌ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးချစ်ဆွေတို့သည် ယနေ့ နံနက် ၉ နာရီခွဲတွင် သီလဝါအထူးစီးပွားရေးဇုန်သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။



ဦးစွာ သီလဝါအထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးရန်နိုင်ထွန်းက လက်ရှိ သီလဝါအထူးစီးပွားရေးဇုန်လုပ်ငန်းဆောင်ရွက်မှုအခြေအနေ၊ ရှေ့ဆက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က သီလဝါအထူးစီးပွားရေးဇုန်သည် အောင်မြင်သော စီးပွားရေးဇုန်တစ်ခုဖြစ်ပြီး တိုးတက်မှုရှိပြီးဖြစ်သည့် အရှိန်အဟုန်ကို ဆက်လက်ထိန်းသိမ်းဆောင်ရွက်ရန်လိုအပ်ကြောင်း၊ စက်မှုဇုန်အလိုက် ရင်းနှီးမြှုပ်နှံမှုများ ထပ်မံဝင်ရောက်လာရေးနှင့် ကုန်ထုတ်လုပ်ငန်းများတိုးတက်စေရေး ရင်းနှီးမြှုပ်နှံထားသော ကုမ္ပဏီများနှင့် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်စေလိုကြောင်း၊ စက်ရုံအချို့တွင် ဆိုလာစွမ်းအင် ထုတ်ယူအသုံးချလျက်ရှိရာ ၆ မဂ္ဂါဝပ်အထိထုတ်လုပ်နိုင်ပြီဖြစ်၍ ကျန်စက်ရုံများ ဆိုလာတပ်ဆင်ပြီး လျှပ်စစ်ဓာတ်အားထုတ်ယူသုံးစွဲနိုင်ရေး တိုက်တွန်းစေလိုကြောင်း၊ အထူးစီးပွားရေးဇုန်၏ ရှေ့ဆက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များအား ရေတိုရေရှည် အစီအမံများရေးဆွဲရာတွင် ဖြစ်ပေါ်တိုးတက်နေသည့် အခြေအနေအပေါ်မူတည်၍ သုံးသပ်ရေးဆွဲရန်လိုအပ်ကြောင်း မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးချစ်ဆွေက သီလဝါအထူးစီးပွားရေးဇုန်၏ Promotion Zone ရှိ ထုတ်ကုန်ပစ္စည်းအများစုကို ပြည်ပသို့တင်ပို့ရောင်းချနိုင်ရေး၊ ပြည်ပကုန်စည်ပြပွဲများ၌ ပါဝင်ပြသနိုင်ရေး ဆက်စပ်ဆောင်ရွက်ပေးရန်လိုအပ်ကြောင်း၊ အထူးစီးပွားရေးဇုန်၏ ပို့ကုန်သွင်းကုန်တန်ဖိုးအား နှိုင်းယှဉ်ကြည့်ရာ သွင်းကုန်တန်ဖိုးများနေသောကြောင့် တင်သွင်းကုန်များသည် စက်ရုံများ၌ အမှန်တကယ်အသုံးပြုရန်လိုအပ်မည့် ကုန်ကြမ်းပစ္စည်းများဖြစ်ရန် လိုအပ်ကြောင်း၊ စက်မှုဇုန်များတွင်လိုအပ်သော အချို့ပစ္စည်းများကို ပြည်တွင်းအသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများမှထုတ်လုပ်သော ပစ္စည်းများဖြင့် ဖြည့်ဆည်းပေးနိုင်ရေးအတွက် ဆက်သွယ်ပေးရန်လိုအပ်ကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများသည် သီလဝါအထူးစီးပွားရေးဇုန်ရှိ One Stop Service Center (OSSC)၏ အရည်အသွေးပြည့်ဝစွာ ဝန်ဆောင်မှုပေးနေမှုတို့ကို ကြည့်ရှုစစ်ဆေးကာ ဝန်ထမ်းများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးသည်။

ဆက်လက်၍ Myanmar International Terminals Thilawa (MITT) ဆိပ်ကမ်းသို့ သွားရောက်ရာ MITT အစည်းအဝေးခန်းမ၌ အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ဆိပ်ကမ်းအကောက်ခွန်လုပ်ငန်းများနှင့် ကုန်ပစ္စည်းစစ်ဆေးဆောင်ရွက်နေမှုကိုလည်းကောင်း၊ MITT ဆိပ်ကမ်းတာဝန်ခံက လုပ်ငန်းဆောင်ရွက်နေမှုကိုလည်းကောင်း၊ Danko စက်သုံးဆီ ဆိပ်ကမ်းတာဝန်ခံက စက်သုံးဆီဆိပ်ကမ်းများ၏ လုပ်ငန်းဆောင်ရွက်နေမှုကိုလည်းကောင်း ရှင်းလင်းတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးများက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီး ဦးဟန်ဝင်းအောင်နှင့် တာဝန်ရှိသူများသည် သီလဝါအထူးစီးပွားရေးဇုန်ရှိ Myanmar International Terminals Thilawa (MITT) ဆိပ်ကမ်းနှင့် Danko စက်သုံးဆီဆိပ်ကမ်းများသို့လည်းကောင်း၊ Wilmar Myanmar Port Terminals (Thilawa) ဆိပ်ကမ်းရှိ စားသုံးဆီသိုလှောင်ကန်များသို့လည်းကောင်း၊ သာကေတဆိပ်ကမ်း၌ ကုန်ပစ္စည်းများ ကုန်တင်ကုန်ချဆောင်ရွက်နေမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့ကြောင်းသိရသည်။

မြဝတီ

# နောင်ချိုမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၌ ကျောင်းသား၊ ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြား၊ ပြည်သူ့ဆေးရုံကြီး၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် ဩဂုတ် ၂၁

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ နောင်ချိုမြို့၌ အကြမ်းဖက်သောင်းကျန်းသူများ၏ အကြမ်းဖက်လုပ်ရပ်များကြောင့် တစ်နှစ်နီးပါးပိတ်ထားခဲ့ရသည့် အခြေခံပညာကျောင်းများအား ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက်နေ့မှစ၍ ပြန်လည်ဖွင့်လှစ်ပြီး ကျောင်းသား၊ ကျောင်းသူများအား စာပေပညာရပ်များကို သင်ကြားပေးလျက်ရှိသည့်အပြင် ကျောင်းအပ်လက်ခံခြင်းကိုလည်း ဆက်လက်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် အခြေခံပညာကျောင်း ၉ ကျောင်း ထပ်မံဖွင့်လှစ်နိုင်ခဲ့၍ နောင်ချိုမြို့နယ်အတွင်း စုစုပေါင်းအခြေခံပညာကျောင်း ၈၇ ကျောင်းဖွင့်လှစ်နိုင်ခဲ့ပြီးဖြစ်ပြီး ကျောင်းသား၊ ကျောင်းသူ ၅၅၇ ဦး ထပ်မံ၍ ကျောင်းအပ်နှံသဖြင့် စုစုပေါင်း ကျောင်းသား၊ ကျောင်းသူ ၁၀၂၂၉ ဦး အေးချမ်းပျော်ရွှင်စွာ တက်ရောက်ပညာသင်ကြားလျက်ရှိသည်။

ထို့ပြင် ဒေသခံတိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အဆင်ပြေချောမွေ့စေရန်အတွက် အကြမ်းဖက်သမားများ ဖျက်ဆီးခဲ့သည့် နောင်ချိုမြို့နယ် ပြည်သူ့ဆေးရုံကြီးအား ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများဆောင်ရွက်ကာ ဩဂုတ်လ ၂ ရက်တွင် ပြန်လည်ဖွင့်လှစ်၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ပြည်သူ့ဆေးရုံကြီး၌ ပြင်ပလူနာ ၂၉ ဦးတို့ကို ၄က်ဖျားရောဂါ၊ တုပ်ကွေးရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးခြင်း၊ ဒေသခံတိုင်းရင်းသားပြည်သူ ၁၅ ဦးအား သွေးအမျိုးအစားစစ်ဆေးပေးခြင်း၊ ဒေသခံတိုင်းရင်းသားပြည်သူ ၁၅ ဦးအား ၄က်ဖျားပိုးစစ်ဆေးခြင်းများ ဆောင်ရွက်ပေးပြီး အတွင်းလူနာအဖြစ် ဒေသခံတိုင်းရင်းသားပြည်သူ ၃၁ ဦး တက်ရောက်ဆေးကုသမှု ခံယူလျက်ရှိရာ ဆေးအဖွဲ့များက လိုအပ်သည့်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်းသတင်းရရှိသည်။ (၁၀၀)



နောင်ချိုမြို့နယ် ပြည်သူ့ဆေးရုံကြီး၌ ဒေသခံတိုင်းရင်းသားပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးစဉ်။

## ◆ ၂၀၂၅ အာဆီယံအမျိုးသမီးမှ

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်၊ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်မင်းသန်းနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ အားကစားသမားများ၊ အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်)မှ သင်တန်းသား၊ သင်တန်းသူများ၊ ကစားသမားများ၏ မိဘဆွေမျိုးများနှင့် ဘောလုံးချစ်ပရိသတ်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ သောင်းသောင်းဖြဖြ ကြိုဆိုခဲ့ကြသည်။

မြန်မာအမျိုးသမီးလက်ရွေးစင်အသင်းသည် ယင်းပြိုင်ပွဲတွင် ဩစတြေးလျ၊ တီမောလက်စ်တေ၊ ချန်ပီယံဖိလစ်ပိုင်တို့နှင့် အုပ်စု(ဘီ)တွင် တစ်အုပ်စုတည်းကျရောက်ခဲ့သည်။ အုပ်စုပွဲစဉ်များအဖြစ် ဩဂုတ်လ ၇ တွင် ဩစတြေးလျကို ၂ ဂိုး-၁ ဂိုးဖြင့်လည်းကောင်း၊ ဩဂုတ်လ ၁၀ ရက်တွင် တီမောအသင်းကို သုံးဂိုးပြတ်ဖြင့်လည်းကောင်း၊ ဩဂုတ်လ ၁၃ ရက်တွင် ဖိလစ်ပိုင်အသင်းနှင့် ၁ ဂိုး -၁ ဂိုးဖြင့်လည်းကောင်း ယှဉ်ပြိုင်ခဲ့ပြီး နှစ်ပွဲနိုင် တစ်ပွဲသရေ ရမှတ်(၇)မှတ်ဖြင့် ရှုံးပွဲမရှိ အုပ်စုပထမဖြင့် ဆီမီးဖိုင်နယ်သို့ တက်ရောက်လာခြင်းဖြစ်သည်။

ယင်းနောက် ဆီမီးဖိုင်နယ်ပွဲတွင် အုပ်စု(အေ)မှ အုပ်စုဒုတိယဖြင့်တက်လာသည့် ထိုင်းအသင်းကို ထပ်မံအနိုင်ရပြီး နောက်ဆုံးဗိုလ်လုပွဲသို့ တက်ရောက်ခဲ့သည်။ ဗိုလ်လုပွဲစဉ်တွင် ဩစတြေးလျနှင့် ထပ်မံယှဉ်ပြိုင်ခဲ့ရာ ၁ ဂိုး-ဂိုးမရှိဖြင့်ရှုံးနိမ့်ခဲ့ပြီး ဒုတိယဆုရရှိခဲ့ခြင်းဖြစ်သည်။ ပြိုင်ပွဲအပြီး ဆုချီးမြှင့်ပွဲတွင် မြန်မာ့အမျိုးသမီးလက်ရွေးစင်အသင်းသည် ဒုတိယငွေတံဆိပ်နှင့်အတူ ဝင်းသိင်္ဂီထွန်းက ဂိုးသွင်းအများဆုံးဆုနှင့် မျိုးမြမြငြိမ်းကအကောင်းဆုံးဂိုးသမားဆုများရရှိခဲ့ကြောင်းနှင့် ယင်းပြိုင်ပွဲသို့မန်နေဂျာအဖြစ် ဦးကြည်လွင်၊ နည်းပြချုပ်အဖြစ် တက်ဆုရိယုကီနှင့် ကစားသမား ၂၃ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။





ဝန်းရံခ

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# Pwintbyu Township finishes harvest of more than 18,000 acres of sesame

PWINTBYU August 21

The Township Agriculture Department in Pwintbyu Township of Magway Region stated that local farmers have harvested 18,950 acres of summer sesame.

In Pwintbyu Township, a total of 57,616 acres of sesame were cultivated during the summer crop season. Harvesting began in the third week of June this year, and as of today, harvesting has been completed on 18,950 acres. It is reported that the average yield is 7.12 baskets per acre.

Daw Moe Moe Wai, Head of the Township Department of Agriculture in Pwintbyu, said:

"In Pwintbyu Township, harvesting of sesame fields planted during the summer crop season began in the third week of June, and as of today, harvesting has been completed on 18,950 acres. Regarding summer sesame harvesting, we are supervising and providing technical assistance to ensure timely harvesting and proper storage under shelters to maintain good quality of the harvested sesame."

It is known that sesame cultivated using GAP (Good Agricultural Practices) methods has better quality and fetches higher prices compared to sesame grown using other methods. This not only allows for sales in the domestic market but also enables export to foreign markets, increasing income and contributing to the improvement of socio-economic conditions.

Daw Moe Moe Wai further stated that if sesame can be cultivated with improved productivity, it will not only fulfill the local demand for oil consumption but also generate additional income through surplus sales. Therefore, efforts should be made across all regions to expand sesame cultivation.

SMK

# Over 19,000 acres of green gram grown in Yinmabin District this year

YINMABIN August 21



According to the statistics of Yinmabin District Agriculture Department, local farmers planted 19,332 acres of green gram as monsoon crops in Yinmabin District of Sagaing Region this year.

In the 2025-2026 monsoon crop season, a total of 38,668 acres of green gram are earmarked for cultivation in Yinmabin District. Cultivation began in May this year, and as of today, 11,112 acres have been cultivated in Yinmabin Township, 3,830 acres in Kani Township, 10,850 acres in Salingyi Township, and 3,540 acres in Pale Township, totalling 19,332 acres.

"This year, we've planned to cultivate over 38,000 acres of green gram during the monsoon season in Yinmabin District. So far, more than 19,000 acres have been planted, and efforts are ongoing to meet the full target. We are also providing awareness to farmers on expanding green gram cultivation and using quality, pure seeds to improve yields," said Daw Myat Moe Win, Head of the Department of Agriculture for Yinmabin District.

The township-wise target distribution for green gram cultivation in Yinmabin District during the 2025-2026 monsoon season is 5,462 acres in Yinmabin Township, 12,661 acres in Kani Township, 17,043 acres in Salingyi Township, and 3,502 acres in Pale Township, totalling 38,668 acres.

SK

# 100 percent cultivation of pigeon pea completed in Taze Township

TAZE August 21

According to records from the Department of Agriculture in YeU District, 100 percent of the targeted acreage for pigeon pea cultivation has been completed in Taze Township, Sagaing Region, during this year's monsoon crop season.

For the 2025-2026 monsoon crop season, a total of 2,450 acres of pigeon peas were earmarked for cultivation in Taze Township. Planting began in June this year, and as of today, the full targeted acreage has already been cultivated.

"This year, more than 2,000 acres of pigeon peas were planned for cultivation during the monsoon season in Taze Township. As of now, the entire targeted acreage has been fully cultivated. We are also making efforts to ensure good yield outcomes. Pigeon peas are being grown both as a main crop and in intercropping systems," said U Zaw Myint Htun, Head of the Department of Agriculture for YeU District.

This year, the township agriculture department is also providing support to pigeon pea farmers in Taze Township by educating them on selecting quality and pure seeds, applying proper cultivation techniques, avoiding pest risks, and improving yields through on-site technical training.

SMK

# Danubyu Township supplies coconuts to Yangon market

DANUBYU August 21

"Local businesspersons and farmers from Danubyu Township of Ayeyawady Region supplied 76,000 pieces of coconut to Yangon market in June," said Daw Hla Hla Htay, the owner of coconut wholesale depot in Danubyu Township.

In May of this year, only up to 550,000 pieces of coconut were able to be sold from Danubyu Township to the Yangon market. However, in June, the volume increased to 760,000 pieces of coconut. These coconuts are currently being sold for up to Ks-95,000 per 100 pieces of fruits.

"Our region exports both farm products and garden produce to the Yangon market. Over the past month, we sold up to 760,000 pieces of coconuts. At present, there is strong demand for locally grown coconuts in the Yangon market. We've learned that there is growing domestic demand for coconuts. The current coconut price is also favourable for farmers," said Daw Hla Hla Htay.

Coconuts from Danubyu Township are processed and sold in three forms—dried coconuts, green coconuts, and grated or shelled coconuts—and transported using trucks and cargo boats. Due to the improved market prices and strong purchasing demand, coconut farmers, laborers, wholesale traders, and cargo vehicle operators are currently enjoying good business conditions.



SK

# Over 11,000 acres of cotton planted in Monywa Township



MONYWA August 21

According to Monywa Township Agriculture Department, local farmers cultivated more than 11,000 acres of cotton as monsoon crops in Monywa Township of Sagaing Region this year.

For the 2025-2026 monsoon crop season, it is planned to cultivate 17,837 acres of cotton in Monywa Township. Cultivation began in May this year, and as of today, local farmers have planted 11,771 acres of crops.

U Soe Thet Aung, Head of the Monywa Township Department of Agriculture, said:

"This year, we've planned to grow over 17,000 acres of cotton in Monywa Township. As of today, more than 11,000 acres have been planted. Efforts are underway to meet the target acreage. To support timely and successful cultivation, we are providing farmers with quality and pure cotton seeds."

This year, the Monywa Township Department of Agriculture has conducted training and provided technical support to cotton farmers on accessing quality seeds, ensuring successful crop growth, preventing pest and disease outbreaks, and following proper cultivation methods to achieve good yields.

It is reported that the cost of cultivating one acre of cotton is approximately Ks-350,000, and the yield is around 1,000 viss per acre.

Cotton cultivation can also be intercropped with other crops such as onions (as an early crop) and pigeon peas (as a late crop), allowing farmers to benefit from multiple harvests and increasing their income.

Cotton is successfully cultivated in 19 townships across the districts of Sagaing, Monywa, Yinmabin, Shwebo, and Kanbalu in the Sagaing Region.

**SK**

# More than 90,000 acres of pigeon pea planted in Kanbalu Township

KANBALU August 21

Statistics of Kanbalu Township Agriculture Department stated that local farmers have planted 93,236 acres of pigeon pea as monsoon crops in Kanbalu Township of Sagaing Region.

For the 2025-2026 monsoon crop season, local authorities earmarked to cultivate 115,660 acres of pigeon peas in Kanbalu Township. Cultivation began in May this year, and as of today, 93,236 acres have already been planted.

U Myo Zaw, Head of the Township Department of Agriculture in Kanbalu, said:

"This year, during the monsoon crop season, we have planned to cultivate over 100,000 acres of pigeon peas in Kanbalu Township. As of today, over 93,000 acres have been planted. We are working to ensure the full target acreage is achieved. We are also taking measures to ensure high yields from the pigeon pea cultivation. Farmers grow pigeon peas both as a sole crop and as an intercrop."

This year, the Kanbalu Township Department of Agriculture has been providing field-level education to pigeon pea farmers on selecting quality seeds, adopting correct cultivation methods, avoiding pest risks, and improving crop yield.

Additionally, the Department is disseminating techniques on the combined use of urea and gypsum fertilizers to help reduce costs for farmers. It is reported that using urea mixed with gypsum lowers cultivation expenses, keeps the crops free from pests, and supports healthy plant growth. **SK**

# Wuntho Township grows more than 2,000 acres of monsoon paddy this year



WUNTHO August 21

According to Kawlin District Agriculture Department, local farmers planted more than 2,000 acres of monsoon paddy in Wuntho Township of Sagaing Region this year.

For the 2025-2026 monsoon crop season, it is planned to cultivate 38,989 acres of monsoon paddy in Wuntho Township. Cultivation began in May this year, and as of today, 2,150 acres have been planted.

U Win Thein, Head of the Kawlin District Department of Agriculture, said: "This year, we've planned to cultivate over 38,000 acres of monsoon paddy in Wuntho Township. As of today, more than 2,000 acres have already been planted, and cultivation is still ongoing. We're working to ensure that the full target acreage is achieved. We are also providing the necessary techniques and seed varieties for timely planting. Field visits are being conducted to assist farmers in planting their paddy in a timely manner."

It is reported that during this monsoon crop season, efforts are being made to ensure systematic and uninterrupted cultivation of monsoon paddy through close collaboration between the relevant township agricultural departments and local farmers.

To ensure successful cultivation and good yields from monsoon paddy fields in Wuntho this year, township agriculture officers and staff are conducting field activities to support farmers with selecting quality and pure seeds, preventing pest outbreaks, proper transplanting, weeding, rogueing (removal of off-type plants), and systematic use of fertilizers.

**SMK**

# Farmers finish cultivation of more than 21,000 acres of green gram in Sagaing Township

SAGAING August 21

Data of the Sagaing Township Agriculture Department indicated that local farmers have planted more than 21,000 acres of green gram as monsoon crops in Sagaing Township of Sagaing Region.

For the 2025-2026 monsoon crop season, local authorities earmarked cultivation of 45,194 acres of rain-fed green gram in Sagaing Township. Cultivation began in May this year, and as of today, 21,114 acres have been planted.

U Myo Thant Aung, Head of the Sagaing Township Department of Agriculture, said:

"This year, during the monsoon crop season, we have planned to cultivate over 45,000 acres of rain-fed green gram in Sagaing Township. As of today, over 21,000 acres have already been planted. We are working to meet the target acreage. We're also providing education on expanding cultivation areas and encouraging the use of quality and pure seeds to ensure high yields."

This year, the Sagaing Township Department of Agriculture is providing farmers growing rain-fed green gram with guidance on selecting regionally suitable and high-quality seeds, applying correct cultivation techniques, preventing pest infestations, and using fertilizers systematically to improve yields.

During this monsoon crop season, various types of pulses are being cultivated, and to ensure good yield and quality, the department is collaborating with farmers to provide necessary inputs such as quality seeds, nutrients, and post-harvest management techniques. **SMK**

# President Putin receives India's External Affairs Minister S. Jaishankar

MOSCOW August 21

A second high-ranking Indian official has arrived in Moscow within the past two weeks to engage in discussions with the Russian President. Prior to this, PM Modi's National Security Advisor, Ajit Doval, visited Moscow.

The meeting was also attended by Russian Foreign Minister Sergey Lavrov, First Deputy Prime Minister of Russia and Chairman of the Russian side of the Intergovernmental Russian-Indian Commission on Trade, Economic, Scientific, Technical, and Cultural Cooperation Denis Manturov, and the Ambassador of India to Russia, Vinay Kumar.

On Wednesday, External Affairs Minister S. Jaishankar arrived in Moscow, where he co-chaired the 26th meeting of the Intergovernmental Russian-Indian Commission on Trade, Economic, Scientific, Technical, and Cultural Cooperation, alongside Russian First Deputy Prime Minister Denis Manturov.

These high-level India-Russia interactions come ahead of the planned visit by Russian President Vladimir Putin to India.

FM Sergey Lavrov confirmed that the visit will take place by the end of 2025, with preparations already in full swing.

"Today we discussed upcoming events within the framework of this dialogue, including preparations for the visit of the Russian President to India by the end of this year. There are



plans to prepare a solid package of documents for this summit," Lavrov told a press conference following his talks with Jaishankar on Thursday.

**Sputnik**

# India test-fires new nuclear-capable missile



NEWDELHI August 21

India has successfully tested the Agni-5, a nuclear-capable ballistic missile with an intermediate range that can reach targets at a distance of up to 5,000km (3,106 miles), its Defence Ministry said on Wednesday.

The test, which was carried out from the Integrated Test Range in the eastern state of Odisha, "validated all operational and technical parameters," the ministry said.

The intermediate-range ballistic missile can be deployed from mobile launchers and is capable of carrying nuclear warheads with high precision, with the help of advanced guidance systems. The missile's coverage area includes almost all of Asia and parts of Europe.

India has already deployed the Agni-1 to Agni-4 missiles, with ranges spanning 700km to 3,500km (435 to 2,175 miles). The South Asian country has also recently tested the Prithvi-II and Agni-I, both of which are nuclear-capable short-range ballistic missiles, as well as the newly developed Pralay tactical missile.

**RT**

# Malaysian air force jet involved in accident at airport

KUALA LUMPUR August 21

A Royal Malaysian Air Force (RMAF) jet was involved in a runway accident at an airport in Malaysia's Pahang state on Thursday.

The jet, an F/A-18D Hornet, was involved in the accident at 9:05 p.m. local time, the RMAF said in a statement.

It also advised the public against speculation on the incident.

According to Bernama, the pilot and co-pilot have been recovered and are receiving treatment. Videos circulating on social media show the jet moving along the runway with bright sparks emanating from it during takeoff.

**Xinhua**

# Hungary ready to host Russia-US-Ukraine summit, guarantees security for all participants

BUDAPEST August 21

"If needed, we are here, and we will provide fair and safe conditions at any time. We would be happy to host such peace talks if we can help ensure the success of peace efforts, should we be needed," Hungary's Foreign Minister Peter Szijjarto says.

Earlier, US Treasury Secretary Scott Bessent, in an interview with Fox News, did not rule out the possibility of a Russia-US-Ukraine summit being held in the Hungarian capital. According to sources, the White House is allegedly considering Budapest as the priority location for the trilateral meeting.

**Sputnik**

# US push to build naval drone fleet 'not going well' – Reuters

WASHINGTON August 21

The US plan to build a fleet of naval drones to potentially counter China is "not going well" and has been marred with technical issues and management turmoil, Reuters has reported, citing a dozen informed sources.

US President Donald Trump has named drone capabilities as a top priority for the military, with almost US$-5 billion allocated for naval autonomous systems in his 'Big Beautiful Bill' on federal spending. The Pentagon aims to arm itself with numerous unmanned boats, which cost several million dollars each and can operate in swarms without human command. The drones are seen as vital for protecting Taiwan in case of a possible military confrontation with Beijing.

The program, however, has faced a series of setbacks, Reuters reported on Wednesday.

It recalled an incident in July during a test off the coast of California, in which one autonomous surface vehicle (ASV) suddenly stalled and another smashed into it, vaulting over the deck and crashing back into the water.

During another failed test a few weeks prior, an autonomous boat accelerated unexpectedly, capsizing its support vessel and throwing its captain over-



board, Reuters reported. The captain remained unharmed, it added.

The blunders resulted from a combination of software failures and human error, including breakdowns in communication between onboard systems and external autonomous software, one source explained.

Since the latest incident, the Pentagon has indefinitely halted a contract of almost US$-20 million with one of the firms providing autonomous software for the vessels, sources told the agency.

In May, the US Navy's main ASV procurement unit, the Program Executive Office Unmanned and Small Combatants (PEO USC), had its chief, Rear Admiral Kevin Smith, sacked due to loss of confidence.

According to Reuters' sources, US Deputy Secretary of Defence Stephen Feinberg grilled Navy officials last month, saying he was unimpressed by some of the acquired naval drone capabilities and questioning their cost-effectiveness.

**RT**

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Five Benefits of Residential Solar



The amount of solar connected to the grid has grown exponentially in the past several years, and with all of this interest and so much information available, let's take a moment to highlight their benefits.

Solar energy for residences is a hot topic, and rightfully so. The amount of solar connected to the electric grid has grown exponentially in the past several years, and there are now nearly 4 million American households that are already generating their own power with solar energy.

This clean energy source is making the electric grid more dependable while helping solar homeowners save money and improve the value of their homes. With all of this interest and so much information available, Energy Saver wants to take a moment to highlight five benefits of residential solar:

**Benefit 1: Solar panels are increasingly affordable**

Residential solar is more affordable than ever, especially with the extension of the federal residential solar tax credit. Taxpayers can claim a 30 percent tax credit on the cost of solar systems on their income taxes. But be sure to install before January 1, 2033, when the tax credit is set to decrease to 26 percent.


There are also a number of different financing options to make purchasing solar systems easier and with less money upfront. The monthly amount owed on a solar loan is typically less than an average utility bill.

**Benefit 2: You can save money by going solar**

Solar offers great potential to save money on your monthly utility bill, and with utility bills trending upward, solar is likely to remain a good money-saving option for years to come. The amount you save depends upon how much electricity you consume, the size of your solar energy system, and how much power it is able to generate. You may also opt for a leased, third-party owned system that allows a homeowner to host a solar energy system on their rooftop and purchase back the electricity generated at a discounted rate, which is not only is often less than utilities charge customers, but also allows electricity rates to be locked in for years.

**Benefit 3: You can keep the lights on when the grid goes down**

Generating your own solar power can give you the freedom to keep the lights on if there's a disruption in power. Residential solar energy systems paired with battery storage—generally called solar-plus-storage systems—provide power regardless of the weather or the time of day without having to rely on backup power from the grid. As battery technology improves and financial incentives for energy storage go into effect, deciding to invest in battery storage makes sense for more households across the nation.




**Benefit 4: Solar will often increase the value of your home**

Buying a solar energy system will likely increase your home's value. A Berkeley National Laboratory study found that solar photovoltaic panels are viewed as upgrades, just like a renovated kitchen or a finished basement, and home buyers across the country have been willing to pay a premium for a home with an average-sized solar array. As for third-party owned systems, it appears that the impact is largely neutral but can occasionally add value, especially for prepaid leases.

**Benefit 5: Solar systems work in a variety of climates**

Solar panels only need one thing to generate electricity -- sunshine! Even in the winter when there are fewer hours of daylight, there is still a sufficient amount to power the average American home. That makes solar viable even in Alaska with longer, colder winters. The U.S. Department of Energy's Solar Energy Technologies Office (SETO) is dedicated to ensuring solar panels can withstand the elements no matter your location. SETO funds five Regional Test Centers across the country -- each in a different climate -- to make sure panels perform as best they can, regardless of climate or weather.

**You do not need to own a house to go solar**

Do you rent your house? Or do you live in a high-rise condo building? Not a problem. Community solar programs allow multiple people to benefit from a single, shared solar array. These arrays can be installed on your building or offsite in a different location. Purchasing costs and the installation of the solar energy system are then divided among all of the participants. All are then able to buy into the shared system at a level that best fits their budget. The portion you share can even be negotiated into the sale of your place should you move!

ES

# ကိုယ်ဝန်ဆောင်စဉ် ဗီတာမင်ဒီပမာဏမြင့်မားမှုက ကလေး၏ဉာဏ်ရည်ကို ပိုမိုတိုးတက်စေနိုင်



မကြာသေးမီက ထွက်ပေါ်လာတဲ့ သုတေသနတစ်ခုအရ ကိုယ်ဝန်ဆောင် အမျိုးသမီးတွေမှာ ဗီတာမင်ဒီပမာဏ မြင့်မားတာက သူတို့မွေးလာမယ့်ကလေး ငယ်များရဲ့ ဉာဏ်ရည်ကိုပိုမိုဖွံ့ဖြိုးတိုးတက် စေနိုင်တယ်လို့သိရပါတယ်။

Environmental Influences on Child Health Outcomes (ECHO) Cohort ဆိုတဲ့ အဖွဲ့ရဲ့သုတေသနအရ ကိုယ်ဝန်ဆောင်စဉ် ဗီတာမင်ဒီပမာဏ ကောင်းစွာရရှိတဲ့ အမျိုးသမီးများရဲ့ကလေးငယ်များအနေ နဲ့ ပြဿနာကိုဖြေရှင်းနိုင်စွမ်း၊ သတင်း အချက်အလက်အသစ်များကို လေ့လာနိုင် စွမ်းတို့မှာ မြင့်မားတဲ့အရည်အချင်းတွေ ရှိနေတယ်လို့ဆိုပါတယ်။

ဗီတာမင်ဒီဆိုတာ အဆီပျော်ဝင်နိုင်တဲ့ ဗီတာမင်တစ်မျိုးဖြစ်ပါတယ်။ သူ့ကိုရရှိနိုင် တဲ့နေရာတွေက ကြိုချက်ထားတဲ့နို့၊ အသီး ဖျော်ရည်၊ ငါးကြီးဆီနဲ့ တခြားဖြည့်စွက်စာ တွေကနေဖြစ်ပါတယ်။ ဒါ့အပြင် သူ့ကို ခန္ဓာ ကိုယ်ကနေ ထုတ်လုပ်နိုင်ပါသေးတယ်။ ထုတ်လုပ်တဲ့နည်းလမ်းကတော့ မိမိတို့ရဲ့ အရေပြားကို နေရောင်ခြည်နဲ့ထိတွေ့ခြင်း အားဖြင့် အဲဒီအရေပြားကနေ ဗီတာမင်ဒီ တွေထွက်လာတာပါ။ ယခင်သုတေသန များအရ ဗီတာမင်ဒီချို့တဲ့ပါက ကိုယ်ခံအား တုံ့ပြန်မှုရောဂါများ၊ ကင်ဆာရောဂါများ၊ အာရုံကြောဆိုင်ရာရောဂါများနဲ့ နှလုံး ရောဂါများဖြစ်လွယ်ပါတယ်။ **Ref: STD**

**ကိုထက်**

# ကာရေဘီယံပင်လယ်နက်ပိုင်း၌ လိမ္မော်ရောင်တောက်နေသော ငါးမန်းတစ်ကောင်ကိုတွေ့ရှိ





ကော်စတာရီကာနိုင်ငံရဲ့ ကာရေဘီယံ ကမ်းလွန်ပင်လယ်နက်ပိုင်းမှာ ထူးခြားတဲ့ မျက်စိတစ်စုံနဲ့အတူ လိမ္မော်ရောင်တောက် နေတဲ့ ငါးမန်းတစ်ကောင်ကိုတွေ့ရှိပြီး မှတ်တမ်းတင်နိုင်ခဲ့ပါတယ်။ အခုလို ထူးခြား တဲ့အသွင်သဏ္ဌာန်နဲ့ငါးမန်းကို မှတ်တမ်း တင်နိုင်ခြင်းဟာ ပထမဆုံးဖြစ်ပါတယ်။

အခုတွေ့ရှိတဲ့ငါးမန်းအမျိုးအစားဟာ ပုံမှန်အားဖြင့်ဆိုရင် အညိုရောင်ပဲဖြစ်ရမှာ ပါ။ ဒါမှပဲ သူတို့ကို ပင်လယ်ကြမ်းပြင်နဲ့ ရောပြီး အလွယ်တကူမမြင်နိုင်မှာဖြစ်ပါ တယ်။ ဒါပေမဲ့ အခုလိုမျိုးလိမ္မော်ရောင် တောက်နေခြင်းကြောင့် သူဟာ တခြား ငါးမန်းတွေနဲ့ကွဲထွက်ပြီး အလွယ်တကူ သိသာထင်ရှားစွာမြင်တွေ့ရစေတာပါ။ ဒီလိုမျိုးအရောင်ဖြစ်နေရခြင်းကလည်း သူ့မှာ အနီရောင်ခြယ်ပစ္စည်းတွေမရှိလို့ ဖြစ်ပါတယ်။

အဲဒီငါးမန်းမှာ နောက်ထပ်ထူးခြားမှု တစ်ခုက တစ္ဆေမျက်စိလို့လည်းခေါ်နိုင်တဲ့ မျက်စိအဖြူရောင်ရှိနေတာပါ။ တစ်နည်း ပြောရရင် မျက်ဆန်အဖြူပဲရှိနေတာဖြစ်ပြီး မြင်နိုင်တဲ့မျက်ဝန်းမပါလာတာပါ။ ဒီလို တွေ့ရှိမှုဟာ ပညာရှင်များအတွက်မေးခွန်း များထွက်လာစေပါတယ်။ **Ref: IE**

**ကိုထက်**

# အိန္ဒိယက မိုင် ၃၁၀၀ အထိ ပျံသန်းတိုက်ခိုက်နိုင်သည့် နျူကလီးယားထိပ်ဖူးတပ်ဒုံးကျည်ကို အောင်မြင်စွာစမ်းသပ်



အိန္ဒိယနိုင်ငံက မိုင်ပေါင်း ၃၁၀၀ အထိ ပျံသန်းတိုက်ခိုက်နိုင်တဲ့ နျူကလီးယား ထိပ်ဖူးတပ်ဒုံးကျည်တစ်မျိုးကို ဩဂုတ်လ ၂၀ ရက်က အောင်မြင်စွာလက်တွေ့စမ်းသပ် မှုလုပ်ဆောင်နိုင်ခဲ့ပါတယ်။ ဒုံးကျည်ကို တော့ Agni-5 လို့နာမည်ပေးထားပြီး အခု စမ်းသပ်မှုက အိန္ဒိယနိုင်ငံရဲ့ တာဝေးပစ် တိုက်ခိုက်ရေးစွမ်းရည်များတိုးတက်စေဖို့ ဖြစ်တယ်လို့ဆိုပါတယ်။

ဒီစမ်းသပ်မှုကို မဟာဗျူဟာမြောက် တပ်ဖွဲ့များကွပ်ကဲမှုဌာနချုပ်ရဲ့ကြီးကြပ်မှု နဲ့အတူ အိုဒီရှားပြည်နယ် ချန်ဒီပူရမြို့ရှိ ပေါင်းစပ်စမ်းသပ်ကွင်းမှာလုပ်ဆောင်ခဲ့ တာဖြစ်တယ်လို့ ကာကွယ်ရေးဝန်ကြီးဌာန ကထုတ်ပြန်ထားပါတယ်။ ဒီဒုံးကျည်ကို စမ်းသပ်မှုက လုပ်ငန်းဆောင်ရွက်မှုပိုင်း ဆိုင်ရာနဲ့ နည်းပညာပိုင်းဆိုင်ရာလိုအပ် ချက်တွေကိုပြည့်မီစေခဲ့တယ်လို့ ဝန်ကြီး ဌာနရဲ့ထုတ်ပြန်ချက်ထဲမှာ ဖော်ပြထားပါ တယ်။

Agni-5 ဒုံးကျည်က အဆင့်သုံးဆင့်ပါ လောင်စာအရည်သုံး တွန်းကန်အားစနစ် ကိုအသုံးပြုထားတာဖြစ်ပြီး အကွာအဝေး ပိုရောက်စေဖို့အတွက် နောက်ဆုံးအဆင့် မှာ ဒီဇိုင်းပြောင်းလဲထားပါတယ်။ **Ref: IE**

**ကိုထက်**

# အောက်ဆီဂျင်နည်းပါးသောလေဖြင့် ပါကင်ဆန်ရောဂါကိုကုသပေးနိုင်မည်



Broad Institute and Mass General Brigham မှသိပ္ပံပညာရှင်များရဲ့လက်တွေ့ စမ်းသပ်မှုတစ်ခုအရ အောက်ဆီဂျင်ပါဝင် မှုနည်းပါးသောလေဖြင့် ပါကင်ဆန်ရောဂါ ဖြစ်ပွားမှုကိုကာကွယ်ပေးနိုင်ရုံသာမကဘဲ ဖြစ်ပွားနေတဲ့ရောဂါကိုပြန်ကောင်းစေ နိုင်တယ်ဆိုတာကို တွေ့ရှိရပါတယ်။ ဒီလို လေမျိုးကို ဧဝရတ်တောင်ရဲ့အခြေစိုက် စခန်းလိုနေရာမျိုးမှာ တွေ့ရလေ့ရှိပါ တယ်။

သိပ္ပံပညာရှင်များက အောက်ဆီဂျင်ပါ ဝင်မှုနည်းပါးတဲ့လေရှိရာပတ်ဝန်းကျင်မှာ ပါကင်ဆန်ရောဂါကဲ့သို့သော ရောဂါရှိတဲ့ ကြွက်တွေကိုထားလိုက်ပါတယ်။ အဲဒီလို ထားလိုက်တဲ့အခါ ကြွက်တွေရဲ့ဦးနှောက် ကလာပ်စည်းတွေပျက်စီးမှုကို ကာကွယ် ပေးနိုင်ပြီး ခန္ဓာကိုယ်လှုပ်ရှားမှုတွေကို လည်း ပြန်လည်လုပ်ဆောင်လာနိုင်တာ တွေ့ရပါတယ်။

ပါကင်ဆန်ရောဂါဖြစ်ရတဲ့အကြောင်း ရင်းက ဦးနှောက်ထဲမှာ အောက်ဆီဂျင် မော်လီကျူးတွေအလွန်အမင်းစုပုံလာခြင်း ကြောင့်ဖြစ်ပါတယ်။ ဒါကြောင့် အောက်ဆီ ဂျင်ဝင်ရောက်မှုကို ကန့်သတ်ထိန်းချုပ် လိုက်တဲ့အခါ အာရုံကြောယိုယွင်းမှုဆက် မဖြစ်တော့ဘဲ ပြန်တောင်ကောင်းလာတဲ့ အခြေအနေမျိုးတွေဖြစ်ပေါ်တာကိုတွေ့ရ တာဖြစ်ပါတယ်။ လက်ရှိမှာတော့ ဒီနည်း လမ်းကို ကျွင်းကျင်သူများမပါဘဲမလုပ်ဖို့ တိုက်တွန်းထားပါတယ်။

**Ref: STD**

**ကိုထက်**

# ရုရှားရဲ့ နျူကလီးယားစွမ်းအင်သုံး ရေခဲခွဲသင်္ဘောက ကမ္ဘာ့ပထမဆုံးအဖြစ် အမျိုးသမီးရေယာဉ်မှူးကိုခန့်အပ်တာဝန်ပေး





ရုရှားနိုင်ငံက နျူကလီးယားစွမ်းအင် သုံး ရေခဲခွဲသင်္ဘောအတွက် အမျိုးသမီး တစ်ဦးကို ရေယာဉ်မှူးအဖြစ်ခန့်အပ်တာဝန် ပေးလိုက်ပါတယ်။ ဒါဟာ ကမ္ဘာပေါ်မှာ ပထမဆုံးဖြစ်ပါတယ်။ အရင်တုန်းက ရေခဲခွဲသင်္ဘောတွေမှာ အမျိုးသမီးတွေကို ရေယာဉ်မှူးအဖြစ် ခန့်အပ်တာဝန်ပေးခြင်း မရှိခဲ့ဖူးပါဘူး။

ရုရှားနိုင်ငံပိုင် နျူကလီးယားစွမ်းအင် ကုမ္ပဏီတစ်ခုဖြစ်တဲ့ Rosatom က မာရီ နာစတာရိုဗိုအီတိုဗာကို ယာမယ်အမည်ရှိ ရေခဲခွဲသင်္ဘောအတွက် ရေယာဉ်မှူးအဖြစ် ခန့်အပ်လိုက်တာဖြစ်ပါတယ်။ အဲဒီရေခဲခွဲ သင်္ဘောဆိုတာ အာတိတ်ဒေသရှိ ရုရှားရဲ့ နာမည်ကျော်ရေယာဉ်တစ်စင်းပါ။

ရုရှားနိုင်ငံက နျူကလီးယားစွမ်းအင်သုံး ရေခဲခွဲသင်္ဘောရှစ်စင်းအပါအဝင် ရေခဲခွဲ သင်္ဘောအစင်းရေစုစုပေါင်း ၄၀ ကျော် ကိုအသုံးပြုနေတာပါ။ ဒီသင်္ဘောတွေက မြောက်ပင်လယ်လမ်းကြောင်းမှာ အရေး ပါတဲ့သင်္ဘောတွေဖြစ်ပါတယ်။

မာရီနာစတာရိုဗိုအီတိုဗာ ဆိုတာ ကျေးလက်ဒေသ စာသင်ကျောင်းလေး တစ်ခုမှာ ရုရှားဘာသာသင်ကျောင်းဆရာမ တစ်ဦးအဖြစ်အလုပ်လုပ်ခဲ့သူပါ။ ပြီးတဲ့ အခါ အခုလိုမျိုးရေခဲခွဲသင်္ဘောကြီးပေါ်မှာ ရေယာဉ်မှူးတစ်ယောက်မဖြစ်ခင်အချိန် အထိ အဆင့်ဆင့်သောတာဝန်များကိုထမ်း ဆောင်ခဲ့သူဖြစ်ပါတယ်။ သူဟာ ကုန်တင် သင်္ဘောတွေနဲ့ပတ်သက်ပြီးတော့လည်း အတွေ့အကြုံရှိသူဖြစ်ပါတယ်။ **Ref: IE**

**ကိုထက်**

## အမေရိကန်က ICC အပေါ် ထပ်တိုးပိတ်ဆို့မှုများ ချမှတ်

ဝါရှင်တန်၊ နိုင်ငံရေး

အမေရိကန်အစိုးရက နိုင်ငံတကာပြစ်မှုဆိုင်ရာတရားရုံး(ICC)အပေါ် ထပ်တိုးပိတ်ဆို့မှုများချမှတ်လိုက်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနက ဩဂုတ်လ ၂၀ ရက်တွင်ထုတ်ပြန်ထားသည်။

နိုင်ငံခြားရေးဝန်ကြီးဌာနသည် အမေရိကန်စစ်သည်များနှင့် အစ္စရေးတာဝန်ရှိသူများအပေါ် စုံစမ်းစစ်ဆေးမှုများဆက်လုပ်ဆောင်နေသည့် ICC မှတရားသူကြီးနှစ်ဦးနှင့် ရှေ့နေနှစ်ဦးတို့ကို ပိတ်ဆို့မှုများချမှတ်လိုက်ခြင်းဖြစ်သည်။

ICC မှတရားသူကြီး ကင်ဘာလီပရော့ကို အာဖဂန်နစ္စတန်နိုင်ငံရှိ အမေရိကန်စစ်သည်များအပေါ် စုံစမ်းမှုလုပ်ဆောင်ရန်အတည်ပြုမှုဖြင့်လည်းကောင်း၊ တရားသူကြီး နီကိုးလပ်ယန်းဂွီလိုကိုမူ အစ္စရေးဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးတို့ကိုဖမ်းဆီးရန် အမိန့်များထုတ်ပြန်ပေးမှုဖြင့်လည်းကောင်း၊ ရှေ့နေများဖြစ်သည့် နာဇက်ရှာမင်းခန်နှင့် မိန်းမန်ဒီအေးနီယန်းတို့ကို ဖမ်းဆီးမိန့်များထောက်ခံပေးမှုဖြင့်လည်းကောင်း အမည်ပျက်စာရင်းသွင်းခြင်းနှင့် ပိတ်ဆို့ခြင်းများချမှတ်ခဲ့ခြင်းဖြစ်သည်ဟု နိုင်ငံခြားရေးဝန်ကြီးဌာန၏ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။ အမေရိကန်နိုင်ငံနှင့် အစ္စရေးနိုင်ငံတို့သည် ICC အဖွဲ့ဝင်နိုင်ငံများမဟုတ်သော်လည်း ICC ၏လုပ်ဆောင်ချက်ကို ယခုကဲ့သို့တုံ့ပြန်လိုက်ခြင်းဖြစ်သည်။ **Ref: RT**

## အန္တာတိကဒေသက ပြင်ဆင်မရနိုင်သည့်ပြောင်းလဲမှုများနှင့် တွေ့ကြုံနေရသည်ဟု ပညာရှင်များသတိပေး



ကန်ဘာရာ၊ ရာသီဥတု

အန္တာတိကဒေသသည် ပြန်လည်ပြင်ဆင်မရနိုင်သော ပြောင်းလဲမှုများနှင့် တွေ့ကြုံနေရကြောင်း ဩစတြေးလျနှင့် နိုင်ငံတကာသိပ္ပံပညာရှင်များက သတိပေးထားသည်။

ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ပမာဏမြင့်တက်လာမှုကြောင့် အနောက်အန္တာတိကရေခဲပြင်ကြီးသည် ပြိုကျတော့မည်ဖြစ်ကြောင်း၊ ထိုရေခဲပြင်ကြီးပြိုကျလာပါက ပင်လယ်ရေမျက်နှာပြင်သည် ၃ မီတာအထိမြင့်တက်လာမည်ဖြစ်ကြောင်းနှင့် ကမ္ဘာတစ်ဝန်းရှိ ကမ်းရိုးတန်းမြို့များကို ခြိမ်းခြောက်လာမည်ဖြစ်ကြောင်း ဩစတြေးလျအမျိုးသားတက္ကသိုလ်(ANU)၏ ဩဂုတ်လ ၂၁ ရက်ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ယခုကဲ့သို့ ရေခဲပြင်ပြိုကျနိုင်မှုသည် မျိုးဆက်ပေါင်းများစွာအတွက် ကမ္ဘာပျက်သည့်အလား အကျိုးဆက်များနှင့်ရင်ဆိုင်ရစေမည်ဖြစ်ကြောင်း၊ လက်ရှိတွင် ထိုရေခဲပြင်ကြီး၌ ပြောင်းလဲမှုများလျင်မြန်စွာဖြစ်ပေါ်လာသည်ကို မြင်တွေ့ရကြောင်း၊ ကမ္ဘာ့အပူချိန်အနည်းငယ်မျှသာတိုးလာသည်ဆိုသည့်တိုင် ပြောင်းလဲမှုအခြေအနေကကြီးမားနိုင်ကြောင်း ဦးဆောင်သုတေသီ နီရီလီအေဘရမ်ကပြောသည်။

ထို့ပြင် ရေခဲပြင်ပြိုကျမှုမှထွက်ပေါ်လာသော ရေခဲချပ်များသည် ရေလှိုင်းနှင့်အတူ မျောပါကာ အခြားသောရေခဲပြင်ပြိုကျမှုများကိုလည်း ဆက်လက်ဖြစ်ပေါ်စေနိုင်ကြောင်း ဩစတြေးလျ၊ တောင်အာဖရိက၊ ဆွစ်ဇာလန်၊ ပြင်သစ်၊ ဂျာမနီနှင့် ဗြိတိန်နိုင်ငံတို့မှ ရာသီဥတုဆိုင်ရာသိပ္ပံပညာရှင်များပါဝင်သောသုတေသနအဖွဲ့၏ ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

အလားတူ အန္တာတိကဒေသ သဘောတူစာချုပ်ကိုထိန်းသိမ်းလိုက်နာရုံတစ်ခုတည်းဖြင့် ရာသီဥတုပြောင်းလဲမှု၏သက်ရောက်မှုများကို ရပ်တန့်စေမည်မဟုတ်ကြောင်း၊ ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုကို ကမ္ဘာ့အပူချိန် ၁ ဒသမ ၅ ဒီဂရီစင်တီဂရိတ်ရောက်သည်အထိလျှော့ချနိုင်မှသာလျှင် နောက်ဆက်တွဲဖြစ်ပေါ်လာမည့် ဆိုးကျိုးသက်ရောက်မှုများကိုရှောင်ရှားနိုင်စေမည်ဖြစ်ကြောင်း Nature ဂျာနယ်၌ သုတေသီများကဖော်ပြထားသည်။ **Ref: Xinhua**

## ဟန်ဂေရီနိုင်ငံက ရုရှား-အမေရိကန်-ယူကရိန်း သုံးပွင့်ဆိုင်ဆွေးနွေးပွဲကို လက်ခံကျင်းပပေးလို လုံခြုံရေးကို အာမခံသည်ဟုဆို

ဘူဒါပက်၊ နိုင်ငံရေး

ဟန်ဂေရီနိုင်ငံသည် ရုရှား-အမေရိကန်-ယူကရိန်း သုံးပွင့်ဆိုင်ဆွေးနွေးပွဲကိုလက်ခံကျင်းပပေးရန်ဆန္ဒရှိကြောင်းနှင့် တက်ရောက်လာသူများအားလုံး၏ လုံခြုံရေးကို အာမခံကြောင်း ဟန်ဂေရီနိုင်ငံခြားရေးဝန်ကြီး ပီတာဇစ်ဂျာတိုကပြောသည်။

"ကျွန်တော်တို့အနေနဲ့ လိုအပ်လာမယ်ဆိုရင် မျှတပြီးလုံခြုံမှုရှိတဲ့အခြေအနေကို ဖန်တီးပေးနိုင်ပါတယ်။ ဒီလိုမျိုးငြိမ်းချမ်းရေးဆွေးနွေးပွဲမျိုးကို လက်ခံကျင်းပခွင့်ရမယ်ဆိုရင်တော့ အတိုင်းထက်အလွန်ကို ဝမ်းသာမိမှာပါ"ဟု နိုင်ငံခြားရေးဝန်ကြီးကပြောထားသည်။

အမေရိကန်ဘဏ္ဍာရေးဝန်ကြီး စကော့ဘက်ဆန့်ကို Fox News သတင်းဌာနက တွေ့ဆုံမေးမြန်းစဉ် ရုရှား-အမေရိကန်-ယူကရိန်း ထိပ်သီးခေါင်းဆောင်များ၏ သုံးပွင့်ဆိုင်အစည်းအဝေးကို ဟန်ဂေရီနိုင်ငံ ဘူဒါပက်မြို့၌ကျင်းပနိုင်ခြေနှင့်ပတ်သက်၍ စကော့ဘက်ဆန့်ကငြင်းဆိုထားခြင်းမရှိကြောင်း၊ အိမ်ဖြူတော်ကလည်း ဘူဒါပက်မြို့ကို သုံးပွင့်ဆိုင်ဆွေးနွေးပွဲကျင်းပမည့်နေရာအဖြစ် စဉ်းစားထားကြောင်း သတင်းအရင်းအမြစ်များကပြောသည်။ **Ref: Sputnik**

## ထိုင်းနိုင်ငံက အခမဲ့ပြည်တွင်းလေကြောင်းခရီးစဉ်များဖြင့် ပြည်ပခရီးသွားများကိုဆွဲဆောင်ရန်ပြင်ဆင်

ဘန်ကောက်၊ ခရီးသွားလုပ်ငန်း

ထိုင်းအစိုးရသည် အခမဲ့ပြည်တွင်းလေကြောင်းခရီးစဉ်များဖြင့် ပြည်ပခရီးသွားများကိုဆွဲဆောင်ရန်ပြင်ဆင်နေကြောင်း ခရီးသွားလာရေးနှင့် အားကစားရေးရာဝန်ကြီး ဆိုရာဝေါင်းသီယန်သောင်းက ပြောသည်။

ထို့ကြောင့် ဝန်ကြီးဌာနအနေဖြင့် အစိုးရထံမှ အသုံးစရိတ်အဖြစ် ဘတ်သန်း ၇၀၀ ကိုတောင်းခံထားကြောင်း၊ ထိုအသုံးစရိတ်ကိုအသုံးပြုကာ ထိုင်းနိုင်ငံတစ်ဝန်းရှိ ပြည်တွင်းခရီးသွားနေရာများသို့ လေယာဉ်ခရီးစဉ်အခမဲ့စီစဉ်ပေးခြင်းဖြင့် ပြည်ပခရီးသွားအယောက်နှစ်သိန်းကိုဆွဲဆောင်ရန်ပြင်ဆင်ထားကြောင်း ဝန်ကြီးက ဆက်ပြောသည်။



အဆိုပါအစီအစဉ်ကို "အပြည်ပြည်ဆိုင်ရာလေကြောင်းခရီးစဉ်ကိုသာဝယ်လိုက်ပါ။ ထိုင်းပြည်တွင်းလေကြောင်းခရီးစဉ်ကို အခမဲ့ရရှိမှာ"ဟူသည့်ခေါင်းစဉ်ဖြင့် အကောင်အထည်ဖော်သွားမည်ဖြစ်သည်။ ထို့ပြင် အခမဲ့လေကြောင်းခရီးစဉ်များကို ထိုင်းနိုင်ငံ၏ ထင်ရှားသောခရီးသွားလာရေးမြို့တော်များအပြင် အခြားသောမြို့များအတွက်လည်း ထည့်သွင်းပေးသွားမည်ဖြစ်သည်။

ယင်းအစီအစဉ်ကို ထိုင်းနိုင်ငံခရီးသွားအာဏာပိုင်အဖွဲ့က အကောင်အထည်ဖော်သွားမည်ဖြစ်ပြီး ယင်းသို့အကောင်အထည်ဖော်နိုင်ရေးအတွက် ထိုင်းနိုင်ငံအတွင်းရှိ ပြည်တွင်းလေကြောင်းလိုင်း ၆ လိုင်းနှင့် ဆွေးနွေးမှုများလုပ်ဆောင်သွားမည်ဖြစ်သည်။

ထိုအစီအစဉ်အရ အစိုးရက ခရီးသွားတစ်ဦးအတွက် ပြည်တွင်းလေကြောင်းခရီးစဉ်တစ်ကြောင်းစာကို ဘတ် ၁၇၅၀ နှင့် အသွားအပြန်ခရီးစဉ်အတွက် ဘတ် ၃၅၀၀ ကျခံပေးသွားမည်ဖြစ်သည်။ ယင်းအစီအစဉ်ကို ဩဂုတ်လမှ ဒီဇင်ဘာလအထိ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။ **Ref: ST**

## အိန္ဒိယလွှတ်တော်က ငွေဖြင့်ကစားရသော အွန်လိုင်းဂိမ်းများကို တားမြစ်သည့်ဥပဒေပြဋ္ဌာန်း



နယူးဒေလီ၊ ပြည်တွင်းရေး

အိန္ဒိယလွှတ်တော်က အခကြေးငွေဖြင့်ကစားရသော အွန်လိုင်းဂိမ်းများကိုတားမြစ်သည့်ဥပဒေကို ဩဂုတ်လ ၂၁ ရက်တွင် အတည်ပြုပြဋ္ဌာန်းလိုက်ပြီဖြစ်သည်။

အဆိုပါဥပဒေတွင် အွန်လိုင်းပေါ်၌ ငွေဖြင့်ကစားရသည့် ဂိမ်းလုပ်ငန်းများ၊ ကြော်ငြာများ၊ ၎င်းတို့နှင့်စပ်လျဉ်း၍ လုပ်ဆောင်သည့် ငွေလွှဲမှုများအားလုံးကို တားမြစ်ကြောင်းဖော်ပြထားသည်။

"အခုလိုမျိုး ပြည်သူတွေအတွက် ဆိုးကျိုးဖြစ်စေမယ့်ကိစ္စရပ်တွေနဲ့ပတ်သက်ပြီး တင်းကျပ်တဲ့အရေးယူဆောင်ရွက်မှုတွေလုပ်ရမှာက အစိုးရနဲ့လွှတ်တော်ရဲ့ တာဝန်တစ်ရပ်ဖြစ်ပါတယ်"ဟု ဗဟိုအစိုးရ၏ သတင်းအချက်အလက်နည်းပညာဝန်ကြီးက လွှတ်တော်၌ပြောသည်။

လက်ရှိတွင် အိန္ဒိယနိုင်ငံ၌ တရားဝင်အွန်လိုင်းဂိမ်းလုပ်ငန်းများ တည်ထောင်ဆောင်ရွက်နေသည့် ကုမ္ပဏီအများအပြားရှိရာ ယခုကဲ့သို့ အစိုးရနှင့်လွှတ်တော်က ဥပဒေပြဋ္ဌာန်းတားမြစ်လိုက်ခြင်းကြောင့် ငွေကြေးမြောက်မြားစွာဆုံးရှုံးသွားစေမည်ဖြစ်သည်။ **Ref: SCMP**

# ၂၀၂၅ ခုနှစ် တိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား ခရိုင်ပေါင်းစုံအမျိုးသမီး ကိုယ်ကာယကြံ့ခိုင်မှုလေ့ကျင့်ခန်း (အေရိုးဗစ်)ပြိုင်ပွဲဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ပွဲ အခမ်းအနားကျင်းပ



မုံရွာ ဩဂုတ် ၂၁

၂၀၂၅ ခုနှစ် တိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား ခရိုင်ပေါင်းစုံ အမျိုးသမီးကိုယ်ကာယကြံ့ခိုင်မှုလေ့ကျင့်ခန်း(အေရိုးဗစ်)ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မုံရွာမြို့ ပြည်သူ့အားကစားကွင်း မိုးလုံလေလုံအားကစားခန်းမ၌ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းဒေသကြီးတရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ မုံရွာမြို့ရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှ ကျောင်းသား၊ ကျောင်းသူများ၊ ပြိုင်ပွဲဝင်အားကစားသမားများ၊ အသင်းအုပ်ချုပ်သူနှင့် နည်းပြများတက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် အမျိုးသမီးကိုယ်ကာယကြံ့ခိုင်မှုလေ့ကျင့်ခန်း(အေရိုးဗစ်) ပြိုင်ပွဲ တစ်ဦးချင်းစိတ်ကြိုက်ပြိုင်ပွဲများ ယှဉ်ပြိုင်နေမှုနှင့် သုံးယောက်တွဲ၊ ကိုးယောက်တွဲပြိုင်ပွဲများတွင် ဆုရရှိခဲ့ကြသည့် အသင်းများနှင့် နည်းပြများ၏ ပြန်လည်ဖျော်ဖြေမှုကို ကြည့်ရှုအားပေးပြီး ဆုရရှိသူများအား ဆုတံဆိပ်နှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်ကြသည်။

မွန်းလွဲပိုင်းတွင် အလုပ်သမားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့က မန္တလေးငလျင်ဒဏ်သင့်အာမခံအလုပ်သမားများအတွက် သဘာဝဘေးအန္တရာယ်ကျရောက်မှုဆိုင်ရာ မိသားစု ထောက်ပံ့မှုအကျိုးခံစားခွင့် ၄၀ ရာခိုင်နှုန်း ပေးအပ်ပွဲအခမ်းအနားကို မုံရွာမြို့ မြသလ္လာခန်းမ၌ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မုံရွာမြို့နယ်အတွင်းရှိ အလုပ်ရှင် အလုပ်သမားကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားပြီး အာမခံအလုပ်သမား ၁၃၁၅ ဦးအတွက် သဘာဝဘေးအန္တရာယ်ကျရောက်မှုဆိုင်ရာ မိသားစုထောက်ပံ့မှုအကျိုးခံစားခွင့် ၄၀ ရာခိုင်နှုန်းဖြစ်သည့် ငွေကျပ်(၁၂ ဒသမ ၈၂) သန်းကို မုံရွာခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌထံ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မုံရွာမြို့ ချင်းတွင်းခန်းမ၌ ကျင်းပသည့် စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့မှ တိုင်းဒေသကြီးအတွင်းရှိ အငြိမ်းစားဝန်ထမ်းများအား ကျန်းမာရေးစစ်ဆေးပေးခြင်းနှင့် အခြေခံစားသောက်ကုန်များ ပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်ပြီး အငြိမ်းစားဝန်ထမ်း ၇၅၀ အား အာဟာရဖြည့်စွက်စာကြက်ဥများပေးအပ်၍ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဆီးချို/သွေးချိုရောဂါ၊ သွေးတိုးရောဂါ၊ အကြောနာအကြောတက်ရောဂါ၊ နှလုံးရောဂါ၊ ချောင်းဆိုးရင်ကျပ်ရောဂါများစစ်ဆေးကုသပေးနေမှုနှင့်အငြိမ်းစားဝန်ထမ်းများအား အခြေခံစားသောက်ကုန်များဖြစ်သည့် ဆန်၊ ဆီနှင့် ဟင်းသီးဟင်းရွက်များကို ဈေးနှုန်းသက်သာစွာရောင်းချပေးနေမှုကို ကြည့်ရှုအားပေးကြသည်။

**အေးသန္တာ**

# တန့်ယန်းမြို့နယ်နှင့် သာစည်မြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

နေပြည်တော် ဩဂုတ် ၂၁

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ်လ ၁၈ ရက် ည ၈ နာရီခွဲတွင် သတင်းအရ တန့်ယန်းမြို့နယ်၊ တာကော်အက်ကျေးရွာ တံတားအနီးတွင် တန့်ယန်းမြို့ဘက်မှ ပန်ဆန်းမြို့ဘက်သို့ **ဆမ်မိန်း(၂၉)နှစ်** မောင်းနှင်ပြီး **အိုက်ဆမ် (၂၀) နှစ်**နှင့် **မအေးဆာ (၂၀)နှစ်**တို့ လိုက်ပါလာသည့် W-ML xxxxx နံပါတ်တပ်ဆင်ထားသည့် TOYOTA VIGO မော်တော်ယာဉ် အား စစ်ဆေးရှာဖွေရာ ဘိန်းဖြူအလေးချိန် ၃၇ ဒသမ ၁ ကီလို (ငင်းဒေသတန်ဖိုး ငွေကျပ် ၅၅၆၅ သိန်း)ကို ဖမ်းဆီးရမိခဲ့သည်။

ထို့ပြင် ဩဂုတ်လ ၁၉ ရက် မွန်းလွဲ ၂ နာရီခွဲတွင် သတင်းအရ သာစည်မြို့နယ်၊ ပြည်ညောင် ကျေးရွာအုပ်စု၊ ပြည်ညောင်ကျေးရွာအနီး မိတ္ထီလာ-တောင်ကြီးသွား ကားလမ်းဘေးရှိဝိုင်းဖွဲ့ထိုင်နေသူ ကြည်လွင် (၃၉)နှစ်၊ မမေစနိုး(ခ)မငယ် (၃၅)နှစ်၊ မဆန်းမြ(ခ)ဝတုတ် (၅၆)နှစ်နှင့် ဘိုလှ (၂၅)နှစ်တို့အား ရှာဖွေစစ်ဆေးခဲ့ရာ စိတ်ကြွ ရူးသွပ်ဆေးပြား ၂၀၀၀၀ (ငင်းဒေသတန်ဖိုးငွေကျပ် သိန်း ၄၀၀)ကို ဖမ်းဆီးရမိခဲ့သဖြင့် ငင်းတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှ သိရသည်။

**မြဝတီ**



တရားခံ ဆမ်မိန်း၊ အိုက်ဆမ်နှင့် မအေးဆာတို့အား သိမ်းဆည်းရမိသည့် ဘိန်းဖြူများနှင့်အတူတွေ့ရစဉ်။

# မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား ၃၈ ဦး ယနေ့တွင် ထပ်မံစစ်ဆေး ဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့

နေပြည်တော် ဩဂုတ် ၂၁

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှု(Telecom Fraud)နှင့် ဒုစရိုက်မှုလုပ်ငန်းများကို အိမ်နီးချင်းနိုင်ငံများအပါအဝင် နိုင်ငံတကာမှ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ စုံစမ်းဖော်ထုတ်တိုက်ဖျက်လျက်ရှိပြီး ကရင်ပြည်နယ်၊ မြဝတီမြို့-ရွှေကုက္ကိုလ်၊ မဲ့ထော်သလေး(KK Park)နှင့် ကျောက်ခတ်နယ်မြေများတွင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများအပါအဝင် ဒုစရိုက်မှုများကျူးလွန်ခဲ့ကြသည့် ဖိလစ်ပိုင်နိုင်ငံသား ၃၀ ဦး၊ ကင်ညာနိုင်ငံသားလေးဦး၊ အိန္ဒိယနိုင်ငံသားနှစ်ဦး၊ ကင်မရွန်းနိုင်ငံသားတစ်ဦးနှင့် အီသီယိုးပီးယားနိုင်ငံသားတစ်ဦး၊ စုစုပေါင်း ပြည်ပနိုင်ငံသား၃၈ဦးကိုယနေ့တွင်ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့သည်။

အဆိုပါ စစ်ဆေးဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့သည့် ပြည်ပနိုင်ငံသားများအား သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြန်လည်လွှဲပြောင်းပေးအပ်နိုင်ရေးဌာနဆိုင်ရာပူးပေါင်းအဖွဲ့များက လိုအပ်သည့် ကိုယ်ရေးအချက်အလက်များနှင့်မှတ်တမ်းများစာရင်းကောက်ယူခြင်းလုပ်ငန်းနေ့ချင်းပြီး ဆောင်ရွက်နေမှုကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကရင်ပြည်နယ်၊ ဒုတိယညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။



မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှတစ်ဆင့် တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား ၃၈ ဦးအား တာဝန်ရှိသူများက သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးအပ်နိုင်ရေးဆောင်ရွက်စဉ်။

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်မှ ဩဂုတ်လ ၂၁ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၉၃၆၉ ဦး စစ်ဆေးဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့ကာ ငင်းတို့အနက်မှ ၉၂၀၅ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့်ပြည်ပနိုင်ငံသား ၁၆၄ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ငင်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့်နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြည်နှင်လွှဲပြောင်းပေးနိုင်ရေးတက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(၁၀၀)

# မိုးတိမ်တောင်ဖြစ်ပေါ်မှု အခြေအနေ

နေပြည်တော် ဩဂုတ် ၂၁

ရန်ကုန်တိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ရန် အကြံပြုအပ်ပါသည်။

(မိုး/ဇလ)

# အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များ ပြည်နယ်အဆင့် အထိမ်းအမှတ်အခမ်းအနားသို့ ကချင်ပြည်နယ်ဝန်ကြီးချုပ် တက်ရောက်၊ ရေကြည်ချောင်းရေထိန်းတံခါးလုပ်ငန်းစီမံကိန်း ကြည့်ရှုစစ်ဆေး

မြစ်ကြီးနား ဩဂုတ် ၂၁

၂၀၂၅ ခုနှစ် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များ ပြည်နယ်အဆင့် အထိမ်းအမှတ်အခမ်းအနားကို ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနကကြီးမှူး၍ ယနေ့နံနက်ပိုင်းတွင် ပြည်နယ်အစိုးရအဖွဲ့ရုံးဝင်းအတွင်းရှိ ဆမားဒူဝါဆင်ဝါးနော်ခန်းမ၌ကျင်းပသည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်က အမှာစကားပြောကြားပြီး ၂၀၂၅ ခုနှစ် အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်အထိမ်းအမှတ်"ကိုယ်ဝန်ဆောင်ကာလ အာဟာရပြည့်ပြည့်ဝဝစားကြစို့" ဗီဒီယိုကို ကြည့်ရှုအားပေးကြပြီး ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဒုတိယပြည်နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူးက အာဟာရအကြောင်း သိကောင်းစရာများအား ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် ပြည်နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများက အသက်ငါးနှစ်အောက်ကလေးများကို အင်အားပြည့်ဗီတာမင်အေဆေးလုံးများ တိုက်ကျွေးပြီး အာဟာရပြည့်ဝသော အစားအစာများပေးအပ်၍ ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအသင်းနာယကနှင့်အသင်းဝင်များက ကိုယ်ဝန်ဆောင်မိခင်များအား အဏုအာဟာရဆေးပြားများနှင့် အာဟာရပြည့်ဝသော အစားအစာများ ပေးအပ်ကြသည်။

ထို့နောက်ခန်းမအတွင်း ပြည်သူ့ကျန်းမာရေးဦးစီးဌာနက ဖွင့်လှစ်ပြသထားသည့် အာဟာရပြည့်ဝသော အစားအစာများစားသုံးနိုင်ရေးအတွက် အသိပညာပေးပြခန်းနှင့် ရက်သတ္တပတ်များနေ့အထိမ်းအမှတ်လှုပ်ရှားဆောင်ရွက်ခဲ့မှု မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုအားပေးကြသည်။

မွန်းလွဲပိုင်းတွင် ပြည်နယ်ဝန်ကြီးချုပ်သည် တာဝန်ရှိသူများနှင့်အတူ ဧရာဝတီမြစ်ရေကြီးရေလျှံမှုမှ ကာကွယ်နိုင်ရေး ရေကြည်ချောင်းရေထိန်းတံခါးတည်ဆောက်ရေးစီမံကိန်းသို့ သွားရောက်ပြီး ရေထိန်းတံခါးတည်ဆောက်နိုင်ရေးအတွက် စီမံကိန်းဧရိယာ ရှင်းလင်းတူးဖော်ဆောင်ရွက်ထားရှိမှုနှင့် ရေကြည်ချောင်းပေါက်မှ မြစ်ရေဝင်ရောက်လျက်ရှိသည့် အခြေအနေ၊ ကျွန်းပင်သာစက်လှေဆိပ်တာရိုးလမ်းအခြေအနေနှင့် လမ်းပေါ်တွင် ရေကြီးရေလျှံမှုဖြစ်စဉ်မှ ကာကွယ်နိုင်ရေး ရေလျှံတာနံရံတည်ဆောက်နိုင်ရေးနှင့် တာရိုးလမ်းအဆင့်မြှင့်တင်ဆောင်ရွက်ပေးနိုင်ရေး ကြည့်ရှုစစ်ဆေးသည်။



ယမန်နေ့ ညပိုင်းကလည်း ပြည်နယ်ဝန်ကြီးချုပ်သည် ပြည်နယ်အစိုးရအဖွဲ့ရုံးမေခခန်းမ၌ ၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် မြန်မာ့သိုင်းနှင့် ပိုက်ကျော်ခြင်းပြိုင်ပွဲတို့တွင်ပါဝင်ယှဉ်ပြိုင်ခဲ့သော ပြည်နယ်လက်ရွေးစင်အသင်းအား ဂုဏ်ပြုပွဲအခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများက မြန်မာ့သိုင်းပြိုင်ပွဲတွင် ငွေတံဆိပ်တစ်ခုနှင့်ကြေးတံဆိပ်နှစ်ခုရအားကစားသမားများနှင့် လက်ရွေးစင်အသင်းအတွက် ဂုဏ်ပြုချီးမြှင့်ငွေကျပ် ၄၈၅၀၀၀၀ နှင့် ပိုက်ကျော်ခြင်းအသင်းအတွက် ချီးမြှင့်ငွေကျပ် ၇၅၀၀၀၀ စုစုပေါင်း ပြည်နယ်အစိုးရအဖွဲ့က ချီးမြှင့်ငွေကျပ် ၅၆၀၀၀၀၀ ကိုလည်းကောင်း၊ ဌာနဆိုင်ရာများနှင့် စီးပွားရေးလုပ်ငန်းရှင်များက ဂုဏ်ပြုချီးမြှင့်ငွေများကို လည်းကောင်း ပေးအပ်ချီးမြှင့်ရာ လက်ရွေးစင်အသင်းနည်းပြက ကျေးဇူးတင်စကားပြန်လည်ပြောကြားပြီး ဂုဏ်ပြုညစာကို အတူတကွသုံးဆောင်ခဲ့ကြောင်း သိရသည်။

**ယဉ်ယဉ်ဝင်း**

# ၂၀၂၆–၂၀၂၇ ဘဏ္ဍာနှစ် အဆိုပြုလုပ်ငန်းစီမံကိန်းများလျာထားနိုင်ရေး အစည်းအဝေးကျင်းပ

ဟားခါး ဩဂုတ် ၂၁

၂၀၂၆–၂၀၂၇ ဘဏ္ဍာနှစ် အဆိုပြုလုပ်ငန်းစီမံကိန်းများ လျာထားနိုင်ရေး အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် ဟားခါးမြို့ ချင်းပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ချင်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာဝုန်ဆွန်းထန်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ခေတ္တပြည်နယ်အုပ်ချုပ်ရေးမှူးနှင့် ပြည်နယ်ဘဏ္ဍာရန်ပုံငွေအစီအစဉ်တွင် ပါဝင်သော တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်ဘဏ္ဍာရန်ပုံငွေအစီအစဉ်တွင်ပါဝင်သည့် ဌာနဆိုင်ရာများအနေဖြင့် မဖြစ်မနေထားရှိရမည့် မူဝါဒများအပေါ်အခြေခံ၍ လုပ်ငန်းစီမံကိန်းများ အဆိုပြုလျာထားရမည်ဖြစ်ကြောင်း အမှာစကားပြောကြားသည်။

ထို့နောက် ပြည်နယ်ဘဏ္ဍာရန်ပုံငွေအစီအစဉ်တွင်ပါဝင်သော စည်ပင်သာယာရေးအဖွဲ့၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ စာရင်းစစ်ချုပ်ရုံး၊ မီးသတ်ဦးစီးဌာန၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ ဥပဒေရုံး၊ သမဝါယမဦးစီးဌာန၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ ရသုံးမှန်းခြေငွေစာရင်း ဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ အမှတ်(၃)ကုန်းမြင့်ဒေသလယ်ယာမြေဖော်ထုတ်ရေးစီမံကိန်းရုံး၊ ဖွံ့ဖြိုးမှု ကြီးကြပ်ရေးရုံး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ လမ်းဦးစီးဌာန၊ ကြီးကြပ်ရေးအဖွဲ့၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနနှင့် မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနတို့မှ ပြည်နယ်ဦးစီးမှူးများက ၂၀၂၆–၂၀၂၇ ဘဏ္ဍာနှစ် အဆိုပြုလုပ်ငန်းစီမံကိန်းလျာထားချက်များကို ရှင်းလင်းတင်ပြကြသည်။



တင်ပြချက်များအပေါ် ပြည်နယ်ဝန်ကြီးချုပ်က ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**( ခရိုင်၊ ပြန်/ဆက်)**

# မြိတ်မြို့နယ်ရဲမှုထမ်းဟောင်းများအဖွဲ့သို့ ရန်ပုံငွေပေးအပ်ခြင်းနှင့် တက္ကသိုလ်ဝင်စာမေးပွဲတွင်ထူးချွန်စွာ အောင်မြင်ခဲ့သည့် ရဲတပ်ဖွဲ့ဝင်များ၏ သားသမီးများအားပညာရည်ချွန်ဆု ချီးမြှင့်ပွဲကျင်းပ



မြိတ် ဩဂုတ် ၂၁

တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကိုသည် တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မြိတ်မြို့ ပုလဲရတနာခန်းမ၌ မြိတ်မြို့နယ်ရဲမှုထမ်းဟောင်းများအဖွဲ့သို့ ရန်ပုံငွေပေးအပ်ခြင်းနှင့် ၂၀၂၄–၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် ရဲတပ်ဖွဲ့ဝင်များ၏သားသမီးများအား ပညာရည်ချွန်ဆုချီးမြှင့်ပွဲသို့ တက်ရောက်သည်။

ဦးစွာ တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ်က တိုင်းအတွင်းရှိ ရဲမှုထမ်းဟောင်းအဖွဲ့ဝင်များအနေဖြင့် ရဲတပ်ဖွဲ့ဝင်များနှင့် ပေါင်းစပ်ပြီး ပြည်တွင်းလုံခြုံရေးနှင့်တရားဥပဒေစိုးမိုးရေး၊ ဒေသတည်ငြိမ်ရေး၊ အေးချမ်းသာယာရေးလုပ်ငန်းများကို ပူးပေါင်းပါဝင်ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က မြိတ်မြို့နယ်ရဲမှုထမ်းဟောင်းများအဖွဲ့သို့ ရန်ပုံငွေကျပ်သိန်း ၇၀ နှင့် လက်ဆောင်ပစ္စည်းများပေးအပ်ပြီး တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူး ၃ ဘာသာဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သူကို ပညာရည်ချွန်ဆုချီးမြှင့်သည်။

ယင်းနောက် တိုင်းဒေသကြီးသယံဇာတရေးရာဝန်ကြီးနှင့်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး မြင့်ထွန်းတို့က ထူးချွန်စွာအောင်မြင်ခဲ့သူများကို ပညာရည်ချွန်ဆုများပေးအပ်ချီးမြှင့်ကြသည်။

ထိုမှတစ်ဆင့် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ဖွင့်လှစ်လျက်ရှိသည့် မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM)ကိုင်တွယ်အသုံးပြုနည်းသင်တန်းသို့ရောက်ရှိကြပြီး သက်ဆိုင်ရာမဲဆန္ဒနယ်အသီးသီးရှိ မဲရုံတာဝန်ထမ်းဆောင်ကြမည့်သူများကို မဲပေးစက်တပ်ဆင်ခြင်း၊ ထိန်းချုပ်စက်ကိုင်တွယ်ခြင်းနှင့် မဲပေးစက်အသုံးပြုခြင်းလုပ်ငန်းစဉ်များကို ကျွမ်းကျင်စွာတတ်မြောက်စေရန် မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲတာဝန်ရှိသူများနှင့် သင်တန်းနည်းပြများက လက်တွေ့သင်ကြားလေ့ကျင့်ပေးနေမှုကို ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

**ခိုင်ထူး(ပြန်/ဆက်)**

## ၂၁-၈-၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး(Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား(၁၆.၃၂၉၃၂၅ ဂရမ်) ၏ **ဈေးနှုန်းမှာ (၅,၈၉၀,၀၀၀)ကျပ်ဖြစ်**သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး သတ်မှတ်ရေးကော်မတီ**

## မိုးပိုလာနိုင်

နေပြည်တော် ဩဂုတ် ၂၁

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့်ရခိုင်ပြည်နယ်တို့တွင် မိုးပိုလာနိုင်သည်။ **(မိုး/ဇလ)**



*117# ကို ခေါ်ဆိုပြီး Mytel ဖုန်းဘေလ်ဖြင့် 5 Digits အောင်ဘာလေအွန်လိုင်းထီ ကံစမ်းလို့ရပါပြီ။



## မိုးသောက်ပန်း ဂျာနယ်

- မျက်နှာဖုံးတွင် ကာတွန်းအောင်အောင်ထွေး၏ လက်ရာကောင်းနှင့်အတူ ကာတွန်းစောဟန်၊ ကာတွန်းစိုပြေနှင့် ကာတွန်းကြယ်ကြယ်တို့၏ ကလေးငယ်များ ကြိုက်နှစ်သက်စေမည့် ကာတွန်းလက်ရာကောင်းများ။
- ကဗျာဆရာ မင်းနိုင်(မောင်တော)၊ မောင်ငြိမ်းမွန်(ချောင်းဦး)၊ မန်းတင့်မော်၊ ကန့်ဘလူကံတင်အောင်၊ ချစ်စုအောင်နှင့် ရေနံ့သာမောင်ကျော်ညွှန့်တို့၏ ကဗျာကောင်းများ။
- သားသား၊ မီးမီးတို့ ဉာဏ်ရည်တက်စေမည့် ဉာဏ်စမ်းကဏ္ဍနှင့် ကလေးငယ်များအတွက် သုတ၊ ရသရစေမဲ့ စာကောင်းပေမွန်တို့ကို ကဏ္ဍစုံ၊ ရသစုံ တင်ဆက်ဖော်ပြပေးလိုက်ပါတယ်။

ကဗျာ၊ ကာတွန်း၊ ဉာဏ်စမ်း ဝေဝေဆာဆာဖြင့်
(၁၉-၈-၂၀၂၅)ရက်ထုတ်၊ မိုးသောက်ပန်းဂျာနယ်
အတွဲ(၂၉)၊ အမှတ်(၃၁)ထွက်ပြီ။

စာတည်းဌာန ဖုန်း - ၀၉၄၅၂၂၆၀၅၃၆
ဖြန့်ချိရေး ဖုန်း - ၀၉၃၂၄၉၈၃၂၄

• အပတ်စဉ် အင်္ဂါနေ့တိုင်း ထွက်နေပါပြီ •

ကလေးငယ်များအတွက်
ပညာလဲပေး၊ ဗဟုသုတလဲရ၊
ဟာသလဲပါ၊ ဉာဏ်ရည်လဲတိုးမဲ့




# အများသိစေရန်ကြေညာခြင်း

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဇေယျာသီရိခရိုင်၊ ပုဗ္ဗသီရိမြို့နယ်၊ ရွာသစ်ကျေးရွာ၊ ရွာသစ်ကျေးရွာအုပ်စု၊ ကွင်းအမှတ်(၁၆၄၀")၊ ရွာသစ်ကွင်း၊ ဦးပိုင်/မြေကွက်အမှတ်(၂၀၄)ရှိမြေဧရိယာ(၀.၀၅၅)ဧကအား ဥတ္တရခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ အမှုတွဲအမှတ်(၆၀/၂၀၁၅)အရ ဦးသက်ဖြိုး (ဘ)ဦးလှရွှေ နိုင်ငံသားစိစစ်ရေးကတ်အမှတ်၊ ၁၄/ကကန(နိုင်)၀၈၅၇၅၆ ကိုင်ဆောင်သူအမည်ဖြင့် (၂၈-၉-၂၀၁၅)ရက်နေ့မှ(၂၈-၉-၂၀၂၅)ရက်နေ့အထိ (၁၀)နှစ် ကျေးရွာမြေငှားဂရမ်ခွင့်ပြုချထားပေးခဲ့မှုအပေါ် အဆိုပါကျေးရွာမြေငှားဂရန်အား ဒေါ်ထက်စန္ဒာကျော်(ဘ)ဦးငွေးကျော် နိုင်ငံသားစိစစ်ရေးကတ်အမှတ် ၇/တငန(နိုင်)၁၂၃၄၆၃ ကိုင်ဆောင်သူမှ (၂၆-၈-၂၀၂၄)ရက်နေ့တွင် နေပြည်တော် စာချုပ်စာတမ်းများမှတ်ပုံတင်ရုံးတွင် စာချုပ်အမှတ်(၁-၁၀၁၉/၂၀၂၄)ဖြင့် မှတ်ပုံတင်ပြီး အရောင်းအဝယ်စာချုပ်ချုပ်ဆို၍ တရားဝင်ဝယ်ယူခဲ့ပြီးဖြစ်ပါသဖြင့် မူလကျေးရွာမြေငှားဂရန်ပိုင်ရှင် ဦးသက်ဖြိုးအမည်မှ ဒေါ်ထက်စန္ဒာကျော်အမည်သို့ ကျေးရွာမြေငှားဂရန် အမည်ပြောင်းလဲခွင့်ပြုပေးနိုင်ပါရန် တိုက်(၂၂၃)၊ အခန်း(၁၃)၊ ကံ့ကော်အိမ်ရာ၊ ဇမ္ဗူသီရိမြို့နယ်နေ ဒေါ်ထက်စန္ဒာကျော်မှလျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများအနေဖြင့်(ပိုင်ဆိုင်မှုအထောက်အထား၊ တရားရုံးအမိန့်၊ဒီဂရီများဖြင့်)အထောက်အထားခိုင်လုံစွာတင်ပြ၍ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၊ ပုဗ္ဗသီရိမြို့နယ်သို့ (၁၅)ရက်အတွင်း လူကိုယ်တိုင်လာရောက်၍ ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်မှုမရှိပါက ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်-

**ဇေယျာသီရိခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပုဗ္ဗသီရိမြို့**

## အမည်ပြောင်း

ရေနီမြို့၊ အ.လ.က(ခွဲ)Grade-8 တွင် ပညာသင်ကြားနေသော အမိဒေါ်စောမြခိုင် ၉/လဝန(နိုင်)၂၅၆၉၇၁ ၏သား မောင်ဝေနေလင်းအား မောင်လင်းထက်အောင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မောင်လင်းထက်အောင်**

## အမည်ပြောင်း

နေပြည်တော်၊ လယ်ဝေးမြို့နယ်၊ အ.ထ.က(၁၇) Grade-4 မှ ပညာသင်ကြားနေသော အဘ ဦးဝင်းသီဟစိုး ၁၃/လရန(နိုင်)၁၄၄၁၁၁ ၏သမီး မဆောင်းရွှေရည်အား မဆောင်းရွှေရည်စိုးဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မဆောင်းရွှေရည်စိုး**

## ပျောက်ဆုံးကြောင်း

ဂျာဘူ(ဘ)ဦးဦးချစ်တူး ၁၂/ကမရ(နိုင်)၀၃၄၅၈၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၀၄၄၅၅၉

## ပျောက်ဆုံးကြောင်း

ရီရီငွေ(ဘ)ဦးစိုး ၇/ကကန(နိုင်)၀၂၆၇၃၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၇၄၁၀၃၅၉၇

## ပျောက်ဆုံးကြောင်း

နိုင်ထွန်း(ဘ)ဦးမြအုန်း ၁၄/ကပန(နိုင်)၁၁၂၉၉၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၅၇၁၁၀၁၂

## ပျောက်ဆုံးကြောင်း

အောင်ထက်ကျော်(ဘ)ဦးဝင်းကြည် ၁၄/ဝခမ(နိုင်)၂၉၇၂၃၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၉၅၂၆၂၉၂

## မွေးသက္ကရာဇ်အမှန်

ပဲခူးမြို့၊ ရှမ်းရွာကြီးကျေးရွာ၊ ကျောင်းကြီးပိုင်းနေ အဘ ဦးမျိုးဇော်အောင်၏သား ပြည့်ဖြိုးအောင် မွေးသက္ကရာဇ်အမှန်မှာ (၂၁-၂-၂၀၀၈) ဖြစ်ပါကြောင်း။
(၂၁-၂-၂၀၀၈)

## အမည်မှန်

မော်လမြိုင်မြို့၊ သမာဓိကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-11 မှ မောင်သူထူးစံ၏အမည်မှန်မှာ စောသူထူးစံ ၃/ဘအန(နိုင်)၄၉၇၉၅၇ ဖြစ်ပါကြောင်း။
**စောသူထူးစံ**

## ပျောက်ဆုံးကြောင်း

ဖားကန့်မြို့၊ ငြိမ်းချမ်းသာယာရပ်နေ မမြချယ်ရီဝင်း(ဘ)ဦးလှဝင်း ၁/ကမန(နိုင်)၀၄၅၄၅၃ ကိုင်ဆောင်သူ၏နိုင်ငံကူးလက်မှတ်အမှတ် (MH 052201)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၈၂၉၇၄၃၀၆

## ပျောက်ဆုံးကြောင်း

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ မြို့တွင်းကြီးရပ်ကွက်နေ မောင်မင်းပုံရိပ်ထင်(ဘ)ဦးမင်းနိုင် ၇/ပခန(နိုင်)၅၂၃၈၅၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၆၆၄၃၅၁၄၉

## ပျောက်ဆုံးကြောင်း

နန်းအေးအေးမြင့်(ဘ)ဦးအောင်မြင့် ၁၃/ကတန(နိုင်)၁၂၃၅၁၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၅၁၇၃၅၆၅၉

## ပျောက်ဆုံးကြောင်း

နန်းစိန်ထွန်း(ဘ)ဦးသာဒွန်း ၁၃/မမတ(နိုင်)၀၂၉၀၄၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၈၂၉၅၆၀၄

## ပျောက်ဆုံးကြောင်း

နန်းနွယ်နွယ်အေး(ဘ)ဦးလှချို ၃/လဘန(နိုင်)၁၄၂၁၃၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MA 663857)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

## ဖခင်အမည်မှန်

ပဲခူးမြို့၊ အ.ထ.က(၆)ကျောင်း၊ Grade-9 တွင် ပညာသင်ကြားနေသော မခင်လပြည့်ဝင်း၏ဖခင်အမည်မှန်မှာ ဦးကျော်လင်းဖြစ်ပါကြောင်း။
**ဦးကျော်လင်း**

## ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့နယ်၊ မဟင်ကျေးရွာအုပ်စု၊ မူလွန်အိုင်သုံးဆင့်ကျောင်း Grade-6 မှ ပညာသင်ကြားနေသော မဖူးဖူးဖံ၏ဖခင်အမည်မှန်မှာ ဦးကျော်ဖြိုးမင်း ၇/တငန(နိုင်)၂၁၄၄၀၀ ဖြစ်ပါကြောင်း။
**ဦးကျော်ဖြိုးမင်း**

## ဖခင်အမည်မှန်

သထုံမြို့နယ်၊ အ.ထ.က ကျိုက္ကော် Grade-7(C) တွင်တက်ရောက်သင်ကြားနေသော (၀၂၁၃) နော်ထီးမူထား၏ဖခင်အမည်မှန်မှာ စောချဲချဲ ၁၀/သထန(နိုင်)၂၈၁၀၅၈ ဖြစ်ပါကြောင်း။
**စောချဲချဲ**

## ဖခင်အမည်မှန်

သထုံမြို့နယ်၊ အ.ထ.က ကျိုက္ကော် Grade-8(A) တွင်တက်ရောက်သင်ကြားနေသော (၀၀၁၁) မောင်အောင်မျိုးခန့်၏ဖခင်အမည်မှန်မှာ ဦးချစ်ဦး ၈/ခမန(နိုင်)၁၅၅၁၄၆ ဖြစ်ပါကြောင်း။
**ဦးချစ်ဦး**

## တစ်ဦးတည်းဖြစ်ပါကြောင်း

နေပြည်တော်၊ ဇေယျာသီရိခရိုင်၊ ပုဗ္ဗသီရိမြို့နယ်၊ သပြေစမ်းကျေးရွာအုပ်စု၊ သပြေစမ်းကျေးရွာနေ မလှိုင်းအိဖြူ ၉/ပဗသ(နိုင်)၀၀၉၄၅၃ ၏ဖခင် ဦးစိုးနန္ဒနှင့်ဦးနန္ဒ ၉/ပမန(နိုင်)၁၃၅၀၀၄ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဦးစိုးနန္ဒ(ခ)ဦးနန္ဒ**

## ပျောက်ဆုံးကြောင်း

သဃ်န်းကျွန်းမြို့နယ်၊ (ဃ)ရပ်ကွက်၊ ညာတိလမ်း၊ အမှတ်(၁၃၆)နေ ခင်မောင်ငွေ(ဘ)ဦးခင်မောင်လေး ၁၂/သဃက(နိုင်)၂၂၃၅၇၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၀၈၁၆၃၇


**စာပေမြင့်မှ လူမျိုးတင့်မည်**


## မှတ်ပုံတင်ပျောက်ဆုံးကြောင်း

မထားထားလွင်၏မှတ်ပုံတင်အမှတ် ၉/ပမန(နိုင်)၁၄၃၃၃၆ မှ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
မထားထားလွင် ၉/ပမန(နိုင်)၁၄၃၃၃၆
ဖုန်း-၀၉-၄၄၈၅၄၇၆၁၃

## ပျောက်ဆုံးကြောင်း

နန်းစန္ဒာမိုးလင်း(ဘ)ဦးဖြူလေး ၁/မညန(နိုင်)၁၇၂၄၂၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 674520)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

## ဖခင်အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ ဇင်ယော်ကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-12 မှ မောင်မုန်စွမ်းလျှန်၏ ဖခင်အမည်မှန်မှာ ဦးပုမ်ဇဂင့် ၄/တတန(နိုင်)၀၀၁၇၅၈ ဖြစ်ပါကြောင်း။ **ဦးပုမ်ဇဂင့်**

## ပျောက်ဆုံးကြောင်း

အေးအေးမြင့်(ဘ)ဦးလှမြင့် ၇/ပတန(နိုင်)၀၉၀၈၈၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD 374081)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၇၉၆၇၈၅

## ပျောက်ဆုံးကြောင်း

လှလှဦး(ဘ)ဦးမင်းမောင်ငယ်၆/ကသန(နိုင်)၀၄၃၂၆၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

## ပျောက်ဆုံးကြောင်း

ဦးချမ်းသာ(ဘ)ဦးစိုးသိန်း ၁၀/မလမ(နိုင်)၂၅၃၈၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD 682372)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

## ပျောက်ဆုံးကြောင်း

နှင်းထက်ထက်လှိုင်(ဘ)ဦးတင်ဝင်း(ခ)ဦးရွှေထွန်း ၁၄/ပသန(နိုင်)၂၇၅၆၀၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

## ပျောက်ဆုံးကြောင်း

သောင်းရင်(ဘ)ဦးမောင်အောင် ၁၀/ခဆန(နိုင်)၀၃၆၄၀၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၅၀၂၁၅၁၇၆

## ပျောက်ဆုံးကြောင်း

ကဝမြို့၊ ရစ်ကန်ကြီးရွာနေ မောင်မင်းသူ(ဘ)သန်းထိုက်ဦး ၇/ကဝန(နိုင်) ၂၅၀၅၉၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၉၂၁၅၆၁၂၅

## YRIC Endorsement ကတ်များ ပျောက်ဆုံးသွားပါသဖြင့် မိတ္တူမှန်ပြန်လည်လျှောက်ထားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ကျွန်တော်များ POUSHING CO.,LTD ၏ Endorsement No.YGN 297/2019 ဖြင့် ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ၊ (၉)ရက်နေ့တွင် ရရှိခဲ့သော YRIC Permit မူရင်းမှာ ပျောက်ဆုံးသွားပါသဖြင့် ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီတွင် ပါမစ်မိတ္တူမှန်ပြန်လည်လျှောက်ထားမည်ဖြစ်ပါကြောင်းနှင့် ကန့်ကွက်လိုသူများရှိပါက ယနေ့ကြော်ငြာပါရှိသည့် ရက်မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားစာရွက်စာတမ်းများဖြင့် ကျွန်ုပ်တို့ထံ ကိုယ်တိုင်ကိုယ်ကျလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်မြောက်သည်အထိ လာရောက်ကန့်ကွက်မှု တစ်စုံတစ်ရာပေါ်ပေါက်လာခြင်းမရှိပါက ပါမစ်မိတ္တူမှန်ပြန်လည်လျှောက်ထားမည့်ကိစ္စအား ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်ပြုလုပ်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဆက်သွယ်ရန်**
POUSHING CO.,LTD (122005127)
Plot No.(364), Myay Taing Quarter No.(49)
War Tayar Industrial Zone, Shwe Pyi Thar Tsp, Yangon
Phone-09-789107665, 09-789600866

## ပျောက်ဆုံးကြောင်း

သီတာအောင်(ဘ)ဦးတင်ထွန်း ၁၂/ကမန(နိုင်)၁၀၀၅၇၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

## ဖခင်အမည်မှန်

ဘားအံမြို့၊ အ.ထ.က(ကျိုင်း) Grade-6 မှ မဆောင်းနှင်းဖွေးဖွေး၏ဖခင် ဦးဆန်းထိုက်ဝင်း၏အမည်မှန်မှာ ဦးဆန်းထိုက်ဝင်း ၃/ဘအန(နိုင်)၂၃၈၅၃၅ ဖြစ်ပါကြောင်း။
**ဦးဆန်းထိုက်ဝင်း**

## ပျောက်ဆုံးကြောင်း

ဇာနည်ထွေး(ဘ)ဦးဝင်း ၁၃/တကန(နိုင်)၃၆၁၂၄၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 058156)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၉၅၀၈၅၀၆၇

## ပျောက်ဆုံးကြောင်း

တင်မိုးလင်း(ဘ)ဦးမြင့်တင် ၉/သေရ(နိုင်)၀၀၈၇၉၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

## ပျောက်ဆုံးကြောင်း

သူရဦး(ဘ)ဦးချိုပြုံး ၉/ခမစ(နိုင်)၀၅၅၉၈၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၅၄၂၄၇၁၃

## ပျောက်ဆုံးကြောင်း

မန္တလေးတိုင်းဒေသကြီး၊ မိုးကုတ်မြို့နေ ဒေါ်ဒွတ်မာယာ(ဘ)ဦးဘော်(လ်)ဗဟာဒူး ၉/မကန(နိုင်)၀၆၇၇၀၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 136527)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၇၀၈၁၄၇၈၄

## ပျောက်ဆုံးကြောင်း

သဲစုထွေး(ဘ)ဦးလှငွေ ၇/အတန(နိုင်)၁၆၃၉၂၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၇၀၂၆၁၇၂၆

## အမည်မှန်နှင့် မွေးသက္ကရာဇ်အမှန်

ဘားအံမြို့၊ အမှတ်(၄)ရပ်ကွက်နေ ဦးတင်အောင်ထွန်း၊ ရဲအုပ်ခင်မိုးနွယ် ၁၁/စတန(နိုင်)၀၉၀၅၆၉တို့၏သမီး မခင်မေဇော်၏ အမည်မှန်မှာ မချောစန္ဒီခင်ဖြစ်ပါကြောင်းနှင့် မွေးသက္ကရာဇ်အမှန်မှာ (၂၈-၈-၂၀၂၁)ဖြစ်ပါကြောင်း။
မချောစန္ဒီခင်၊ (၂၈-၈-၂၀၂၁)

## ပျောက်ဆုံးကြောင်း

ခိုင်ဇင်စိုး(ဘ)ဦးဝင်းညွန့် ၉/သေရ(နိုင်)၀၁၉၁၉၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MJ 634253)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

## ပျောက်ဆုံးကြောင်း

ဒေါ်အုံးမြ(ဘ)ဦးမောင်အေး ၁၀/ခဆန(နိုင်)၁၀၀၄၇၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၅၀၂၁၅၁၇၆

## ပျောက်ဆုံးကြောင်း

ဦးကိုကိုလတ်(ဘ)ဦးမြင့်စိုး ၈/ခမန(နိုင်)၁၃၇၆၀၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD 674551)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

## ပျောက်ဆုံးကြောင်း

သူရဖြိုး(ဘ)ဦးခင်စိုး ၁၄/လပတ(နိုင်)၁၇၈၀၉၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၈၃၅၁၁၉၈၈

## ပျောက်ဆုံးကြောင်း


ဦးထွန်း(ဘ)ဦးကျော်စိန် ၁၂/လမန(နိုင်)၁၁၀၇၈၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၅၁၅၈၂၈၃

## ပျောက်ဆုံးကြောင်း

ဉာဏဓဇ(ဘ)ဦးသိန်းမောင် ၁၂/လသယ(သ)၀၁၁၄၉၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၁၇၉၀၆၇၈


**သစ်တောမှန်လျှင် အသုံးဝင် အစဉ်ထာဝရ ထိန်းသိမ်းကြ**

# အာဆင်နယ်အသင်းတိုက်စစ်ကစားသမား ဟာဗက်ဇ် ဒူးဒဏ်ရာကြောင့် ကာလအတန်ကြာ အနားယူရဖွယ်ရှိ




လန်ဒန် ဩဂုတ် ၂၁

အာဆင်နယ်အသင်း တိုက်စစ်ကစားသမား ဟာဗက်ဇ်သည် ဒူးဒဏ်ရာရရှိခဲ့သည့်အတွက် ကာလအတန်ကြာ အနားယူရဖွယ်ရှိကြောင်း သိရသည်။

တိုက်စစ်ကစားသမား ဟာဗက်ဇ်သည် လေ့ကျင့်ရေးကွင်းတွင် ဒူးဒဏ်ရာရရှိခဲ့ခြင်းဖြစ်ပြီး ကာလအတန်ကြာ အနားယူရဖွယ်ရှိသော်လည်း ၎င်းသည် မည်သည့်အချိန်ထိ အနားယူရဖွယ်ရှိသည်ကို အာဆင်နယ်အသင်းက တရားဝင်ထုတ်ပြန်ကြေညာခြင်း မရှိသေးကြောင်း သိရသည်။

အသက် ၂၆ နှစ်အရွယ် တိုက်စစ်မှူး ဟာဗက်ဇ်သည် မန်ယူအသင်းကို ၁ ဂိုး - ဂိုးမရှိဖြင့်အနိုင်ရရှိသည့် ပရီးမီးယားလိဂ်အဖွင့်ပွဲစဉ်တွင် တိုက်စစ်မှူးသစ် ဂျိုကာရက်စ်နှင့် လူစားလဲဝင်ရောက်ကစားခဲ့သည်။

၎င်းသည် အာဆင်နယ်အသင်း၏ အဓိကအားထားရသည့် တိုက်စစ်ကစားသမားဖြစ်ကာ ၂၀၂၃-၂၀၂၄ ဘောလုံးရာသီမှ လက်ရှိအချိန်ထိ အသင်းအတွက် ပွဲစဉ်ပေါင်း ၈၇ ပွဲပါဝင်ကစားထားပြီး ၂၉ ဂိုးသွင်းယူထားကာ ဂိုးဖန်တီးမှု ၁၁ ကြိမ်ပြုလုပ်ထားနိုင်ခဲ့သည်။

ထို့ပြင် ဟာဗက်ဇ်သည် ပြီးခဲ့သည့်ဖေဖော်ဝါရီလကလည်း ပေါင်ခြံဒဏ်ရာကြောင့် ကာလအတန်ကြာ အနားယူခဲ့ရသဖြင့် အသင်းအနေဖြင့် အခက်တွေ့ခဲ့ရပြီး ယခုအခါ ၎င်းနှင့် တိုက်စစ်မှူးဂျေးဆုတ့် ဒဏ်ရာရရှိနေခြင်းကြောင့် အသင်း၏တိုက်စစ်ပိုင်းအတွက် ဂျိုကာရက်စ်ကိုသာ အားထားရဖွယ်ရှိနေသည်။

လက်ရှိအပြောင်းအရွှေ့ကာလတွင် အာဆင်နယ်အသင်းသည် အက်စတွန်ဗီလာအသင်း ကွင်းလယ်ကစားသမား မော်ဂန်ရော်ဂျာကို ခေါ်ယူရန်စီစဉ်နေကြောင်း သိရသည်။ *Ref; Goal.com*

# မန်ယူအသင်းတာဝန်ရှိသူများအနေဖြင့် နည်းပြအမိုရင်ကို အချိန်ပေးပြီးစောင့်ကြည့်သင့်ကြောင်း ကစားသမားဟောင်း အီဗရာပြောကြား

မန်ချက်စတာ ဩဂုတ် ၂၁

မန်ယူအသင်းကစားသမားဟောင်း အီဗရာက အသင်းတာဝန်ရှိသူများအနေဖြင့် နည်းပြအမိုရင်ကို အချိန်ပေးပြီး စောင့်ကြည့်သင့်ကြောင်း ပြောကြားခဲ့သည်။

မန်ယူအသင်းသည် ပြီးခဲ့သည့်ဘောလုံးရာသီက ပရီးမီးယားလိဂ်ပြိုင်ပွဲ၌ ရလဒ်ပိုင်းဆိုးရွားခဲ့ကာ ၃၈ ပွဲကစားပြီး ၁၁ ပွဲနိုင်၊ ကိုးပွဲသရေနှင့် ၁၈ ပွဲရှုံးနိမ့်ခဲ့ကာ အမှတ်ပေးဇယား အဆင့်(၁၅) နေရာ၌ ရပ်တည်ခဲ့ရသည့်အပြင် ယူရိုပါလိဂ်ပြိုင်ပွဲ ဗိုလ်လုပွဲတွင်လည်း စပါးအသင်းကိုရှုံးနိမ့်ပြီး ချန်ပီယံဆုကို လက်လွှတ်ခဲ့ရသည်။

ထို့ပြင် ပရီးမီးယားလိဂ်အဖွင့်ပွဲစဉ်တွင် အိမ်ကွင်းအိုးထရက်ဖို့ဒ်၌ အာဆင်နယ်အသင်းကို ၁ ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ရကာ ပရီးမီးယားလိဂ်ဘောလုံးရာသီအစကို အရှုံးနှင့်စတင်ခဲ့ရသည်။

ထို့ကြောင့် ကစားသမားဟောင်း အီဗရာက လက်ရှိတွင် နည်းပြအပြောင်းအလဲ အဆက်မပြတ်ပြုလုပ်ခြင်းများက အသင်း၏ပြဿနာများကို ဖြေရှင်းနိုင်မည်မဟုတ်ကြောင်းနှင့် နည်းပြအမိုရင်ကို အချိန်ပေးပြီး စောင့်ကြည့်သင့်ကြောင်း တိုက်တွန်းပြောကြားခဲ့ခြင်းဖြစ်သည်။

ယခုဘောလုံးရာသီတွင် မန်ယူအသင်းကို နည်းပြအမိုရင်က အကြီးမားဆုံးပြင်ဆင်မှုများဖြင့် စိတ်ကြိုက်ဆောင်ရွက်နိုင်ခဲ့ပြီး လက်ရှိကစားသမားအပြောင်းအရွှေ့ကာလတွင် အသင်း၏တိုက်စစ်ပိုင်းကို အဓိကအားဖြည့်ခဲ့ကာ ဝုဗ်အသင်းကစားသမားကွန်ဟာ၊ ဘရန့်ဖို့ဒ်အသင်းကစားသမား အမ်ဘူမိုတို့ကို ခေါ်ယူနိုင်ခဲ့ပြီး လိုက်ပဇစ်အသင်း တိုက်စစ်မှူး ဆက်စ်ကိုအားလည်း ခေါ်ယူနိုင်ခဲ့သည်။

မန်ယူအသင်းကစားသမားဟောင်း အီဗရာက "နည်းပြအမိုရင်ရဲ့ကစားကွက်နဲ့ နည်းစနစ်တွေ အသင်းမှာ အထိုင်ကျအောင် အချိန်ပေးသင့်ပါတယ်။ မန်ယူအသင်းနဲ့ပတ်သက်ပြီး လက်ရှိပုံစံက ကြိုတင်ခန့်မှန်းလို့မရသေးပါဘူး။ ဘောလုံးလောကမှာ အသင်းရလဒ်တွေမကောင်းဘူးဆိုရင် အရင်ဆုံး နည်းပြက အသင်းကနေထွက်သွားရပါတယ်။ အသင်းတာဝန်ရှိသူတွေအနေနဲ့ နည်းပြအမိုရင်ကို အချိန်ပေးပြီး စောင့်ကြည့်သင့်ပါတယ်" ဟု ပြောသည်။

မန်ယူအသင်းသည် ဩဂုတ်လ ၂၄ ရက်တွင် ပရီးမီးယားလိဂ်ပြိုင်ပွဲ ပွဲစဉ်(၂)အဖြစ် ဖူလ်ဟမ်အသင်းကို အဝေးကွင်း၌ သွားရောက်ယှဉ်ပြိုင်ကစားရမည်ဖြစ်ကာ အသင်း၏ လက်ရှိပြင်ဆင်မှုများကြောင့် ယခုဘောလုံးရာသီ၏ ပထမဆုံးနိုင်ပွဲကို ရယူနိုင်ဖွယ်ရှိကြောင်း သိရသည်။ *Ref; Goal.com*

# ဖလူမင်နိစ်အသင်းမှ ဘရာဇီးဂိုးသမား ဖာဘီယို ကမ္ဘာ့ဘောလုံးလောက၏ ပွဲအများဆုံး ကစားသမားအဖြစ် စံချိန်သစ်တင်နိုင်ခဲ့




ရီယိုဒီဂျနေးရိုး ဩဂုတ် ၂၁

ကမ္ဘာ့ဘောလုံးလောက၏ ပွဲအများဆုံးဂင်းနစ်စံချိန်ကို အင်္ဂလန်လက်ရွေးစင်အသင်းဂိုးသမားဟောင်း ပီတာရှီတန်အား ကျော်ဖြတ်ကာ ဖလူမင်နိစ်အသင်းမှ ဘရာဇီးဂိုးသမား ဖာဘီယိုက စံချိန်သစ်တင်ခဲ့ကြောင်း သိရသည်။

ဘရာဇီးကလပ် ဖလူမင်နိစ်အသင်း၌ ကစားနေသည့် ဂိုးသမား ဖာဘီယိုသည် ဩဂုတ်လ ၂၀ ရက်က ကိုလံဘီယာကလပ် America De Cali အသင်းကို ၂ ဂိုး-၁ ဂိုးဖြင့် အနိုင်ရရှိသည့်ပွဲစဉ်တွင် ပါဝင်ကစားခဲ့ပြီး ယခင် ကမ္ဘာ့ဘောလုံးလောက၏ ပွဲအများဆုံး ဂင်းနစ်စံချိန်ကို ၂၈ နှစ်တိုင်ရရှိထားသည့် ဂိုးသမားဟောင်း ပီတာရှီတန်အားကျော်ဖြတ်ကာ စံချိန်သစ်တင်နိုင်ခဲ့ခြင်းဖြစ်သည်။

အဆိုပါပွဲစဉ်တွင် ဖာဘီယိုက ၎င်း၏ကစားသမားဘဝတစ်လျှောက် ၁၃၉၁ ပွဲမြောက်ဖြစ်ကာ အင်္ဂလန်ဂိုးသမားဟောင်း ပီတာရှီတန်၏ ပွဲပေါင်း ၁၃၉၀ ကို စံချိန်တင်ကျော်ဖြတ်နိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ကမ္ဘာ့ဘောလုံးလောက၏ ပွဲအများဆုံးဂင်းနစ်စံချိန်အား ၎င်းတို့၏ ပရော်ဖက်ရှင်နယ်အဆင့် ပွဲစဉ်အားလုံးကို တွက်ချက်ခဲ့ခြင်းဖြစ်၍ ဂိုးသမားဟောင်း ပီတာရှီတန်သည် အင်္ဂလန်လက်ရွေးစင်အသင်းအတွက် ယှဉ်ပြိုင်ကစားခဲ့သည့် ပွဲအရေအတွက်အပြင် အင်္ဂလန်ယူ-၂၃ အသင်းအတွက် ကစားခဲ့သည့် ပွဲအရေအတွက်များပါ ပါဝင်နေသော်လည်း ဖာဘီယိုကမူ ဘရာဇီးလက်ရွေးစင်အသင်းအတွက် တစ်ပွဲမျှ ပါဝင်ကစားခဲ့ဖူးခြင်းမရှိကြောင်း သိရသည်။

အသက် ၄၄ နှစ်အရွယ် ဂိုးသမား ဖာဘီယိုသည် ၎င်း၏ပရော်ဖက်ရှင်နယ်ကစားသမားဘဝ ၂၈ နှစ်အတွင်း ယူနီယိုဘန်ဒိုင်ရန်တီအသင်းတွင် ပွဲပေါင်း ၃၀၊ ဗာစကိုဒါဂါးမားအသင်းတွင် ပွဲပေါင်း ၁၅၀၊ ခရူဇီယိုအသင်းတွင် ပွဲပေါင်း ၉၇၆ ပွဲ၊ လက်ရှိ ဖလူမင်နိစ်အသင်းတွင် ပွဲပေါင်း ၂၃၅ ပွဲ ပါဝင်ကစားထားကြောင်း သိရသည်။ *Ref; Fotmob*

# ရိုးမားအသင်းက အက်စတွန်ဗီလာအသင်း တောင်ပံကစားသမားဘိုင်လေကို တစ်ရာသီအငှားစာချုပ်ဖြင့်ခေါ်ယူ

ရောမ ဩဂုတ် ၂၁

စီးရီးအေကလပ် ရိုးမားအသင်းသည် အက်စတွန်ဗီလာအသင်း တောင်ပံကစားသမား ဘိုင်လေကို တစ်ရာသီအငှားစာချုပ်ဖြင့်ခေါ်ယူခဲ့ကြောင်း သိရသည်။

ရိုးမားအသင်းသည် အက်စတွန်ဗီလာအသင်း တောင်ပံကစားသမား ဘိုင်လေကို တစ်ရာသီအငှားစာချုပ်ဖြင့်ခေါ်ယူခဲ့ပြီး ၂၀၂၆ ခုနှစ် နွေရာသီတွင် အပြီးသတ်ခေါ်ယူနိုင်မည့် သဘောတူညီချက်လည်း ပါဝင်ခဲ့သည်။

တောင်ပံကစားသမား ဘိုင်လေသည် ၂၀၂၁ ခုနှစ် ဘောလုံးရာသီက လေဗာကူဆင်အသင်းမှ အက်စတွန်ဗီလာအသင်းသို့ ပေါင် ၂၅ သန်းဖြင့် ပြောင်းရွှေ့ရောက်ရှိလာခဲ့ပြီး လက်ရှိအချိန်တွင် အသင်းနှင့် ၂၀၂၇ ခုနှစ်အထိ စာချုပ်ချုပ်ဆိုထားသည်။

ထို့ပြင် အက်စတွန်ဗီလာအသင်း၌ ဘောလုံးရာသီလေးရာသီကြာ ပွဲပေါင်း ၁၄၄ ပွဲကစားထားပြီး ၂၂ ဂိုးသွင်းယူပေးနိုင်ခဲ့သည့် ၎င်း၏ခြေစွမ်းကြောင့် အသင်းကြီးတချို့၏ စိတ်ဝင်စားခြင်းကို ခံခဲ့ရသည်။

သို့သော် ဘိုင်လေသည် ၂၀၂၄-၂၀၂၅ ဘောလုံးရာသီတွင် ၃၈ ပွဲကစားခဲ့ပြီး နှစ်ဂိုးသာသွင်းယူနိုင်ခဲ့ကြောင်း သိရသည်။ *Ref; Fabrizio Romano*

# ဝဇီရာရုပ်ရှင်ရုံ အဆင့်မြှင့်တင်ရေးလုပ်ငန်း ကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

ရန်ကုန်  ဩဂုတ်  ၂၁

ဝဇီရာရုပ်ရှင်ရုံ အဆင့်မြှင့်တင်ရေးလုပ်ငန်းကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ဗိုလ်ချုပ်လမ်းရှိ ဝဇီရာရုပ်ရှင်ရုံ၌ ကျင်းပသည်။

အစည်းအဝေးသို့ ဝဇီရာရုပ်ရှင်ရုံ အဆင့်မြှင့်တင်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်နှင့် လုပ်ငန်းကော်မတီဝင်များ၊ ကာကွယ်ရေးဝန်ကြီးဌာန စစ်အင်ဂျင်နီယာ ညွှန်ကြားရေးမှူးရုံး၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံ ဗိသုကာကောင်စီ၊ ရုပ်ရှင်၊ ဂီတ၊ သဘင်တို့မှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ဝဇီရာရုပ်ရှင်ရုံ အဆင့်မြှင့်တင်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီးက အမှာစကားပြောကြားရာတွင် လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီသုံးခုတို့ကို ဖွဲ့စည်းပြီးဖြစ်ကြောင်း၊ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှာကြားမှုနှင့်အညီ အဆင့်မြှင့်တင်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်သွားစေလိုကြောင်း၊ ရုပ်ရှင်ရုံ၏ရှေးလက်ရာများကို မပျောက်ပျက်စေရန်ပြုပြင်မှုများကိုဆောင်ရွက်ခြင်းဖြင့် နိုင်ငံတကာပွဲများ ဖျော်ဖြေမှုမှတစ်ဆင့် နိုင်ငံ၏ဂုဏ်ကိုပြသနိုင်မည်ဖြစ်ပါကြောင်း၊ ဝဇီရာရုပ်ရှင်ရုံသည်ရှေးဟောင်းလက်ရာအမွေအနှစ်အဆောက်အအုံတစ်ခုဖြစ်ပြီး ရုပ်ရှင်ဇာတ်ကားများပြသနိုင်ရန်၊ ရုပ်ရှင်ရုံအဖြစ်သာမက ဇာတ်သဘင်၊ ဂီတဖျော်ဖြေပွဲများ အသုံးပြုနိုင်ရန်နှင့် လူအများ အပန်းဖြေကြည့်ရှုနိုင်သည့် နေရာတစ်ခုဖြစ်ရန် ပညာရှင်များနှင့် နည်းပညာရှင်များက ဝိုင်းဝန်းထိန်းသိမ်းအကောင်အထည်ဖော်သွားစေလိုကြောင်း။

ဆပ်ကော်မတီများအနေဖြင့် မိမိတို့လုပ်ဆောင်ရမည့် ကဏ္ဍအလိုက် လျာထားချက်များ၊ ပုံစံများ၊ အချိန်ကာလခန့်မှန်းချက်နှင့်ခန့်မှန်းကုန်ကျမည့်ငွေ စသည်ဖြင့် လိုအပ်သည်များကို တွက်ချက်ပြုစုပြီး ပထမအဆင့်အဖြစ် လုပ်ငန်းကော်မတီထံ စက်တင်ဘာလ ဒုတိယပတ်ခန့်တွင် တင်ပြနိုင်ရေးဆောင်ရွက်ပေးကြစေလိုကြောင်း ဆွေးနွေးမှာကြားသည်။

ထို့နောက် တက်ရောက်လာသူများက ဆွေးနွေးတင်ပြကြရာ ဒုတိယဝန်ကြီး ဦးရဲတင့်က ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားခဲ့သည်။

**မြဝတီ**

# မင်္ဂလာဒုံမြို့နယ်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် မိုးစပါး ၁၃၉၉ ဧက ရာနှုန်းပြည့်စိုက်ပျိုးပြီးစီး

ရန်ကုန်  ဩဂုတ်  ၂၁

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် စပါးမျိုးကောင်းမျိုးသန့်တိုးပွားစေရန်နှင့် ဆန်၊ စပါးဖူလုံစေရန် မိုးစပါးလျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိရာ လက်ရှိတွင် မိုးစပါး ၁၃၉၉ ဧက ရာနှုန်းပြည့်စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။



"မင်္ဂလာဒုံမြို့နယ်အတွင်း ဒီနှစ်မိုးသီးနှံစိုက်ပျိုးရာသီမှာ မိုးစပါး ၁၃၉၉ ဧက စိုက်ပျိုးဖို့လျာထားခဲ့တာ လက်ရှိမှာ ရာနှုန်းပြည့်စိုက်ပျိုးပြီးစီးပါပြီ။ စိုက်ပျိုးခဲ့တဲ့စပါးအမျိုးအစားတွေက ပေါ်ဆန်းရင် ၄၅၂ ဧက၊ ဆင်းသုခ ၅၉၄ ဧက၊ အောင်နိုင်တိုး ၁၅ ဧက၊ ရက် ၉၀ စပါး ၂၂၃ ဧကနဲ့ ထိုင်းနံ့ကောက် ၁၁၅ ဧက စုစုပေါင်း ၁၃၉၉ ဧက ဖြစ်ပါတယ်။ လျာထားဧကပြည့်မီကျော်လွန်အောင်စိုက်ပျိုးနိုင်ဖို့ ကြိုးစားဆောင်ရွက်ခဲ့ပါတယ်" ဟု မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးထွေးအောင်ကပြောသည်။

ယခင်နှစ် မိုးစပါးစိုက်ပျိုးရာသီက မင်္ဂလာဒုံမြို့နယ်အတွင်း မိုးစပါး ၁၃၉၉ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး တစ်ဧကလျှင် ပျမ်းမျှ ၇၈ ဒသမ ၃၁ တင်းခန့်ထွက်ရှိကြောင်း၊ ယခုနှစ်တွင်လည်း ပေါ်ဆန်းရင်၊ ဆင်းသုခ၊ အောင်နိုင်တိုး၊ ရက် ၉၀ စပါး၊ ထိုင်းနံ့ကောက်စပါးမျိုးများကို အဓိကစိုက်ပျိုးခဲ့ပြီး ပေါင်ပျိုးစနစ်ဖြင့် ၆၈ ဧက၊ ရိုးရိုးပျိုးထောင်စနစ်ဖြင့် ၆၈၅ ဧက၊ မျိုးစေ့ချကိရိယာဖြင့် ၄၉၄ ဧက၊ တိုက်ရိုက်မျိုးစေ့ချစနစ်ဖြင့် ၁၅၂ ဧက စုစုပေါင်း ၁၃၉၉ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

**မင်းသိန်းထွန်း**

# ပွင့်ဖြူမြို့နယ်၌ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှုအခမ်းအနားကျင်းပ

ပွင့်ဖြူ  ဩဂုတ်  ၂၁

မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ကြီးမှူး၍ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှုအခမ်းအနားကို ယနေ့တွင် ပွင့်ဖြူမြို့ အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။


ရှေးဦးစွာ ပွင့်ဖြူမြို့ အမှတ်(၂) အခြေခံပညာမူလတန်းလွန်ကျောင်းမှ ကျောင်းသား၊ကျောင်းသူများကတေးသီချင်းဖြင့် သီဆိုဖျော်ဖြေ၍ အခမ်းအနားကို ဖွင့်လှစ်ကြပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးလင်းလင်းအောင်က ကျောင်းသား၊ ကျောင်းသူများ ဗဟုသုတဖွံ့ဖြိုးရေး၊ စာပေအသိပညာကြွယ်ဝရေးနှင့်ပတ်သက်၍ အမှာစကားပြောကြားသည်။

ဆက်လက်၍ ပွင့်ဖြူမြို့နယ် အခြေခံပညာအလယ်တန်းကျောင်းခွဲ (ဝါတပ်ကျောင်း)မှ ကျောင်းသား၊ ကျောင်းသူများက ပညာဘဏ်တိုက်စာကြည့်တိုက်သီချင်းဖြင့် သီဆိုဖျော်ဖြေခဲ့ကြပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးလင်းလင်းအောင်နှင့်တာဝန်ရှိသူများက ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု အခမ်းအနားတွင် အထူးအစီအစဉ်တစ်ရပ်အဖြစ် ထည့်သွင်းကျင်းပသော အမြဲမပြတ်လေ့လာသင်ယူရေးစကားဝိုင်း(Never Stop Learning Talk Show)တွင် စာရေးဆရာ တက္ကသိုလ်ဘုန်းနိုင်ရေးသားသော မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးကိုဖော်ကျူးသည့် သူ့ကျွန်မခံပြီ စာအုပ်အား ပါဝင်ဆွေးနွေးခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများနှင့် အခြေခံပညာအလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင်ဆုရသည့် ကျောင်းသား၊ ကျောင်းသူများကို တစ်ဦးချင်းဂုဏ်ပြုဆုများ ချီးမြှင့်ပေးအပ်သည်။

ထို့နောက် ပွင့်ဖြူမြို့ အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက ဇာတိမာန်သီချင်းဖြင့် သီဆိုဖျော်ဖြေ၍ တာဝန်ရှိသူများက ဆုရရှိသူများနှင့်အမှတ်တရစုပေါင်းဓာတ်ပုံရိုက်ကူးခဲ့ကြသည်။

ယင်းနောက် တက်ရောက်လာကြသူများက ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော လုပသာယာပြည်မြန်မာရောင်စုံဓာတ်ပုံပြခန်း၊ စာအုပ်စာစောင်ပြခန်းနှင့် အသိပညာပေးလှုပ်ရှားမှုနှံရုံကပ်စာစောင်များကို ကြည့်ရှုလေ့လာကြကြောင်း သိရသည်။

**လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**




# ကော့မှူးမြို့နယ် အခြေခံပညာအထက်တန်းကျောင်း (ထန်းမနိုင်)၌ မြန်မာမုန့်လုပ်နည်းသင်တန်းဖွင့်လှစ်

ရန်ကုန်  ဩဂုတ်  ၂၁

ရန်ကုန်တိုင်းဒေသကြီး တွံတေးခရိုင် အမျိုးသမီးရေးရာအဖွဲ့နှင့် ကော့မှူးမြို့နယ် အမျိုးသမီးရေးရာအဖွဲ့တို့ပူးပေါင်း၍ ကော့မှူးမြို့နယ် အခြေခံပညာအထက်တန်းကျောင်း(ထန်းမနိုင်)၌ မြန်မာမုန့်လုပ်နည်းသင်တန်းဖွင့်ပွဲအခမ်းအနားကို ဩဂုတ်လ ၂၀ ရက်က ကျင်းပသည်။

ရှေးဦးစွာ တွံတေးခရိုင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဇာဇာယမင်းဦးက အဖွင့်အမှာစကား ပြောကြားရာတွင် သင်တန်းသူများအနေဖြင့် အိမ်တွင်းမုန့်လုပ်နည်းပညာရပ်ကို လေ့လာနိုင်စေရန်နှင့်ကျွမ်းကျင်တတ်မြောက်ပါက လက်တွေ့နယ်ပယ်တွင် အသက်မွေးဝမ်းကျောင်းစီးပွားရေးလုပ်ငန်း လုပ်ကိုင်နိုင်စေရန် ရည်ရွယ်၍ မုန့်လုပ်နည်းသင်တန်းဖွင့်လှစ်ပေးခြင်း၏ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး သင်တန်းဆရာမ ဒေါ်ခိုင်နွယ်ဦးက ကောက်လန်းတီမုန့်ပြုလုပ်နည်း၊ ထန်းသီးမုန့်ပြုလုပ်နည်းတို့ကို စာတွေ့လက်တွေ့ သင်ကြားပို့ချပေးသည်။

အခမ်းအနားသို့ တွံတေးခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဇာဇာယမင်းဦး၊ ကော့မှူးမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ချိုမျိုးထိုက်နှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆရာမများနှင့် သင်တန်းသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ကျော်သူရ(ကော့မှူး)**

# တောင်ကြီးမြို့၌ လူသုံးကုန် အလှကုန်နှင့် တန်ဖိုးမြှင့်စားသောက်ကုန်ထုတ်လုပ်မှုနည်းပညာသင်တန်းဖွင့်

တောင်ကြီး ဩဂုတ် ၂၁

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ မြို့မရပ်ကွက်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ ဩဂုတ်လ ၂၁ ရက်တွင် ရှမ်းပြည်နယ် ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရေးလုပ်ငန်းကော်မတီမှဖွင့်လှစ်သည့် လူသုံးကုန်၊ အလှကုန်နှင့် တန်ဖိုးမြှင့်စားသောက်ကုန်ထုတ်လုပ်မှုနည်းပညာသင်တန်းဖွင့်ပွဲ ကျင်းပကြောင်း သိရသည်။

ရှေးဦးစွာ ရှမ်းပြည်နယ် ကလေးအလုပ်သမားပပျောက်ရေးကော်မတီနာယက ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်က အကြောင်းအမျိုးမျိုးကြောင့် ကျောင်းပြင်ပတွင်ရောက်ရှိနေသည့် အသက် ၁၆ နှစ်နှင့် ၁၈ နှစ်အောက် လူငယ်များကို မိမိဘဝရပ်တည်နိုင်ရန်၊ မိသားစုဝင်ငွေတိုးတက်စေရန်၊ ကလေးအလုပ်သမားပပျောက်စေရန်ရည်ရွယ်၍ ယခုကဲ့သို့ သင်တန်းများဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်နှင့် တာဝန်ရှိသူများက သင်တန်းနှစ်မျိုးအတွက် စားစရိတ်နှင့် သင်တန်းသုံး ကုန်ကြမ်းပစ္စည်းများ ပေးအပ်ရာ တာဝန်ရှိသူများက အသီးသီးလက်ခံရယူသည်။ ထို့နောက် တာဝန်ရှိသူများက သင်တန်းသားများအား ပေးအပ်မည့်သင်တန်းသုံးကုန်ကြမ်းပစ္စည်းများကို လှည့်လည်ကြည့်ရှုကြကြောင်း သိရသည်။

အဆိုပါ လူသုံးကုန်၊ အလှကုန်နှင့် တန်ဖိုးမြှင့်စားသောက်ကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ခွင့်ပြုငွေဖြင့် ရှမ်းပြည်နယ်ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရေးလုပ်ငန်းကော်မတီမှ သင်တန်းတစ်ခုလျှင် သင်တန်းသား ၃၀ ဦးစီဖြင့် သင်တန်းသား၊ သင်တန်းသူ စုစုပေါင်း ၆၀ ဦးတို့ကို စာတွေ့လက်တွေ့ သင်ကြားပို့ချပေးလျက်ရှိကြောင်း သိရသည်။ (၅၀၅)



# ကော့မှူးမြို့နယ် အခြေခံပညာအထက်တန်းကျောင်း(ထန်းမနိုင်)၌ ကျန်းမာရေးအသိပညာပေးဟောပြောပွဲကျင်းပ



ရန်ကုန် ဩဂုတ် ၂၁

ကျောင်းသား၊ ကျောင်းသူများ ကျန်းမာပျော်ရွှင်စွာ ပညာသင်ကြားနိုင်ရေး ကျန်းမာရေးအသိပညာပေးဟောပြောပွဲကို ဩဂုတ်လ ၂၁ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး တွံတေးခရိုင် ကော့မှူးမြို့နယ် အခြေခံပညာ အထက်တန်းကျောင်း (ထန်းမနိုင်)၌ ကျင်းပသည်။

အဆိုပါ အသိပညာပေးဟောပြောပွဲတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာသန်းဌေးက ယခုအခါ မိုးရာသီကာလဖြစ်၍ မိုးရွာသွန်းမှုနှင့်အတူ သွေးလွန်တုပ်ကွေးရောဂါသည် တချို့ဒေသများတွင် ဖြစ်ပွားမှုများရှိနေကြောင်း၊ သွေးလွန်တုပ်ကွေးရောဂါသည် ခြင်ကျား အကိုက်ခံရခြင်းမှတစ်ဆင့် ဖြစ်ပွားခြင်းဖြစ်ကြောင်း၊ ခြင်ကျားသည် ရေကြည်ရေသန့်တွင်ပေါက်ပွားပြီး နေ့ဘက်တွင်ကိုက်ခြင်းဖြစ်ရာ ကျောင်းပတ်ဝန်းကျင်သန့်ရှင်းရန်လိုအပ်သကဲ့သို့ ခြင်များ မခိုအောင်းနိုင်စေရန် ကျောင်းပတ်ဝန်းကျင်သန့်ရှင်းမှုရှိအောင် ရှင်းလင်းရမည်ဖြစ်ကြောင်း၊ ရေကောင်း ရေသန့်ရရှိရေးသည်လည်း အရေးကြီးကြောင်း၊ မသန့်ရှင်းသောရေနှင့် အစားအစာများကို စားသောက်မိရာမှတစ်ဆင့် ပြင်းထန်ဝမ်းပျက်၊ ဝမ်းလျှောရောဂါဖြစ်ပွားနိုင်ကြောင်း၊ ရောဂါဖြစ်ပွားလေ့ရှိသည့် အချိန်ကာလများ၊ ကြိုတင်ကာကွယ်နိုင်သောနည်းလမ်းများ၊ ဆောင်ရန်၊ ရှောင်ရန် အချက်များကို အသိပညာပေးဟောပြောသည်။

ထို့နောက် ကျောင်းသား၊ ကျောင်းသူများ၏သိရှိလိုသည့် မေးမြန်းမှုများကို ဒေါက်တာသန်းဌေးက ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။ ဆက်လက်၍ တာဝန်ရှိသူများက ကျောင်းမုန့်ဈေးတန်းများ သန့်ရှင်းရေးနှင့် ကျောင်းမုန့်ဈေးတန်းတွင် ရောင်းချလျက်ရှိသော ဈေးဆိုင်များအား စားသုံးရန်မသင့်သည့် အစားအစာများ ရောင်းချမှုမရှိစေရေး ကွင်းဆင်းစစ်ဆေးကြသည်။

အဆိုပါ အသိပညာပေးဟောပြောပွဲသို့ တွံတေးခရိုင် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ဇာဇာယမင်းဦးနှင့် တာဝန်ရှိသူများ၊ ကျောင်းသား၊ ကျောင်းသူ ၁၂၀ ဦးခန့် တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **ကျော်သူရ(ကော့မှူး)**

# ယခုဘဏ္ဍာနှစ် ဧပြီလ ၁ ရက်မှ ဇူလိုင်လ ၃၁ ရက်အထိ ပြည်ပသို့ ရေထွက်ကုန်တန်ချိန် ၁၁၀၀၀၀ ကျော်တင်ပို့ထား

ရန်ကုန် ဩဂုတ် ၂၁

ယခုဘဏ္ဍာနှစ် ဧပြီလ ၁ ရက်မှ ဇူလိုင်လ ၃၁ ရက်အထိ လေးလတာကာလအတွင်း ပြည်ပသို့ ရေထွက်ကုန်တန်ချိန် ၁၁၀၀၀၀ ကျော် တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ သန်း ၁၇၀ ကျော်ဖိုး တင်ပို့ထားကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာနမှ သိရသည်။

ထိုသို့တင်ပို့ရာတွင် ငါးတန်ချိန် ၈၁၀၆၄ တန် တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၉၆ သန်းကျော်၊ ပုစွန်တန်ချိန် ၂၆၀၀ ကျော် တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ခုနစ်သန်းကျော်နှင့် တခြားရေထွက်ကုန်တန်ချိန် ၃၂၀၀၀ ကျော် တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၆၆ သန်းကျော် စုစုပေါင်း ရေထွက်ကုန်တန်ချိန် ၁၁၀၀၀၀ ကျော် တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ သန်း ၁၇၀ ကျော်ဖိုး တင်ပို့ထားပြီးဖြစ်သည်။

"ပြည်တွင်းမှာ ရေထွက်ကုန်တွေကို ပြုပြင်တဲ့စက်ရုံ ၁၄၀ လောက်ရှိပြီး ဒေသခံပြည်သူတွေကို အလုပ်အကိုင်အခွင့်အလမ်းတွေ များစွာဖန်တီးပေးထားနိုင်ပါတယ်။ အဲဒီစက်ရုံတွေကနေ ပြည်တွင်းကရရှိတဲ့ ရေထွက်ကုန်တွေကို အရှင်အတိုင်းဖြစ်စေ၊ အေးခဲပြီးဖြစ်စေ၊ ရေခဲရိုက်ပြီးဖြစ်စေ၊ ငါးခြောက်၊ ငါးဆားနယ်ပြုလုပ်ပြီးဖြစ်စေ ပြည်ပနိုင်ငံတွေကို တင်ပို့လျက်ရှိပါတယ်"ဟု ငါးလုပ်ငန်းဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

ပြည်တွင်းမှထွက်ရှိသော ရေထွက်ကုန်များကို ပြည်ပနိုင်ငံများသို့ ရေကြောင်း၊ လေကြောင်းတို့ဖြင့် တင်ပို့လျက်ရှိသည့်အပြင် နယ်စပ်ကုန်သွယ်ရေးစခန်းတချို့မှလည်း အိမ်နီးချင်းနိုင်ငံများသို့ တင်ပို့လျက်ရှိသည်။

ထိုသို့ မြန်မာ့ရေထွက်ကုန်များကို ပြည်ပသို့တင်ပို့ရာတွင် ငါးအုပ်စု၊ ပုစွန်အုပ်စုနှင့် ငါး၊ ပုစွန်မဟုတ်သော တခြားရေထွက်ကုန်အုပ်စုဟူ၍ အဓိက အုပ်စုသုံးခုခွဲကာ တရုတ်၊ ဂျပန်၊ အာဆီယံနိုင်ငံများ၊ အရှေ့အလယ်ပိုင်းဒေသနိုင်ငံများနှင့် ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများအပါအဝင် စုစုပေါင်းနိုင်ငံ ၄၀ ကျော်သို့ တင်ပို့လျက်ရှိကြောင်း သိရသည်။

**ဆောင်းဦး**




မြဝတီဘဏ်လီမိတက်
MYAWADDY BANK LIMITED
လုံခြုံစိတ်ချရသော ဆောင်ရွက်မြန်မှန်
မြဝတီဘဏ်
Card Services
Individual Debit Card/ Credit Card
Corporate Debit Card
Automated Teller Machine Services
Point of Sales Services
Online Payment/ Tax Payment Via E-commerce
MPU
UnionPay
Phone No :
(01) 2301367, 2301368,
(01) 2301452, 2301378


ဗန္ဓုလသယ်ယူပို့ဆောင်ရေးကုမ္ပဏီလီမိတက်
ရန်ကုန် - နေပြည်တော် - တောင်ကြီး - မုံရွာ - မန္တလေး - ပြင်ဦးလွင် - ကျောက်ပန်းတောင်း - ချောက် - ဆိပ်ဖြူ - ပုဂံ(ညောင်ဦး) - ပခုက္ကူ
မကွေး - မိတ္ထီလာ - မြင်းခြံ - ပုသိမ် - မော်လမြိုင် - သံဖြူဇရပ် - ကျိုက္ကမီ - တောင်ငူ - ဆွာ - ရေနီ - ပဲခူး - ညောင်လေးပင် - ဘားအံ - မြဝတီ
ပါရမီ(YBS)
09-459448201
ရွှေမန်းသူ
09-254781060
မန္တလေးအခြေစိုက်
09-426500153
တော်ဝင်
09-423333250
ပါရမီတက္ကစီ
01-3643641
ကုန်စည်
09-440619258
ဘေးကင်း လုံခြုံစိတ်ချ တာဝန်ယူမှုပြည့်ဝသော ခရီးသွားဝန်ဆောင်မှု မြို့တွင်း/ မြို့ပြင် ဘုရားဖူးခရီးစဉ်များ ငှားရမ်းပေးလျက်ရှိပါသည်။


အရည်အသွေးမြင့် စားသောက်ကုန်များ အပါအဝင် ထုတ်ကုန်ပစ္စည်း အမျိုးမျိုးကို
ပိတ်ရက်မရှိ လက်လီလက်ကား ဝယ်ယူရရှိနိုင်ပါသည်။
STARMART nine mile Showroom - ၉-မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART - မဂ်လာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART Mandalay Wholesale - ၂၆ လမ်း နှင့် ၆၆ လမ်းထောင့် မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
STARMART nine mile Showroom
TRISTAR
SUGARMEC
PYIN OO LWIN NAN MYAING
Lemon Tea
LIFE
DENTOMEC


"အေးမြကြည်လင် စိတ်ပျော်ရွှင် ကျန်းမာလန်းဆန်း နေပြည်တော်သောက်ရေသန့်အစွမ်း"
NAY PYI TAW
NAYPYITAW
နေပြည်တော်သောက်ရေသန့်စက်ရုံ
ရာဇဌာနီလမ်းမကြီး၊ ပုဗ္ဗသီရိမြို့နယ်၊
ဖုန်း - ၀၉ ၆၇၀၇၀၀၀၀၁၊ ၀၉ ၆၆၆၁၁၈၆၄၆
STARMART Nay Pyi Taw
ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊
ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
STARMART nine mile Showroom
(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊
ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART
မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊
ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale
၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊
ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄

❖ အနာဂတ်နိုင်ငံရေးတွင် ပညာတတ်မြောက်ခြင်း၊ မတတ်မြောက်ခြင်းသည် နိုင်ငံရေးတည်ငြိမ်မှု အပေါ်တွင် သက်ရောက်မှုရှိသည်ကိုတွေ့ရှိရ . . .

❖ မိမိတို့အနေဖြင့် အတန်းပညာအားနည်းခဲ့သူများကို ပစ်ထား၍ရမည်မဟုတ်ဘဲ ကျောင်းပြင်ပ ပညာရေးနှင့် ဗဟုသုတရှာမှီးရေးအတွက် စာကြည့်တိုက်များ ဒေသအလိုက်ပြုလုပ်ပေးခြင်း၊ စာကြည့် တိုက်လုပ်ငန်းများကိုအားပေးခြင်း၊ စာဖတ်ဝိုင်းများစီစဉ်ပေးခြင်းစသည့် ကျောင်းပြင်ပပညာရေးဖြင့် အားပေးဆောင်ရွက်ရမည်ဖြစ် . . .

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ မတ်လ ၂၅ ရက်နေ့တွင် ပြုလုပ်သော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေးသို့ တက်ရောက်အမှာစကား ပြောကြားမှုမှကောက်နုတ်ချက်)

❖ နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

## အိန္ဒိယက မိုင် ၃၁၀၀ အထိ ပျံသန်းတိုက်ခိုက်နိုင်သည့် နျူကလီးယား ထိပ်ဖူးတပ်ဒုံးကျည်ကို အောင်မြင်စွာစမ်းသပ်

စာ - ၂၂ သို့

## ရုရှားရဲ့ နျူကလီးယား စွမ်းအင်သုံး ရေခဲခွဲသင်္ဘောက ကမ္ဘာ့ပထမဆုံးအဖြစ် အမျိုးသမီးရေယာဉ်မှူးကို ခန့်အပ်တာဝန်ပေး

စာ - ၂၂ သို့

# (၁၉)ကြိမ်မြောက် အရှေ့တောင်အာရှကာယဗလနှင့်ကာယကြံ့ခိုင်မှုအားကစားပြိုင်ပွဲတွင် မြန်မာ့လက်ရွေးစင်အားကစားသမားများ Champion of Champion Overall Champion ဆုဖလားနှင့် ရွှေလေးခု၊ ငွေနှစ်ခု၊ ကြေးသုံးခုဆွတ်ခူးရရှိထား

**ရန်ကုန် ဩဂုတ် ၂၁**

ထိုင်းနိုင်ငံ ဘန်ကောက်မြို့၌ ၂၀၂၅ ခုနှစ် ဩဂုတ်လ ၁၈ ရက်မှ ၂၅ ရက်အထိကျင်းပ လျက်ရှိသည့် (၁၉)ကြိမ်မြောက် အရှေ့တောင်အာရှကာယဗလနှင့်ကာယကြံ့ခိုင်မှုအားကစားပြိုင်ပွဲတွင် မြန်မာ့လက်ရွေးစင် ကာယဗလအားကစားသမားများက Champion of Champion Overall Champion ဆုဖလားနှင့်ရွှေလေးခု၊ ငွေနှစ်ခု၊ ကြေးသုံးခု ဆွတ်ခူးရရှိထားကြောင်း သိရသည်။

အဆိုပါ (၁၉)ကြိမ်မြောက် အရှေ့တောင်အာရှ ကာယဗလနှင့်ကာယကြံ့ခိုင်မှု

စာမျက်နှာ ၁၆ ကော်လံ ၄ ➤




# ၂၀၂၅ အာဆီယံအမျိုးသမီးချန်ပီယံရှစ်ဘောလုံးပြိုင်ပွဲတွင် ငွေတံဆိပ်ဆုရရှိခဲ့သည့် မြန်မာအမျိုးသမီးလက်ရွေးစင်အသင်းအား သောင်းသောင်းဖြဖြကြိုဆို

**ရန်ကုန် ဩဂုတ် ၂၁**

ဗီယက်နမ်နိုင်ငံ၌ ဩဂုတ်လ ၆ ရက်မှ ၁၉ ရက်အထိကျင်းပခဲ့သည့် ၂၀၂၅ အာဆီယံ အမျိုးသမီးချန်ပီယံရှစ်ဘောလုံးပြိုင်ပွဲတွင် ငွေတံဆိပ်ဆုရရှိခဲ့သည့် မြန်မာအမျိုးသမီး လက်ရွေးစင်အသင်းသည် ယမန်နေ့ညပိုင်း က ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြ သည်။

မြန်မာအမျိုးသမီးလက်ရွေးစင်အသင်း အား ရန်ကုန်တိုင်းဒေသကြီးအားကစားနှင့် ကာယပညာကော်မတီနာယက ရန်ကုန် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊

စာမျက်နှာ ၁၇ ကော်လံ ၁ ◆



## တန့်ယန်းမြို့နယ်နှင့် သာစည်မြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

စာ - ၂၄ သို့

၂၁-၈-၂၀၂၅

### မှတ်သားဖွယ်ရာ မိုးရေချိန်များ

| | | | | |
|---|---|---|---|---|
| စစ်တွေ | ၄ | ဒသမ | ၀၆ | လက်မ |
| ခန္တီး | ၃ | ဒသမ | ၉၀ | လက်မ |
| သာယာဝတီ | ၂ | ဒသမ | ၈၇ | လက်မ |
| ဒေးဒရဲ | ၂ | ဒသမ | ၀၄ | လက်မ |
| ကွမ်းခြံကုန်း | ၂ | ဒသမ | ၀၁ | လက်မ |
| မိုးကောင်း | ၁ | ဒသမ | ၉၇ | လက်မ |
| ဂန့်ဂေါ | ၁ | ဒသမ | ၈၆ | လက်မ |
| လှည်းကူး | ၁ | ဒသမ | ၆၅ | လက်မ |
| မြစ်ကြီးနား | ၁ | ဒသမ | ၅၀ | လက်မ |
| ဓနုဖြူ | ၁ | ဒသမ | ၄၉ | လက်မ |